# ကျောင်းသုံးစာအုပ်မိတ်ဆက်

ဤအတန်းတွင် မြန်မာစာဘာသာရပ်အကြောင်းနှင့် ယင်းဘာသာရပ်ကို လက်တွေ့ဘဝတွင် အသုံးချပုံများကို ပိုမိုနားလည်နိုင်စေမည့် အသိပညာ၊ ကျွမ်းကျင်မှုအသစ်များ ဖွံ့ဖြိုးလာရန် ဆရာ၏ လမ်းညွှန်ချက်ဖြင့် အတန်းဖော်များနှင့်အတူ အဖွဲ့လိုက်လုပ်ငန်းများ လုပ်ဆောင်သင်ယူမည်။ ထို့ပြင် ပြဿနာအခက်အခဲများကို ဖြေရှင်းတတ်ရန်နှင့် စဉ်းစားတွေးခေါ်ဖန်တီးတတ်ရန် လေ့လာသင်ယူမည်။ အချို့စာသင်ချိန်များတွင် အဖွဲ့လိုက်လုပ်ဆောင်ကြပြီး အချို့စာသင်ချိန်များတွင် အတန်းလိုက် သို့မဟုတ် တစ်ဦးချင်း လေ့လာသင်ယူကြမည်ဖြစ်သည်။

## သင်ယူရမည့်အကြောင်းအရာ

ဤသတ္တမတန်းမြန်မာစာဘာသာရပ် ကျောင်းသုံးစာအုပ်တွင် အောက်ပါအဓိကအကြောင်းအရာများ ပါဝင်သည်။

### အပိုင်း–၁

### ကဗျာ၊ စကားပြေ၊ အသုံးချဘာသာစကား

စဉ် အမျိုးအစား

၁။ ကဗျာ

၂။ စကားပြေ

(၁) သုတရသစကားပြေ

(၂) ဝတ္ထု

(၃) ပြဇာတ်

(၄) ရသစာတမ်း

၃။ အသုံးချဘာသာစကား (တိုင်းရင်းသားစကားပုံ)

### အပိုင်း–၂

### မြန်မာသဒ္ဒါ

စဉ် အမျိုးအစား

၁။ အထူးပြုအစု

(၁) နာမ်အထူးပြု

(၂) ကြိယာအထူးပြု

၂။ ဝါကျရိုး

DBE BOX

## သင်ယူကြရမည့်နည်းလမ်းများ

သင်ခန်းစာအားလုံးတွင် တက်ကြွစွာပါဝင်သင်ယူနိုင်ရန် အထောက်အကူပြုမည့် အရေးပါသော ၂၁ ရာစု ကျွမ်းကျင်မှုများအဖြစ် ဆရာက အသုံးပြုသင်ကြားပေးမည်။

- ❖ **ပူးပေါင်းဆောင်ရွက်ခြင်း**- သင်ခန်းစာများ သင်ယူရာတွင် ကျောင်းသားများသည် အတန်းဖော်များနှင့် အုပ်စုဖွဲ့ပြီး အတွေးအခေါ်များမျှဝေခြင်း၊ အဖြေများအတူရှာဖွေခြင်းတို့ကို လုပ်ဆောင်မည်။
- ❖ **ဆက်သွယ်ပြောဆိုခြင်း**- ဘာသာစကားသင်ခန်းစာများတွင်သာမက ဘာသာရပ်အားလုံးတွင် သင်ခန်းစာများကိုရေးခြင်း၊ ဖတ်ခြင်း၊ ပြောခြင်း၊ နားထောင်ခြင်းနှင့် နှုတ်ဖြင့် ဆက်သွယ်ပြောဆိုခြင်း၊ ကိုယ်အမူအရာဖြင့် ဆက်သွယ်ပြောဆိုခြင်းစသည့် ကျွမ်းကျင်မှုများဖွံ့ဖြိုးလာမည်။
- ❖ **လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့်ပြဿနာဖြေရှင်းခြင်း**- ဖြေရှင်းရန် စိတ်ဝင်စားဖွယ်ပြဿနာများ၏ အဖြေများကို ရှာဖွေခြင်းနှင့် တင်ပြခြင်း၊ အမှားများကို ရှာဖွေခြင်းနှင့်ပြုပြင်ခြင်းတို့ ပြုလုပ်ရလိမ့်မည်။
- ❖ **တီထွင်ဖန်တီးခြင်း**- ဘောင်ခတ်ထားသည့် အခြေအနေထဲမှထွက်၍ တွေးခေါ်ခြင်းသည် အရေးပါသော ၂၁ရာစု ကျွမ်းကျင်မှုတစ်ခုဖြစ်သည်။ အတွေးအခေါ်သစ်များရရှိရန်၊ နည်းလမ်းသစ်များဖြင့်ပြဿနာများဖြေရှင်းရန် ကျောင်းသားများကိုပေးလိမ့်မည်။
- ❖ **နိုင်ငံသားကောင်းဖြစ်ခြင်း** - နိုင်ငံသားကောင်းဖြစ်ရန် ကျောင်းလူမှုအဖွဲ့အစည်းတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်း၊ သဘောထားကွဲလွဲမှုဖြေရှင်းခြင်းစသည်တို့ကို လေ့ကျင့်သင်ယူရမည်။

## စာသင်နှစ်အဆုံးတွင် သိရှိသွားပြီး လုပ်ဆောင်နိုင်မည့်ရလဒ်များ

သတ္တမတန်း၊ မြန်မာစာဘာသာရပ်ကျောင်းသုံးစာအုပ်ကို သင်ယူပြီးသောအခါ ကျောင်းသားများသည် အောက်ပါတို့ကိုလုပ်ဆောင်နိုင်မည်။

သဒ္ဒါကိုသင်ကြားခြင်းဖြင့် အထူးပြုအစုတွင်ပါဝင်သော နာမ်အထူးပြုနှင့် ကြိယာအထူးပြုတို့အား ဝါကျ၌အသုံးပြုပုံကို သိလာမည်။ ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်၊ ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်၊ ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ် ပါဝင်သောဝါကျများကို တည်ဆောက်တတ်လာမည်။ မြန်မာ့လူမှုဆက်သွယ်ရေးတွင် သဒ္ဒါ၏အရေးပါပုံကိုသိရှိ၍ မှန်မှန်ကန်ကန် ပြောတတ်ရေးတတ်လာမည်။

မိမိတို့သိရှိလိုသော ဝေါဟာရများ၏ အနက်အဓိပ္ပာယ်တို့ကို အဘိဓာန်တွင် ရှာဖွေတတ်လာမည်။ အဘိဓာန်ကို အသုံးပြုတတ်လာမည်။

ကဗျာကိုသင်ကြားခြင်းဖြင့် ကဗျာများကို အဖြတ်အတောက်မှန်စွာ ရွတ်ဆိုတတ်လာမည်။ ကဗျာမှအသံ၏အရသာကို ခံစားနှစ်သက်တတ်လာမည်။ ကဗျာအကြောင်းအရာကိုခံစား၍ စဉ်းစားဆင်ခြင်တတ်လာမည်။ ကဗျာကိုရွတ်ကာ ကဗျာအကြောင်းအရာကို ရှင်းပြနိုင်လာမည်။ ကဗျာအကြောင်းအရာကို မိမိစကားဖြင့် စကားပြေပြန်ရေးတတ်လာမည်။ ကဗျာစပ်ဆိုရာ၌ ကာရန်ယူပုံသဘောကို သိမြင်တတ်မြောက်လာမည်။

သုတစကားပြေနှင့် အသုံးချဘာသာစကားဖြစ်သည့် တိုင်းရင်းသားစကားပုံတို့ကို ဖတ်ရှုခြင်းဖြင့် မှတ်သားစရာဗဟုသုတများကို ရှာဖွေမှတ်ယူတတ်လာမည်။ သုတ၏တန်ဖိုးကို သိလာမည်။ လက်တွေ့ဘဝတွင် အသုံးချနိုင်လာမည်။

သုတရသစကားပြေဖြစ်သည့် အတ္ထုပ္ပတ္တိများကိုဖတ်ရှုခြင်းဖြင့် အတ္ထုပ္ပတ္တိရှင်များ၏ ဘဝအတွေ့အကြုံများနှင့် ကြိုးစားအားထုတ်မှုများကို ဗဟုသုတအဖြစ်သာမက အတုယူအားကျစိတ်များဖြစ်ပေါ်ပြီး ကိုယ်တိုင် အတ္ထုပ္ပတ္တိ ရေးသားတတ်မည်။

ခရီးသွားဆောင်းပါးများကိုဖတ်ရှုခြင်းဖြင့် သဘာဝပတ်ဝန်းကျင်၊ ရိုးရာဓလေ့တို့ကို ဗဟုသုတအဖြစ်သာမက သဘာဝရှုခင်းအလှအပများ၊ အံ့သြဖွယ်ရာများကိုသိရှိခံစားရေးဖွဲ့နိုင်မည်။

ပေးစာဆောင်းပါးကိုဖတ်ရှုခြင်းဖြင့် ပေးစာတွင်ပါဝင်သော ရိုးရာယဉ်ကျေးမှုကို ဗဟုသုတအဖြစ်သာမက ကြည်နူးမှုကိုလည်း ခံစားသိမြင်လာမည်။ ပေးစာ၏သဘောသဘာဝကိုသိရှိလာမည်။

ရသစကားပြေများ (ဝတ္ထု၊ ပြဇာတ်၊ ရသစာတမ်း) ကို ဖတ်ရှုခြင်းအားဖြင့် ခံစားမှုများကို သဘာဝကျကျ၊ မှန်မှန်ကန်ကန်ခံစားတတ်လာမည်။ ခံစားမှုများမှတစ်ဆင့် စဉ်းစားဆင်ခြင်တတ်လာမည်။ အမှားအမှန်ကို ဆုံးဖြတ်နိုင်လာမည်။ ရရှိသောအသိတရား၊ သင်ခန်းစာများကို လက်တွေ့ဘဝတွင် အသုံးချတတ်လာမည်။

DBE BOX

ဤကျောင်းသုံးစာအုပ်တွင် ကျောင်းသားများ၏ လေ့လာသင်ယူမှုများကို ကူညီလမ်းညွှန်ပေးမည့် အောက်ပါကဲ့သို့သော သင်္ကေတများကို တွေ့ရလိမ့်မည်။

| | |
|---|---|
| ဖတ်ပါ | အိုင်စီတီ/အင်တာနက်ချိတ်ပါ |
| ရေးပါ | သူငယ်ချင်းတွေကိုပြောပြပါ |
| နားထောင်ပါ | ဆွေးနွေးပါ |
| စဉ်းစားပါ | (မိမိအမြင်) ရွေးချယ်နိုင်သောသင်ခန်းစာ/လေ့ကျင့်ခန်း |
| စဉ်းစားပြီးရေးပါ | အိမ်စာ |
| ရှာဖွေပါ | နှိုင်းယှဉ်ပါ/ယှဉ်တွဲပါ |

အောက်ပါကဲ့သို့ လေးထောင့်ကွက်များကလည်း ကျောင်းသားများ၏ လေ့လာသင်ယူမှုများကို ကူညီလမ်းညွှန်ပေးပါမည်။

| အဓိကအချက်များ | သင်သိခဲ့သောအချက်များ | အံ့သြဖွယ်အချက်များ | အကြံပြုချက်များ |
|---|---|---|---|
| • ---- | • ---- | • ---- | • ---- |
| • ---- | • ---- | • ---- | • ---- |

DBE BOX

# အပိုင်း–၁
# ကဗျာ၊ စကားပြေ၊ အသုံးချဘာသာစကား

## ၁။ ဖြောသံ (ကဗျာ)

အောက်ပါကဗျာကို ဆရာက ရွတ်ဆိုပြသည့်အခါ ကဗျာ၏ ကာရန်နှင့် အသံကို သေချာစွာ နားထောင်ပါ။ မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။



### ဗောဓိရွှေကျောင်း

မြို့လယ်က မဏ္ဍပ်၊
အရပ်မှာတဲ့ကုသိုလ်၊
ကျောင်းကြီး အိုအို။
လက်ရန်းငယ်ပြို၊
ရှင်လူပျိုတည်း တဲ့၊
ကျောင်းစိုလို့ ရွှဲ။ ။

အရှေ့ကို လျှောက်ပါလို့၊
အနောက်ကိုတဲ့ မျှော်လိုက်ရင်။
တံခွန်တိုင် ရွှေကုက္ကားနှင့်၊
ဘုရားကိုမြင်။

မမလေးတို့ ပျို့ဦးရင်၊
အဝင် သာပေတောင်း။
ဗောဓိ ရွှေကျောင်း။ ။

သတ္တမတန်း မြန်မာစာ ကျောင်းသုံးစာအုပ်



ရွှေသျှောင်ကို မောင်ထုံးလို့၊
ရွှေကုံးကို ဆင်။
ညနေ မောင်ရင်ဖြစ်တယ်၊
လွမ်းရစ်တော့လေး။ ။
ရွှေစာ အမေပိုက်လို့၊
လိုက်ပါရစေ မောင်လှရယ်။
ကျောင်းတော်ဝိဟာ ဘယ်မလဲကွဲ့၊
လမ်းပြလှည့်ဦး။ ။
စာပလွေ မောင်ထမ်းလို့၊
ကျောင်းလမ်းကိုဝင်။
ဘယ်စာကို သင်မတုံးကွဲ့။
အမေလေး သံချိုနှောလို့၊
ပြောခဲ့ပါဦး။ ။

**၁၉ရာစု အမည်မသိစာဆို**

**ခက်ဆစ်အဖွင့်**

၁။ မဏ္ဍပ် = အလှူ မင်္ဂလာဆောင်စသည် ကျင်းပရာ ယာယီအဆောက်အအုံ။

၂။ ကုသိုလ် = ကောင်းသောအမှု။

၃။ လက်ရန်း = လှေကားစသည်၏ဘေးမှ တပ်ဆင်ထားသော ထိန်းကိုင်စရာတန်း။

၄။ ရှင်လူပျို = မောင်ရင်လောင်း၊ ကိုလူပျို။

၅။ တံခွန်တိုင် = ဘုရားအနီး၊ ကျောင်းအနီးတွင် တံခွန်ချိတ်ဆွဲထားသောတိုင်။

၆။ ကုက္ကား = ဘုရားကိုပူဇော်သော တံခွန်တစ်မျိုး။

၇။ ဦးရင် = ယောကျ်ားတစ်ဦးကို ချစ်ခင်လေးစားသဖြင့်(အရွယ်ကိုလိုက်၍ မောင်ရင်၊ ကိုရင်၊ ဦးရင်စသည်ဖြင့်) ခေါ်သောအမည်။

၈။ သာပေတောင်း = အထူးသာယာလှသည်။

၉။ ရွှေစာ = ရွှေပိန်းချထားသော ပေစာထုပ်။

၁၀။ ဝိဟာ(ဝိဟာရ) = ရဟန်းသံဃာတို့ သီတင်းသုံးရာကျောင်း။

၁၁။ စာပလွေ = ဝါးခြမ်း၊ ဖျင်စသည်တို့ဖြင့် ရက်ထားသော ပေစာထုပ်သည့်ပစ္စည်း။

၁၂။ သျှောင် = ယောက်ျားဆံထုံး။

၁၃။ ပြော = နှစ်ဖက်ပိတ်စည်တစ်မျိုး။

၁၄။ ပြောသံ = ပြောကို အခြေခံ၍ အလှူအတန်းတို့တွင် တီးလေ့ရှိသည့် တီးလုံး။

## အဓိကအချက်များ

- ❖ သားယောကျ်ားလေးများ အရွယ်ရောက်လျှင် သာသနာ့အမွေပေးရန် ရှင်ပြုရဟန်းခံပွဲများ ပြုလုပ်ပေးလေ့ရှိကြသည်။
- ❖ ထိုအလှူကို မြို့လယ်တွင် ကြီးကျယ်ခမ်းနားသောမဏ္ဍပ်ဖြင့် ကျင်းပကြသည်။
- ❖ ပြောသံကို အလှူမင်္ဂလာပွဲများတွင် သီဆိုတီးမှုတ်လေ့ရှိသည်။
- ❖ မောင်ရင်လောင်း ဝါဆိုမည့်ကျောင်းသည် တံခွန်၊ ကုက္ကားနှင့် ဘုရားရှိသည့် ဗောဓိရွှေကျောင်း ဖြစ်သည်။
- ❖ သာသနာ့ဘောင်ဝင်မည့်သားကို မည်သည့်စာများသင်မည်နည်းဟု အမေက ချိုသာစွာ မေးလိုက်ပါသည်။

## လေ့ကျင့်ခန်း

အောက်ပါလေ့ကျင့်ခန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ အောက်ပါကဗျာစာပိုဒ်မှ ပိုဒ်တွင်းကာရန်နှင့် ပိုဒ်ဆုံးကာရန်များကို မျဉ်းသားပါ။

မြို့လယ်က မဏ္ဍပ်၊
အရပ်မှာတဲ့ ကုသိုလ်၊
ကျောင်းကြီး အိုအို။



DBE BOX

လက်ရန်းငယ်ပြို၊
ရှင်လူပျိုတည်း တဲ့၊
ကျောင်းစိုလို့ ရွှဲ။ ။
အရှေ့ကို လျှောက်ပါလို့၊
အနောက်ကိုတဲ့ မျှော်လိုက်ရင်။
တံခွန်တိုင် ရွှေကုက္ကားနှင့်၊
ဘုရားကို မြင်။

၂။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

အရှေ့၊ အနောက်၊ အရပ်၊ စာ၊ မျှော်၊ ထမ်း

၃။ အောက်ပါစကားလုံးများကို ဝါကျဖွဲ့ပါ။

မဏ္ဍပ်၊ ကုသိုလ်၊ ကျောင်း၊ လက်ရန်း၊ ပြောသံ

၄။ အောက်ပါစာပိုဒ်တွင် ပေးထားသော သံတူကြောင်းကွဲစကားလုံးများကို ဆီလျော်အောင် ဖြည့်ပါ။

ကုန်း-ကုံး၊ ပျို-ပြို၊ လည်-လယ်၊

ကျော်ကျော်တို့ သွားရောက်ခဲ့သော မြစ်ကမ်းနားမြို့ကလေးသည် -----ပတ်စရာနေရာအလွန်များလှပါသည်။ မြို့-----ရှိ ဈေးသည်လည်း အလွန်စည်ကားလှပါသည်။ အချို့မြစ်ကမ်းပါးများမှာမူ သဘာဝ ရေတိုက်စားမှုဒဏ်ကြောင့် ကမ်းပါး-----မှုများရှိခဲ့သည်။ မြို့အထွက် တောင်-----ပေါ်တွင် ဘုန်းကြီးကျောင်းရှိသည်။ ထိုကျောင်းအဝင်လမ်းတွင် ခရေပင် -----တစ်ပင်ရှိသည်။ ထိုခရေပင်မှ ခရေပန်းများကို သီ-----၍ စေတီသို့ကပ်လှူကြသည်။

၅။ ဗောဓိရွှေကျောင်း (ပြောသံ) ကဗျာကို ဖတ်ရှုနားထောင်ပြီးသည့်အခါ သင်မည်သို့ ခံစားရသနည်း။ အဘယ်ကြောင့်နည်း။

၆။ မိမိတို့ဒေသ အလှူပွဲများတွင် မည်သည့်ရွတ်ဆိုမှုမျိုးကို ကြားဖူးပါသနည်း။ အနည်းငယ် ရှင်းပြပါ။

DBE BOX

## ၂။ ခရီးသွားဆောင်းပါး (သုတရသစကားပြေ)

အောက်ပါ ဆောင်းပါးကိုဖတ်ပြီး ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာပါ။

စာပိုဒ်များကို အုပ်စုလိုက်ဖတ်ပြီး ဆွေးနွေးပါ။



### နောင်အင်းလေးကိုလာဖို့ဖိတ်ခေါ်တယ်

“ငွေသင်ဖြူးလေး ခင်းထားသလို သတင်းစကားဆိုလောက်တယ်”လို့ နောင်အင်းလေးသီချင်းမှာ စပ်ဆိုထားတဲ့အတိုင်း အင်းလေးကန်အကြောင်းကို သတင်းပါးစရာတွေကတော့ ပြောပြလို့ မကုန်နိုင်ပါဘူး။ “နောင်” ဆိုတာ ရေကန်၊ ရေအိုင်လို့ အဓိပ္ပာယ်ရပါတယ်။ အင်းလေးကန်ဟာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်မှာ တည်ရှိပါတယ်။ တောင်နဲ့မြောက်တန်းနေတဲ့ ရှမ်းတောင်တန်းနှစ်ခုအကြား ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၈၈၀ မြင့်တဲ့ ညောင်ရွှေ ချိုင့်ဝှမ်းမှာ ရှိပြီး တောင်မြောက်အလျား ၉ မိုင်နဲ့ အရှေ့အနောက် အလျား ၃ မိုင်ခန့်ကျယ်ဝန်းတဲ့ တောင်ပေါ်ရေအိုင်ကြီးတစ်ခုပါ။ အင်းလေးကန်ကို နပန်းကြီးရွာ၊ နောင်တောရွာ၊ ဟဲယာရွာမ၊ ရွာကြီးသန်ပုံ ဆိုတဲ့ ‘အင်းရွာ လေးရွာ’က ဝန်းရံထားခြင်းကြောင့် အင်းလေးကန်လို့ခေါ်ခြင်းဖြစ်ပါတယ်။ အစိမ်းရောင်တောင်တန်းတွေနဲ့ အပြာရောင်ရေပြင်ဟာ လိုက်ဖက်လှပါတယ်။ ရှမ်း၊ ပအိုဝ့်၊ ဓနု၊ တောင်ရိုးစတဲ့ တောင်ပေါ်သားတွေက အင်းလေးကန်ကို ခြံရံပြီးနေထိုင်ကြတယ်။ အင်းလေးကန်ထဲက စီးထွက်လာတဲ့ နန့်ပန်ချောင်းရေကို စကားအင်းကတစ်ဆင့် မိုးပြဲဆည်အတွင်းကို အရှိန်အဟုန်နဲ့ စီးဆင်းဝင်ရောက်စေပြီး လောပိတရေအားလျှပ်စစ် ထုတ်လုပ်မှုလုပ်ငန်းကို ဆောင်ရွက်နေပါတယ်။



DBE BOX

"လှေလှော်ကာ တိမ်ကလေးတွေအတောက်ဝယ် ရေပေါ်မှာ အိမ်ကလေးတွေဆောက်တယ်" လို့ ဆိုထားသလို အင်းသားတွေဟာ ရေပြင်ကို မြေပြင်ပြုပြီး အိမ်ကလေးတွေဆောက်ပြီး နေထိုင်ကြသူတွေပါ။ တောင်စဉ်တန်းရဲ့ အရိပ်ညိုစိမ်းစိမ်းတွေက မိုးပြာပြာရေပြင်ကိုအုပ်မိုးထားလို့ အေးချမ်းတဲ့ ရာသီသဘာဝကို အမြဲခံစားရတယ်။ ရေထဲမှာနေထိုင် သွားလာလှုပ်ရှားရင်း အေးချမ်းတဲ့ ရေမြေသဘာဝနဲ့အညီ အင်းသားတွေရဲ့ ညင်သာတဲ့ ပြောဟန်ဆိုဟန်တွေကလဲ အတုယူစရာကောင်းလှပါတယ်။

အင်းလေးဒေသကိုရောက်ရင် ဖောင်တော်ဦးဘုရား၊ ရွာမရေပေါ်ဈေး၊ ငါးဖယ်ချောင်ကျောင်းတိုက်၊ ရွှေအင်းတိန်ဘုရားစတဲ့ ထင်ရှားတဲ့နေရာကို စက်လှေစီးရင်း သွားရောက်လည်ပတ်လေ့လာနိုင်ပါတယ်။ နန်းဟူရွာမှာရှိတဲ့ ဖောင်တော်ဦးဘုရားပွဲဟာ အင်းသားတို့ရဲ့ သဒ္ဓါတရားကို ဖော်ပြနေတဲ့ ပွဲတော်တစ်ခုပါ။ အဲ့ဒီအပြင် ခြေထောက်နဲ့လှေလှော်ပြီး ဘဝကိုရပ်တည်နေကြတဲ့ အင်းသားတွေရဲ့ ထူးခြားတဲ့လှေလှော်စွမ်းရည်ပြိုင်ပွဲကိုလဲ မြင်တွေ့ရပါတယ်။

အင်းလေးဒေသရဲ့ ရေမြေသဘာဝနဲ့အညီ ရေပေါ်ကျွန်းမျော ခရမ်းချဉ်သီးစိုက်ခင်းတွေဟာ လတ်ဆတ်တဲ့သဘာဝသီးနှံတွေလို့ နာမည်ကျော်ပါတယ်။ ငါးဖမ်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကြာနဲ့ တခြားလယ်ယာလုပ်ငန်း၊ ပိုးထည်၊ ချည်ထည်လုပ်ငန်း၊ ငွေပန်းထိမ်လုပ်ငန်းတွေအပြင် အင်းပေါ်ခုံကျေးရွာက ကြာခြည်မျှင်တွေနဲ့ ပြုလုပ်ထားတဲ့ ကြာသင်္ကန်းလုပ်ငန်းက ထင်ရှားပါတယ်။ ရှမ်းပြည်နယ်ကို ရောက်ဖူးသူတိုင်း အင်းလေးရဲ့ အထိမ်းအမှတ်ပစ္စည်းတွေကို ဂုဏ်ယူပြောဆိုလေ့ ရှိပါတယ်။

အကြေးခွံအထပ်ထပ်နဲ့ ငွေငါးရုပ်ကလေးကို လက်ဆောင်ပေးဖို့ဆိုပြီး နိုင်ငံခြားသားတွေက မှတ်မှတ်ရရဝယ်ယူလေ့ရှိကြတယ်။ အနယ်နယ်အရပ်ရပ်က အလည်လာတဲ့သူတွေကလဲ "အမှတ်တရ အင်းလေး" ဆိုတဲ့အင်္ကျီတွေကို တမြတ်တနိုးဝယ်ယူဝတ်ဆင်ကြတယ်။ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးလာတဲ့အတွက် ခေတ်နဲ့အညီတည်ဆောက်ထားတဲ့ ရေပေါ်ဟိုတယ်၊ မိုတယ်နဲ့ တည်းခိုခန်းတွေမှာ တည်းခိုပြီး အင်းရေပြင်ကို မျှော်ငေးရင်း ရှမ်းခေါက်ဆွဲ၊ တို့ဟူးကြော်၊ ရေနွေးကြမ်းစတဲ့ အစားအစာတွေကို စားသောက်နိုင်တဲ့အတွက် အင်းလေးကန်ရဲ့ သဘာဝ အရသာကိုမေ့မရနိုင်ဘူးလို့ တသသ ပြောဆိုကြပါတယ်။

ရေတိမ်ဒေသရဲ့ ဂေဟစနစ်ကြွယ်ဝမှု၊ ကျေးငှက်နဲ့ ရေအရင်းအမြစ် ဖွံ့ဖြိုးမှုတွေပြည့်စုံပြီး အရင်က ၁၀၄. ၆၃ စတုရန်းမိုင်အထိ ကျယ်ဝန်းခဲ့တဲ့ အင်းရေပြင်ဟာ အခုအချိန်မှာတော့ မြေဆီလွှာတိုက်စားမှု၊ အနည်ကျမှုတွေကြောင့် ၂၄ စတုရန်းမိုင်လောက်သာ ရှိပါတော့တယ်။ ဒါကြောင့် အင်းလေးဒေသရဲ့ သဘာဝအလှအပကို ထိန်းသိမ်းနိုင်ဖို့နိုင်ငံတော်က အလေးအနက်ကြိုးပမ်းဆောင်ရွက်နေတာကိုလဲတွေ့ မြင်နိုင်တယ်။ လှပတဲ့အင်းလေးဒေသကို အလည်လာမယ်ဆိုရင် ဒေသန္တရ ဗဟုသုတ အဖြာဖြာကို ရရှိနိုင်မှာဖြစ်လို့ နောင်အင်းလေးကိုလာဖို့ ဖိတ်ခေါ်လိုက်ပါတယ်။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| ၁။ | ကြာသက်န်း | = ကြာမျှင်များဖြင့် ရက်လုပ်သောသက်န်း။ |
| ၂။ | ကျွန်းမျော | = ရေတွင်ပေါလောပေါ်နေသော ဒိုက်မြေအစုအပုံ။ |
| ၃။ | ချည်ထည် | = ချည်ဖြင့်ပြုလုပ်ထားသော အဝတ်အထည်။ |
| ၄။ | ဂေဟစနစ် | = အပင်နှင့်သတ္တဝါတို့ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီစွာ ဖွဲ့တည်မှုစနစ်။ |
| ၅။ | ငွေပန်းထိမ် | = ငွေဖြင့် လက်ဝတ်တန်ဆာများနှင့် အသုံးအဆောင်စသည် ပြုလုပ်သည့် အတတ်ပညာ။ |
| ၆။ | ဆည် | = ရေကိုဆည်ထားသော ကန်။ |
| ၇။ | ဒေသန္တရ | = အခြားဒေသနှင့်ဆိုင်သော။ |
| ၈။ | ပိုးထည် | = ပိုးမျှင်ဖြင့်ရက်လုပ်ထားသောအထည်။ |
| ၉။ | ဘာသန္တရ | = အခြားဘာသာစကားနှင့်ဆိုင်သော။ |
| ၁၀။ | မြေဆီလွှာ | = မြေသြဇာဓာတ်ရှိသော အပေါ်ယံမြေလွှာ။ |
| ၁၁။ | သင်ဖြူး | = သင်ပင်၏ အကြောဖြင့်ရက်လုပ်ထားသော ဖျာချော။ |
| ၁၂။ | ဟိုတယ် | = အဖိုးအခပေး၍ တည်းခိုစားသောက်နိုင်သော အဆောက်အအုံ။ |
| ၁၃။ | အကြေးခွံ | = ငါးစသည်ကိုယ်ပေါ်တွင် ထပ်လျက်ရှိသောအခွံပြားငယ်။ |
| ၁၄။ | အင်းလေး | = အင်းရွာလေးရွာ။ |

**အဓိကအချက်များ**

- ❖ အင်းလေးကန်သည် ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်တွင် တည်ရှိသည်။ တောင်နှင့်မြောက် တန်းနေသော ရှမ်းတောင်တန်းနှစ်ခုကြားတွင် တည်ရှိသည်။
- ❖ အင်းသားတို့၏ခြေဖြင့်လှော်သော ထူးခြားသည့်လှေလှော်စွမ်းရည်ကိုလည်းတွေ့နိုင်သည်။
- ❖ ဖောင်တော်ဦးဘုရား၊ ရွာမရေပေါ်ဈေး၊ ငါးဖယ်ချောင်ကျောင်းတိုက်၊ ရွှေအင်းတိန်ဘုရား စသည့် ထင်ရှားသည့်နေရာများစွာရှိသည်။
- ❖ ကျွန်းမျောစိုက်ခင်းများမှထွက်သော လတ်ဆတ်သည့် သဘာဝသီးနှံများမှာ ကျော်ကြားသည်။
- ❖ ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်တစား လာရောက်လည်ပတ်ကြသောနေရာဖြစ်သည်။

DBE BOX

## လေ့ကျင့်ခန်း

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ ပေးထားသည့် စကားလုံးများကို ကွက်လပ်များတွင် မှန်အောင်ဖြည့်ပါ။

စီး- စည်း၊ ရိပ်- ရိတ်၊ တမ်း-တန်း၊ လယ်-လည်

ကျွန်ုပ်တို့သွားရောက်-----ပတ်ခဲ့ဖူးသော ရွာကလေးတွင် တောင်-------များရှိသည်။ ရွာဘေးမှ ဖြတ်၍------ဆင်းနေသော ချောင်းကလေးလည်းရှိသည်။ လယ်ကွင်း၌ စပါးပင်များကို -------သိမ်းနေကြသောသူများသည် နေ့-----နေပူချိန်တွင် သစ်ပင်--------အောက်၌ ကောက်လှိုင်းများကို ------နေကြသည်။ ဤမြင်ကွင်းများကို ကျွန်ုပ်တို့သည် အိမ်ပြန်ရောက်သည့်တိုင်အောင် -----တနေမိတော့သည်။

၂။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

ချောင်း၊ ချိုင့်ဝှမ်း၊ ခြံရံ၊ အရသာ၊ အထိမ်းအမှတ်၊ ရွာ

၃။ အောက်ပါစကားလုံးတို့ကိုဝါကျဖွဲ့ပါ။

မျှော်ငေး၊ ကြိုးပမ်း၊ အမှတ်တရ၊ ကျွန်းမျော၊ တည်းခို

၄။ အင်းလေးဟု အဘယ်ကြောင့်ခေါ်သနည်း။ "နောင်အင်းလေးကို လာဖို့ဖိတ်ခေါ်တယ်" ခရီးသွားဆောင်းပါးတွင်တွေ့ရသော အင်းလေးကန်၏ ထူးခြားမှုများကို တင်ပြပါ။

၅။ သင်သွားခဲ့ဖူးသော ခရီးအတွေ့အကြုံတစ်ခုကို စိတ်ဝင်စားဖွယ် ရေးသားပြပါ။

Option ၆။ အင်းလေးဒေသ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ သင်မည်သို့ အကြံပြုလိုသနည်း။

DBE BOX

## ၃။ အတ္ထုပ္ပတ္တိ (သုတရသစကားပြေ)

အောက်ပါစာပိုဒ်များကိုဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်ကို လေ့လာပါ။

စာပိုဒ်များကို အုပ်စုလိုက်ဖတ်ပြီး ဆွေးနွေးပါ။






### ပန်းချီဦးဘဉာဏ်

မြန်မာသက္ကရာဇ် ၁၂၅၉ ခုနှစ်မှ ၁၃၀၇ ခုနှစ်ခန့်အတွင်းက ဧရာဝတီတိုင်း၊ ပန်းတနော်မြို့တွင် ထူးချွန်သူတစ်ဦး ပေါ်ပေါက်ခဲ့ဖူးသည်။ ထိုကလေး အသက်လေးနှစ်အရွယ်ရောက်သော် ဖခင်ကြီး ဖတ်လေ့ရှိသော ဇိနတ္ထပကာသနီကျမ်းစာအုပ်တွင် အရုပ်ပေါင်းများစွာကို ရေးခြစ်ဆော့ကစားခဲ့သည်။ ခဲတံကိုတွေ့တိုင်း ရရာစာအုပ်တွင် အရုပ်ရေးဆွဲ၏။ မိဘများက ခဲတံကိုဝှက်ထားကြရ၏။ အသက် ငါးနှစ်အရွယ်ရောက်သော် မီးဖိုက မီးသွေးခဲကိုယူပြီး အိမ်ရှေ့ကြမ်းပြင်ပေါ်တွင် အရုပ်များရေး၏။ မိဘများကလည်း မောင်းမဲကြ၏။ ထိုသူငယ်ကား ဝါသနာကိုမဖျောက်၊ မီးသွေးကို တစ်နည်းနည်းနှင့် မရ ရအောင် ရှာကြံ၍တံခါးရွက်များတွင်လည်းကောင်း၊ အိမ်ခါးပန်းတွင်လည်းကောင်း အနှံ့အပြား ရေးဆွဲ၏။ မိခင်ကြီးတွေ့သဖြင့် ရိုက်၏။ ဖခင်ကြီးကလည်း နောက်တစ်ခါ အရုပ်ရေးလျှင် လက်ဖြတ် ပစ်မည်ဟု ကြိမ်းပြန်၏။ ထိုသူငယ်သည် ဖခင်ကို မိခင်ထက် ပိုကြောက်သဖြင့် အိမ်ထဲတွင် နောက်ထပ် အရုပ်ရေးခြင်းကို စွန့်လွှတ်လိုက်ရသည်။ သို့ရာတွင် ဝါသနာကိုကား မစွန့်။ အိမ်အပြင်ဘက်နံရံ၊ စပါးပုတ် စသည်တို့တွင် ရေးဆွဲမြဲ ရေးဆွဲပြန်၏။ ထိုသူကား မောင်ဘဉာဏ်တည်း။

ခုနစ်နှစ်သားအရွယ်ရောက်သော် မိဘများက မူလတန်းကျောင်းတွင်အပ်နှံ၏။ မောင်ဘဉာဏ် သည် ကျောင်းနေရသဖြင့် အလွန်ပျော်၏။ ကျောက်သင်ပုန်းနှင့် ကျောက်တံကို အသုံးပြုရခြင်းကြောင့်



ဖြစ်သည်။ စာသင်ချိန်တွင် မောင်ဘဉာဏ်သည် အလွန်ငြိမ်သက်နေ၏။ စာတွင် စိတ်ဝင်စား၍ကား မဟုတ်။ ကျောက်သင်ပုန်းပေါ်တွင် ပုံဆွဲနိုင်ခြင်းကြောင့် ဖြစ်သည်။ ဆရာစာသင်နေချိန်တွင် မောင်ဘဉာဏ် က ပန်းချီရေး၏။ အတူထိုင်ကြသော အတန်းသားများ သည် စာ၌စိတ်မဝင်စားဘဲ သူရေးသော ပန်းချီ ရုပ်ပုံများကိုသာ ဝိုင်းအုံကြည့်ကြ၏။ ထို့ကြောင့် မောင်ဘဉာဏ်နှင့်အတူ တစ်ခါတစ်ရံ ကြိမ်းမောင်း ခံကြရ၏။

အသက်တစ်ဆယ့်သုံးနှစ်အရွယ်ရောက်သော် မောင်ဘဉာဏ်သည် စတုတ္ထတန်းတွင် ပညာ သင်ယူနေပြီ။

ဧရာဝတီတိုင်းမင်းကြီးသည် ခရီးလှည့်လာစဉ် မောင်ဘဉာဏ်၏ လက်စွမ်းလက်စကိုတွေ့ သဖြင့် မော်လမြိုင် အစိုးရဆရာအတတ်သင်နော်မန်ကျောင်းသို့ ပန်းချီပညာသင်ယူရန်ပို့ပေး၏။ မောင်ဘဉာဏ်သည် ဆရာကြီးဦးဘလွင်၏အတန်း၌ ပန်းချီကိုအချိန်ပြည့်သင်ကြားရ၏။ မြန်မာကနုတ် ပန်းချီနှင့် အနီးအဝေးသဘောကိုသင်ကြားပေးရာ ဆရာကြီးသည်တပည့်မောင်ဘဉာဏ်၏ လက်စွမ်း လက်စကို သိရှိသွား၏။ ထို့ကြောင့်ဆရာဖြစ်သင်တန်းမှ ဆရာလောင်းများကို ဦးဘလွင်သည် ခါတိုင်း ကဲ့သို့ ဆရာအတတ် သင်ကြားပေးလျက်၊ မောင်ဘဉာဏ်ကိုမူ ဆရာကြီး၏ လက်ထောက်ဆရာအဖြစ် ကူညီစေခိုင်းလေသည်။ တစ်နေ့သော် ကျောင်းသားများသည် မောင်ဘဉာဏ်အား ကျားရုပ်ရေးပြ ရန်ပူဆာကြ၏။ မောင်ဘဉာဏ်သည် ဆယ်မိနစ်အတွင်း ကျောင်းသားနှစ်ဆယ်အတွက် ကျောက်သင် ပုန်းကြီးပေါ်တွင်အနေအထားအမျိုးမျိုးဖြင့် ကျားရုပ်များကို ရေးဆွဲပေးခဲ့သည်။

မောင်ဘဉာဏ်သည် ဆရာအတတ်သင်နော်မန်ကျောင်းတွင် နှစ်နှစ်နေပြီးနောက် စိန်မက်သယူး ကျောင်း၊ ကျောင်းအုပ်ဆရာကြီး မစ္စတာကင့်ချ်ထံတွင် လူပုံတူရေးဆွဲနည်းအတတ်ကို သင်ယူပြန်၏။ ထိုမှတစ်ဖန် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး ရန်ကုန်ကောလိပ်မှ ပါမောက္ခဝဒ်ထံ ရှုမျှော်ခင်းရေးဆွဲ နည်းကို သင်ယူပြန်၏။ ထိုဆရာကြီး၏အကူအညီဖြင့် အင်္ဂလန်သို့သွား၍ ကိုးနှစ်တိုင်တိုင် ပန်းချီပညာ ကို လေ့လာဆည်းပူးခဲ့သည်။ ကိုးနှစ်နေခဲ့သည့်ကာလတွင် လေးနှစ်သာ အစိုးရ၏အထောက်အပံ့ကို ယူ၍ ကျန်ငါးနှစ်မှာ ကိုယ့်အားကိုယ်ကိုးကာ ပညာသင်ယူခဲ့သည်။ အင်္ဂလန်မှပြန်လာပြီးနောက် မြန်မာပြည်ပန်းချီလောက၌သာမက ကမ္ဘာ့ပန်းချီလောကတွင်လည်း ထင်ရှားခဲ့လေသည်။

ဦးဘဉာဏ်ကား ဝါသနာအရင်းခံသောကြောင့် ပန်းချီပညာတွင် ကျော်ကြားခဲ့သူဖြစ်သည်။ ပညာထူးချွန်သူများသည် ဝါသနာ၏ စေ့ဆော်မှုကြောင့် အခက်အခဲမည်မျှပင်တွေ့စေကာမူ မရမနေ ကြိုးစားသည့်အတွက် ထူးချွန်ကြခြင်းဖြစ်သည်။

## ခက်ဆစ်အဖွင့်

၁။ စေ့ဆော် = နှိုးဆော်တိုက်တွန်းသည်။
၂။ ဇိနတ္ထပကာသနီကျမ်း = ဗုဒ္ဓ၏ဖြစ်တော်စဉ်ကို အကျယ်တဝင့် ရေးသားထားသောကျမ်း။
၃။ ထူးချွန် = ထူးထူးခြားခြားကောင်းမွန်သည်။
၄။ နော်မန်ကျောင်း = ဆရာအတတ်သင်ကျောင်းအမည်။
၅။ နံရံ = အဆောက်အအုံတွင် ကာရံထားသောအရာ။
၆။ ပန်းချီ = ရုပ်ပုံရေးခြယ်သော အတတ်ပညာ။
၇။ မောင်းမဲ = ပြစ်တင်ကြိမ်းမောင်းသည်။
၈။ လက်စွမ်းလက်စ = တစ်စုံတစ်ဦး၏ ဆောင်ရွက်နိုင်မှု အရည်အချင်း။
၉။ ဝါသနာ = စွဲမြဲနေသော အလေ့အကျင့်။
၁၀။ ဝိုင်းအုံ = ပတ်လည်အုံသည်။ စုအုံသည်။ ဝန်းသည်။
၁၁။ အထောက်အပံ့ = ငွေကြေး ပစ္စည်းအကူအညီ။
၁၂။ အရင်းခံ = အခြေခံဖြစ်သော အကြောင်းအရာ။
ပဓာနဖြစ်သော အကြောင်းအရာ။

## အဓိကအချက်များ

- ❖ မောင်ဘဉာဏ်သည် အသက်လေးနှစ်အရွယ်တွင် ဖခင်ကြီးဖတ်လေ့ရှိသော ဇိနတ္ထပကာသနီ ကျမ်းစာအုပ်ထဲတွင် အရုပ်ပေါင်းများစွာရေးခြစ်ခဲ့သည်။
- ❖ စာသင်ချိန်တွင်ငြိမ်၍ ကျောက်သင်ပုန်းပေါ်တွင် ပုံဆွဲနေတတ်သည်။
- ❖ ဧရာဝတီတိုင်းမင်းကြီးက မောင်ဘဉာဏ်ကို မော်လမြိုင်နော်မန်ကျောင်းသို့ ပို့ပေးသည်။
- ❖ မောင်ဘဉာဏ်သည် ဆယ်မိနစ်အတွင်း ကျောင်းသားနှစ်ဆယ်အတွက် ကျောက်သင်ပုန်းကြီး ပေါ်တွင် အနေအထားအမျိုးမျိုးဖြင့် ကျားရုပ်များကို ရေးဆွဲပေးခဲ့သည်။
- ❖ ဆရာကြီးမစ္စတာကင့်ချ်ထံမှ လူပုံတူရေးဆွဲနည်းကို သင်ယူပြန်၏။
- ❖ ရန်ကုန်ကောလိပ်ရှိ ပါမောက္ခဝဒ်ထံ၌ ရှုမျှော်ခင်းရေးဆွဲနည်းကို သင်ယူပြန်၏။
- ❖ အင်္ဂလန်သို့သွား၍ ကိုးနှစ်တိုင်တိုင် ပန်းချီပညာကို လေ့လာဆည်းပူးခဲ့သည်။
- ❖ မြန်မာပန်းချီလောကတွင်သာမက ကမ္ဘာ့ပန်းချီလောကတွင်လည်း ထင်ရှားခဲ့လေသည်။
- ❖ ဦးဘဉာဏ်သည် ဝါသနာအရင်းခံကြောင့် ပန်းချီပညာတွင် ကျော်ကြားခဲ့သူဖြစ်သည်။
- ❖ ဝါသနာပါသောကြောင့် အခက်အခဲမည်မျှတွေ့စေကာမူ ကြိုးစားသည့်အတွက်ထူးချွန်သည်။

DRE BOX

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ ပေးထားသော စကားလုံးများကိုမူတည်၍ အဓိပ္ပာယ်ရှိသော စကားလုံး ၃ မျိုးကို စဉ်းစားပြီး ရေးပါ။

| ကျောင်းသား | ကျောင်းသားကြီး | ဆေးကျောင်းသား | မူလတန်းကျောင်းသား |
| --- | --- | --- | --- |
| ပန်းချီ | | | |
| ဆရာ | | | |
| စိတ် | | | |
| ပညာ | | | |

၂။ အောက်ပါစကားလုံးတို့ကို ဆီလျော်သောနေရာတွင် ဖြည့်ပါ။

(ဆွဲ၊ စွဲ)

မြမြသည် ၁၆-၅-၂၀၁၉ ရက် ------ပါ အလှူဖိတ်စာတစ်စောင်ကို ရရှိခဲ့သည်။ မြမြသည် အလှူတွင် ဝတ်ဆင်ရန်အင်္ကျီပုံစံကို စာရွက်ပေါ်တွင် ပုံကြမ်း ------ လိုက်ပြီး သူ့လည်တိုင်တွင် ဆင်မြန်းရန် စိန် ----- ကြိုးကို စိန်ကုန်သည်ထံ အော်ဒါအပ်ခဲ့သည်။ မြမြသည် စိန်ကို ----- မြဲစွာ တန်ဖိုးထားသူတစ်ဦးဖြစ်သည်။

၃။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

ဝှက်၊ ရေးဆွဲ၊ ပူဆာ၊ စွန့်၊ ပုတ်၊ ကြည့်

၄။ အောက်ပါစကားလုံးတို့ကို ဝါကျဖွဲ့ပါ။

ပြောင်းရွှေ့၊ ပူဆာ၊ ပုံဆွဲ၊ ဝါသနာ၊ ထင်ရှား

၅။ ပန်းချီဦးဘဉာဏ်အကြောင်းကို သင်ဖတ်ရှုခဲ့ပြီးသည့်နောက် မည်သည့်အကြောင်းအရာ များကို သိရှိခဲ့သနည်း။ အတုယူဖွယ်အကြောင်းအရာကို ဖော်ပြပါ။


Option ၆။ ပန်းချီဦးဘဉာဏ်ကဲ့သို့ နာမည်ကျော် သို့မဟုတ် လူသိများသော ပန်းချီဆရာတစ်ဦး အကြောင်းကို အတ္ထုပ္ပတ္တိပုံစံစာသားအတိုင်း သင်သိသမျှ ရေးသားစီကုံးပါ။



DBE BOX

## ၄။ ထားဝယ်တေး (ကဗျာ)

အောက်ပါကဗျာကို ဆရာက ရွတ်ဆိုပြသည့်အခါ ကဗျာ၏ ကာရန်နှင့် အသံကို သေချာစွာ နားထောင်ပါ။ မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။



DBPDX

### ကျွဲသားနှစ်ကောင်

ကျွဲသားနှစ်ကောင်၊ တိုက်ဖို့ဆောင်၊
ညောင်ပန် အော့မှာထား။
မလေစာ ပြစ်ကိုစား
မလေစာ ပြစ်ကိုစား။
ဟေး၊ မယ်ဝေ့ မယ်ဝေ့၊
မဝါ လွမ်းစမား။

**၁၉ရာစု အမည်မသိစာဆို**

**ခက်ဆစ်အဖွင့်**

၁။ ကျွဲသား = ကျွဲငယ်။

၂။ မလေစာ = မြေစာ။

၃။ မဝါ = မယ်တို့ရွာ။

၄။ မယ်ဝေ့ = အသက်ငယ်သည့်သူက အသက်ကြီးသည့်သူကို ခေါ်သောအာလုပ်စကား။

၅။ ပြစ် = မြက်။

၆။ လွမ်းစမား = လွမ်းဆွတ်မိသည်။


၇။ အော့ = အောက်။

**အဓိကအချက်များ**

- ကျွဲငယ်နှစ်ကောင်ကို တိုက်ဖို့ရန် ခေါ်ဆောင်လာပြီး ညောင်ပင်အောက်မှာထားသည်။
- ကျွဲနှစ်ကောင်က ရန်စောင်တိုက်ခိုက်ခြင်းမရှိဘဲ ညောင်ပင်အောက်တွင် မြေစာမြက်ကို အေးဆေးစွာ စားနေကြသည်။
- ဤမြင်ကွင်းကို မြင်ရသောသူတိုင်းသည် ကျွဲနှစ်ကောင်၏ရန်မလိုသော အမူအရာကို ကြည့်ပြီး ကြည်နူးပီတိဖြစ်ရသည်။
- တစိမ့်စိမ့်ကြည့်ပြီးလွမ်းရသည်။
- မည်သူက ရန်တိုက်ပေးပါစေ၊ ရန်မလိုခြင်းသည် ကျေနပ်ကြည်နူးစရာကောင်းသည်ဟူသော အသိကိုရသည်။



DBE BOX



## လေ့ကျင့်ခန်း

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ ထားဝယ်စကားရှိ အောန် သရသည် မြန်မာစကားတွင် အောင် သရ ဖြစ်သည်။ ကောန်၊ ဆောန်၊ ညောန် ကို မြန်မာပြန်ကြည့်ပါ။

၂။ 'ဟေး၊ မယ်ဝေ့ မယ်ဝေ့၊ မဝါ လွမ်းစမား' ဟူသောအဖွဲ့သည် မည်သည်ကို ဆိုလိုသနည်း။

၃။ တိုက်ဖို့ခေါ်လာသော ကျွဲငယ်နှစ်ကောင်၏ မြင်ကွင်းကို စိတ်ဝင်စားဖွယ်ရေးပါ။

၄။ ကျွဲသားနှစ်ကောန် ကဗျာကို ဖတ်ပြီး မည်သို့ခံစားမိသနည်း။ ရှင်းပြပါ။

၅။ ကျွဲသားနှစ်ကောန် ကဗျာကိုဖတ်ပြီး မည်သည့် အသိအမြင်ကိုရလိုက်သနည်း။

၆။ ကျွဲသားနှစ်ကောန် ကဗျာကိုမှီး၍ "ရန်မလိုတော့၊ ရန်ပြုသည်" ဟူသော ခေါင်းစဉ်ဖြင့် တစ်မျက်နှာ ခန့် စာစီကုံးပါ။

DBE BOX

## ၅။ ဆောင်းပါး (သုတစကားပြေ)

အောက်ပါဆောင်းပါးကိုဖတ်ပြီး ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာပါ။

စာပိုဒ်များကို အုပ်စုလိုက်ဖတ်ပြီး ဆွေးနွေးပါ။



### သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နိုင်ငံ၏ သမိုင်းဝင်ပစ္စည်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်ရမည်။ ယဉ်ကျေးမှုအနုပညာတို့သည် နေ့ချင်းညချင်း ဖြစ်ပေါ်ခဲ့ကြသည် မဟုတ်ပါ။ ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင် အစဉ်အဆက်က ၎င်းတို့၏ ရေမြေ၊ ခေတ်စနစ်၊ ပတ်ဝန်းကျင်နှင့် ဆီလျော်စွာ ဖြည်းဖြည်းချင်း တည်ထောင်ဖန်တီးခဲ့ကြခြင်းဖြစ်လေသည်။ ကျွန်ုပ်တို့ကလည်း ယဉ်ကျေးမှုအနုပညာများကို နေ့ချင်းညချင်းတည်ထောင်၍မရနိုင်ပေ။ ဘိုးဘေးဘီဘင် အစဉ်အဆက် တည်ထောင်ဖန်တီးခဲ့သော ယဉ်ကျေးမှုအနုပညာများကို အခြေပြု၍ ကျွန်ုပ်တို့၏ ခေတ်စနစ်နှင့်အညီ ထပ်ဆင့် တည်ထောင်ဖန်တီးသွားကြရမည်။ သို့မှသာ ယဉ်ကျေးသောလူမျိုးအဖြစ် ဂုဏ်ယူနိုင်ပေမည်။

သမိုင်းဝင်ပစ္စည်းများတွင် ရှေးမြို့ရိုး၊ နန်းတော်၊ ကျုံး၊ မြောင်း၊ ခံတပ်၊ မျှော်စင်၊ သချိုင်းဂူ စသော အဆောက်အအုံများ ပါဝင်သည်။ စေတီပုထိုး၊ ဂူကျောင်း၊ သိမ်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဇရပ်စသော သာသနာ့အဆောက်အအုံများသည်လည်း ထိန်းသိမ်းစောင့်ရှောက်ရမည့် ယဉ်ကျေးမှု

အမွေအနှစ်များ ဖြစ်သည်။ ထိုအဆောက်အအုံတို့တွင် ဗိသုကာလက်ရာမွန်များ၊ အင်္ဂတေပန်းများ၊ နံရံဆေးရေးပန်းချီများစသော အနုပညာလက်ရာများကိုပါ တွေ့မြင်နိုင်လေသည်။

ထို့ပြင် ရှေးခေတ်လူတို့၏ အသုံးအဆောင်များဖြစ်ကြသော အိုး၊ ခွက်၊ အစ်၊ ရွှေငွေ လက်ဝတ်လက်စား စသည်တို့ကိုလည်းကောင်း၊ ကျောက်စာ၊ နံရံဆေးရေးမင်စာ၊ ပုရပိုက်စာ၊ ပေစာ၊ စာခွေ၊ စာချွန်၊ စာချုပ်စာတမ်း စသည်တို့ကိုလည်းကောင်း စနစ်တကျစုဆောင်း ထိန်းသိမ်းကြရလေသည်။

သမိုင်းဝင်အဆောက်အအုံတို့ကို အများအားဖြင့် ရှေးခေတ်မင်းနေပြည်တော်များဖြစ်ကြသည့် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ဝေသာလီ၊ မြောက်ဦး၊ သထုံ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ပဲခူး၊ အမရပူရ၊ မန္တလေးစသည့်ဒေသတို့တွင် တွေ့နိုင်သည်။ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ ဒေသများရှိ ပျူရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများသည် နှစ်ပေါင်းနှစ်ထောင်ခန့် ကြာမြင့်ခဲ့ပြီး မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်သာမက ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်လည်း ဖြစ်သည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများမှာလည်း နှစ်ပေါင်း တစ်ထောင်ကျော်ကြာမြင့်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဖြစ်ခဲ့သည်။ မြောက်ဦးဒေသရှိ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများကိုလည်း ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်နိုင်ရန်အတွက် သက်ဆိုင်ရာက ကြိုးစားလျက်ရှိသည်။

ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုဆောက်အအုံများသည် နေ၊ လေ၊ ရေ၊ မိုး အစရှိသည့် ရာသီဥတုဒဏ်များ၊ လူသူ၊ ပိုး၊ ခြ၊ ပုရွက် သက်ရှိတို့၏ ဒဏ်များကြောင့် ဆွေးမြည့်ယိုယွင်းလာကြသည်။ အပင်ပေါက်လွယ်၊ အမြစ်တွယ်လွယ်သည့် ညောင်ပင်၊ နုံပဲပင်စသောအပင်များကြောင့်လည်း အက်ကွဲပြိုပျက်ကုန်ကြသည်။ ဆီငွေ့၊ ဆားငွေ့၊ အက်စစ်ငွေ့စသည့် တိုက်စားဆွေးမြည့်စေသော အငွေ့များပါသည့် ညစ်ညမ်းသော လေထုကြောင့်လည်း အဆောက်အအုံ ပစ္စည်းပစ္စယများ ဆွေးမြည့်ပြိုပျက်လာကြသည်။ လျှပ်စီးခြင်း၊ ရေကြီးခြင်း၊ မီးလောင်ခြင်းစသည့် သဘာဝဘေးဆိုး အမျိုးမျိုးကြောင့်လည်း နေ့ချင်းညချင်း ပြိုပျက်ခြင်းသို့ ရောက်ကြရသည်။ ကျွန်ုပ်တို့သည် သမိုင်းအမွေ၊ ယဉ်ကျေးမှုအမွေတို့ကို ထိုသို့သော ဘေးအန္တရာယ်အမျိုးမျိုး မကျရောက်နိုင်အောင်၊ ထိခိုက်ပြိုပျက်မှု နည်းနိုင်သမျှနည်းအောင် အစွမ်းကုန်ကာကွယ် စောင့်ရှောက်ကြရပေမည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ၁၉၇၅ ခုနှစ် ဇူလိုင်လတွင်တစ်ကြိမ်၊ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် တစ်ကြိမ် ငလျင်ပြင်းစွာလှုပ်ခဲ့သည်။ ထိုငလျင်ကြောင့် ဘုရား၊ ဂူ၊ ကျောင်း ယဉ်ကျေးမှုအမွေအနှစ်ပေါင်းများစွာ ပြိုပျက်ခဲ့ရလေသည်။ အထူးသဖြင့် ပုဂံမြို့တွင် ရှေးဟောင်းစေတီဘုရားများ များစွာ ပြိုပျက်ခဲ့သည်။ နှစ်ပေါင်းတစ်ထောင်ကျော်အောင်ပင် မြန်မာ့မြေပေါ်၌ တင့်တယ်ထည်ဝါခဲ့ကြသော

ရှေးဟောင်းဘုရားစေတီများ ပြိုကျကုန်သောကြောင့် မြန်မာနိုင်ငံသားတို့ ဝမ်းနည်းကြေကွဲရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ တိုင်းရင်းသား ပြည်သူအပေါင်းက ချက်ချင်းပင် ငွေကြေးအလှူ လုပ်အားအလှူ စသည်တို့ကို စေတနာထက်သန်စွာ ထည့်ဝင်ကြကာ ရှေးမူမပျက်စုပေါင်းပြင်ဆင်ခဲ့ကြသည်။ ယခုအချိန်တိုင်အောင်ပင် ပြည်တွင်းပြည်ပ ရှေးဟောင်းသုတေသနပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာများပါဝင်သော ပညာရှင်အဖွဲ့၊ အကြံပေးအဖွဲ့များ ဖွဲ့စည်းကာ ရှေးဟောင်းလက်ရာများ မထိခိုက်ရအောင် တဖြည်းဖြည်း ပြုပြင်လျက်ရှိသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဟူ၍ရှိသည်။ ထိုဌာနသည် သမိုင်းဝင်အဆောက်အအုံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တာဝန်ယူထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ကျွန်ုပ်တို့သည် မိမိတို့ရပ်ရွာတွင် သမိုင်းဝင်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းစရာတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ အကြောင်းကြား၍ အကူအညီတောင်းနိုင်ကြသည်။ ရှားပါးရှေးကျသော ပစ္စည်းများတွေ့ရှိလျှင်လည်း တာဝန်သိသိဖြင့် ပေးပို့အပ်နှံနိုင်ကြသည်။ ထိုရှေးဟောင်းပစ္စည်းများမှာ ရွှေငွေရတနာတို့ဖြင့် ပြုလုပ်ထားပါက ကာလပေါက်ဈေးထက်တိုး၍ ငွေကြေးတန်ဖိုးပေးကာ ဂုဏ်ပြုချီးမြှင့် ဝယ်ယူထိန်းသိမ်းလျက်ရှိလေသည်။ ကျွန်ုပ်တို့ ပြည်သူတိုင်းသည် လွတ်လပ်သောနိုင်ငံသားပီသစွာ မိမိတို့၏ သမိုင်းအမွေနှင့် ယဉ်ကျေးမှုအမွေအနှစ်တို့ကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်ကြရပေလိမ့်မည်။

**ခက်ဆစ်အဖွင့်**

| | |
|---|---|
| ၁။ ကာလပေါက်ဈေး | = လောလောဆယ်ဖြစ်နေသော ဈေးနှုန်း။ |
| ၂။ ကျုံး | = မြို့ရိုးပတ်လည်တွင် တူးဖော်ထားသောမြောင်းကြီး။ |
| ၃။ ခံတပ် | = ရန်သူကိုခုခံရန် အုတ်၊ ကျောက်၊ သစ် စသည်တို့ဖြင့် အခိုင်အခံ့လုပ်ထားသော စစ်စခန်း။ |
| ၄။ ညစ်ညမ်း | = ရေ၊ လေ၊ ဝန်းကျင် စသည် မသန့်စင်သော။ |
| ၅။ နန်းတော် | = မင်းနေရာ၊ မြင့်မြတ်သောအဆောက်အအုံ။ |
| ၆။ ဘိုး၊ဘေး၊ဘီ၊ဘင် | = မိမိအထက် ဆွေမျိုးအစဉ်အဆက်။ |
| ၇။ ပုရပိုက်စာ | = ရှေးအခါက စာရေးသားရာတွင်သုံးသည့် ခေါက်ထပ်ထားသော စက္ကူတွင် ရေးထားသောစာ။ |
| ၈။ ဗိသုကာ | = ဆောက်လုပ်မှုဆိုင်ရာပညာ။ |

၉။ မြို့ရိုး = နန်းတော်တည်ရှိရာ မြို့ပတ်လည်တွင် ကာရံထားသည့်တံတိုင်း။

၁၀။ မျှော်စင် = အဝေးသို့လှမ်းမျှော်ကြည့်ရန် အဆောက်အအုံမြင့်။

၁၁။ ယဉ်ကျေးမှုအမွေအနှစ် = အစဉ်အလာအားဖြင့်ထိန်းသိမ်းတည်ရှိလာသောဓလေ့ထုံးစံ၊ ရွှေငွေဥစ္စာ စသည့်အမွေ။

၁၂။ ရှေးဟောင်းပစ္စည်း = ရှေးခေတ်ကာလက ဖြစ်ပေါ်ခဲ့သော အသုံးအဆောင်။

၁၃။ သမိုင်းဝင် = သမိုင်းတွင်မှတ်တမ်းတင်ခံရသော။

၁၄။ သဘာဝ = ဖြစ်မြဲသဘောအတိုင်းဖြစ်တတ်သော။

၁၅။ သုတေသန = တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ်သိရန် စူးစမ်းလေ့လာခြင်း။

၁၆။ အထွတ် = အမြင့်ဆုံး။ စေတီ၊ ပုထိုး၊ ပြာသာဒ် စသည်၏ထိပ်ဖူး။

၁၇။ အစ် = ကွမ်းဆေးစသည့် ပစ္စည်းများထည့်ရန် အဖုံးပါသည့်ခွက်တစ်မျိုး။

**အဓိကအချက်များ**

❖ မြန်မာနိုင်ငံတွင် သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များစွာရှိသည်။

❖ မြန်မာလူမျိုးတို့သည် ယဉ်ကျေးမှုမြင့်မားသော လူမျိုးများဖြစ်ကြသည်။

❖ ရှေးဟောင်းသမိုင်းဝင် နေရာဒေသများ၊ သမိုင်းဝင်အဆောက်အအုံများနှင့် မြန်မာမှုအနုပညာလက်ရာများကိုလည်း တွေ့နိုင်သည်။

❖ ယဉ်ကျေးမှုအနုပညာလက်ရာများသည် မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူဖွယ်တစ်ရပ်ဖြစ်သည်။

DBE BOX

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ အောက်ပါကွက်လပ်များတွင် တတ်၊ တက်နှင့် တပ် ကို မှန်အောင်ဖြည့်ပါ။

ခြံထဲရှိ သရက်ပင်ပေါ်သို့----နေသော ဖိုးအေးကို မေမေက မြင်သွားပြီး အောက်သို့ ပြန်ဆင်းလာရန် ခေါ်နေသည်။ ဖေဖေက အိမ်ထဲတွင် မီးလုံးတစ်လုံးကို -------ဆင်နေသဖြင့် ဖိုးအေးသစ်ပင် ----- နေသည်ကို သတိမထားမိလိုက်ချေ။ ဘိုးဘိုးက ပညာ-------ကြီးပီပီ မေမေ့ကို ဖိုးအေးအား မဆူရန် တားမြစ်လိုက်သည်။ ထို့ကြောင့် မေမေက ဖိုးအေးကို မဆူတော့ဘဲ သစ်ပင်ပေါ်နောင် မ-----ရန်သာ ဆုံးမစကားဆိုတော့သည်။

၂။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

ဖန်တီး၊ စောင့်ရှောက်၊ ယိုယွင်း၊ ထည်ဝါ၊ စနစ်၊ လျှင်

၃။ အောက်ပါစကားလုံးများကို ဝါကျဖွဲ့ပါ။

စေတီပုထိုး၊ စေတနာ၊ ယဉ်ကျေးမှု၊ ထိန်းသိမ်း၊ စုဆောင်း

၄။ အောက်ပါမေးခွန်းများကို လိုရင်းတိုရှင်းဖြေပါ။

(က) မိမိတို့သည် မည်သူတို့၏ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်နည်း။

(ခ) သမိုင်းဝင်ပစ္စည်းများတွင် မည်သည့်အရာများ ပါဝင်သနည်း။

(ဂ) သမိုင်းဝင်အဆောက်အအုံဟု သတ်မှတ်ထားသော အဆောက်အအုံများကို ဖော်ပြပါ။

(ဃ) ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုတို့ကို ပျက်စီးစေသည့် သဘာဝဘေးအန္တရာယ်များကို ဖော်ပြပါ။

(င) မြန်မာ့ယဉ်ကျေးမှုသာမက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်လည်းဖြစ်သော အရာများကို ဖော်ပြပါ။

၅။ မြန်မာနိုင်ငံအနှံ့အပြားရှိ ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို အကျဉ်းမျှဖော်ပြပါ။

Option ၆။ မြန်မာနိုင်ငံရှိယဉ်ကျေးမှုအမွေအနှစ်များကို ဂုဏ်ယူလိုစိတ်ရှိပါသလား။ အဘယ်ကြောင့်နည်း။

## ၆။ အချိုးတွဲ (ကဗျာ)

အောက်ပါကဗျာကို ဆရာက ရွတ်ဆိုပြသည့်အခါ ကဗျာ၏ ကာရန်နှင့် အသံကို သေချာစွာ နားထောင်ပါ။ မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။




### ပြည်ထောင်စုရတနာများ

မြောက်ဘက်ဆီသို့ ခရီးနှင်
တွေ့လိမ့် နယ်ကချင်
ပလွေသံလွင် အိုးစည်နှော
ထောင်ကာနဲ့ မနော။
အနောက်တစ်ကြော တောင်တန်းညို
ချင်း ရခိုင်ဒေသဆို။
ကျွဲချိုမှုတ်လို့ အားမာန်ဖွဲ့
ခွာဒို ကျင်ကိုင်ပွဲ။
နှင်းမြူဝဲတဲ့ အရှေ့မှာ
ရှမ်းတောင် ရိုးမပါ။
ကိန္နရာသဏ္ဌာန်လှ
နောင်ဖိန်နောင်နဲ့က။
ကရင် မွန် ကယား တောင်ပိုင်းမြေ
ဖားစည် မိကျောင်း သံဝေဝေ။
လာလေလာလေ ဆင်ယင်နွဲ
ဒုံးနှင့်ဝါးညှပ်ပွဲ။
မြေပြန့်ကလဲ ဗေဒုံဂျမ်
နှဲနဲ့ဒိုးပတ်သံ
ဟန်နဲ့ပန်နဲ့ ပြောင်လှောင်ပြ
ဦးရွှေရိုးအက။
အလှမျိုးမျိုး အဖုံဖုံ
ယဉ်ကျေးမှုအစုံ
ကြည့်ရှုမကုန် ခြိမ့်ခြိမ့်သဲ
ငါတို့ ပြည်ထောင်ထဲ။

၂၀ ရာစု        မုံရွာဝင်းဖေ

**ခက်ဆစ်အဖွင့်**

၁။ ကိန္နရာ = လူခေါင်းနှင့်ငှက်ကိုယ်ရှိသည်ဆိုသော သတ္တဝါ။

၂။ ကျင်ကိုင်ပွဲ = ရခိုင်တိုင်းရင်းသားတို့၏ ရိုးရာနပန်းပွဲ။

၃။ ခြိမ့်ခြိမ့်သဲ = အလွန်စည်ကားများပြားစွာ။

၄။ ခွာဒိုသဘင်ပွဲ = ချင်းတိုင်းရင်းသားတို့၏နှစ်သစ်ကူးပွဲ။

၅။ ဖွဲ့ = အလုပ်တစ်ခုကို အားမလျှော့ဘဲ စွဲစွဲမြဲမြဲလုပ်ဆောင်နိုင်သောအစွမ်း။

၆။ ထောင်ကာ = မိန်းမယောကျ်ား အများဝိုင်းဖွဲ့၍ကရသော ကချင်တိုင်းရင်းသားတို့၏ အကတစ်မျိုး။

၇။ ဒုံး = ကရင်တိုင်းရင်းသားတို့၏ သွက်လက်မြူးကြွသော ရိုးရာအက။

၈။ နောင်ဗိန်နောင် = ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာအိုးစည်သံ။

၉။ ဖားစည် = ကယား၊ ကရင်၊ မွန်တို့သုံးသော ကြေးသွန်းတစ်ဖက်ပိတ်စည်။

၁၀။ မနောပွဲ = ကချင်ရိုးရာ နတ်ပူဇော်ပွဲ။

၁၁။ ယဉ်ကျေးမှု = အစဉ်အလာအရ ဝတ်စားဆင်ယင်ပြောဆိုကျင့်ကြံနေထိုင်မှုများ။

၁၂။ ဝါးညှပ်ပွဲ = ဝါးလုံးကိုင်သူတို့က ပူးချည်ခွာချည် အချက်ကျကျ လှုပ်ရှားပေးနေသော ဝါးလုံးများကြားတွင် ဆိုင်းချက်နှင့်အညီ ကခုန်ရသော အကပွဲ။

**အဓိကအချက်များ**

- ❖ မြန်မာနိုင်ငံတွင် တောင်တန်းဒေသနှင့် မြေပြန့်ဒေသဟူ၍ရှိသည်။
- ❖ မြောက်ဘက်တွင် ကချင်၊ အနောက်ဘက်တွင် ချင်း၊ ရခိုင်၊ အရှေ့ဘက်တွင် ရှမ်း၊ တောင်ဘက်တွင် မွန်၊ ကရင်နှင့် ကယားစသည့် တိုင်းရင်းသားများနေထိုင်ကြသည်။
- ❖ တိုင်းရင်းသားတို့၏ အထိမ်းအမှတ်နှင့် ရိုးရာဓလေ့အကများသည် ပြည်ထောင်စု၏ ရတနာများပင် ဖြစ်သည်။



DBE BOX

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ အောက်ပါကွက်လပ်များတွင် ချည်-ခြည်၊ ချယ်-ခြယ်၊ ပျ-ပြ စကားလုံးများကို မှန်အောင် ဖြည့်ပါ။

နွေ၏နံနက်ခင်း နေရောင်-----နုနုသည်ထွက်ပေါ်လာသည်။ မြို့နေ အလုပ်သမားများသည် ရန်ကုန်မြို့-----သို့ထွက်ခဲ့သည်။ နွေကာလ၏ အပူဒဏ်ကိုခံနိုင်ရန်အတွက် လူတို့သည် အရောင်ဖျော့ သော------ထည် အဝတ်အထည်များကို ရွေး-----ဝတ်ဆင်ကြသည်။ ထီးကိုမူ အပူစုပ်သည့် အရောင် ရင့်------ထားသော ထီးကိုဆောင်းကြသည်။ ညနေခင်းနေရောင် မှုန်------ပျ တွင် အလုပ်ခွင်မှ အိမ်သို့ပြန်လာကြသည်။

၂။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

တွေ့၊ နှော၊ နွဲ၊ လှ၊ ဝေ၊ ဟန်

၃။ အောက်ပါစကားလုံးတို့ကို ဝါကျတစ်ခုစီဖွဲ့ပြပါ။

ခရီး၊ အိုးစည်၊ ပလွေ၊ ဖားစည်၊ နှဲ

၄။ အောက်ပါကဗျာပိုဒ်မှ ကာရန်များကို မျဉ်းသားပြပါ။ ပဒ အဆုံးကာရန်များသည် မည်သည့် ကာရန်များဖြစ်သနည်း။

မြောက်ဘက်ဆီသို့ ခရီးနှင်
တွေ့လိမ့်နယ်ကချင်
ပလွေသံလွင် အိုးစည်နှော
ထောင်ကာနဲ့ မနော။
အနောက်တစ်ကြော တောင်တန်းညို
ချင်း ရခိုင် ဒေသဆို
ကျွဲချိုမှုတ်လို့ အားမာန်ဖွဲ့
ခွာဒို ကျင်ကိုင်ပွဲ။

Option

၅။ ပြည်ထောင်စုရတနာများ ကဗျာအရ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု ပျော်ပွဲရွှင်ပွဲ မြင်ကွင်းများကို သရုပ်ဖော်ခံစားရေးဖွဲ့ပါ။

၆။ မိမိတို့ဒေသတွင်းရှိ တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံအချို့ကို သင်သိသမျှ လေ့လာ တင်ပြပါ။

DBE BOX

## ၇။ ပေးစာ (သုတရသစကားပြေ)

အောက်ပါပေးစာကိုဖတ်ပြီး ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာပါ။

စာပိုဒ်များကို အုပ်စုလိုက်ဖတ်ပြီး ဆွေးနွေးပါ။



### ချစ်သမီးလေးမမိုးအေးသို့

ချစ်သမီးလေး. . .

မြန်မာ့သင်္ကြန်ပွဲတော်ရောက်တော့မယ်။ သင်္ကြန်ကျပြီဆိုရင် မပျော်တဲ့လူမရှိဘူး။ ဖေဖေတို့ ငယ်ငယ်တုန်းက သင်္ကြန်အကြိုမတိုင်ခင်ညဆိုရင် အိပ်တောင်မပျော်ဘူး။ လင်းပြီလား. . . လင်းပြီလား နဲ့ ခဏခဏထကြည့်ရတာ အမောပဲ။

သမီးလဲ သင်္ကြန်ကိုမျှော်နေမှာပဲ။ သင်္ကြန်မှာ ပျော်လဲပျော်မှာပဲ။ ပိတောက်တွေ တဝေဝေနဲ့ သင်္ကြန်၊ အညာမှာ ကုက္ကိုပွင့်ကလေးတွေ ဖွာရရာကျနေတဲ့ သင်္ကြန်၊ ဒိုးသံ ဗုံသံ စီစီညံတဲ့သင်္ကြန်၊ မပျော်ဘဲနေပါ့မလားသမီးရယ်။

သင်္ကြန်ကျရင် သိကြားမင်းကြီးလဲ လူ့ပြည်ဆင်းလာသတဲ့။ သိကြားမင်းကြီး ည နတ်ပြည်အပြန် ဆေးတံမေ့ကျန်ခဲ့လို့ ပြန်ပက်ရတာလဲရှိသေးရဲ့။ ‘ဒါကြောင့်ကလေးတွေ ဆုတောင်းရတာပေါ့။ သိကြားမင်းကြီးဆေးတံမေ့ကျန်ခဲ့ပါအုံး . . . လို့။’

မန္တလေးမှာတော့ သင်္ကြန်နှစ်ဦး xxx တူးပို့ xxx တူးပို့ xxx တူးသံမြူးသာယာ ဆိုတဲ့ သင်္ကြန်ဒိုးသံ ရပ်တိုင်းမှာညံနေပေရော့မယ်။ ဖေဖေကတော့ ဂီတစာဆိုကျော်ကြီး မြို့မငြိမ်းတီထွင်ခဲ့တဲ့ တူးပို့ xxx တူးပို့ တီးလုံးကို အလွန်နှစ်သက်မိတယ်။ သင်္ကြန်ရဲ့နှလုံးခုန်သံလို့တောင် ဆိုနိုင်ပါတယ်။ လူထုယဉ်ကျေးမှု၊ လူထုပွဲသဘင်ရဲ့ သင်္ကေတတေးသံ ဖြစ်သွားတာပဲ။ ဆရာငြိမ်းကို ကျေးဇူးတင်မိတယ်။

ဒါတွင်မကသေးဘူး။ မြို့မအပျော်တမ်းတူရိယာအသင်းရဲ့ မြနန္ဒာသီချင်းဟာလဲ တစ်နိုင်ငံလုံး ပျော်မြူးရွှင်ပျစေတဲ့ သင်္ကြန်သီချင်းဖြစ်နေပါရော့လား။ ကြည်နူးပျော်ရွှင်စရာ မင်္ဂလာရှိတဲ့တေးသီချင်းမို့ မြန်မာ့နှစ်သစ် အခါတော်နဲ့ လိုက်ဖက်ပါပေတယ်။ ပြီးတော့ ဒီသီချင်းနဲ့ သင်္ကြန်ရေသဘင်အကကလို့ ကောင်းတယ် မဟုတ်လား။ ယဉ်ကျေးနွဲ့နှောင်း ပျော့ပျောင်းညင်သာတဲ့ ကဟန်ညက်ညက်၊ ဒိုးသံသွက်သွက်နဲ့မို့ နှစ်သက်ဖွယ်ကောင်းတဲ့ တေးတစ်ပုဒ် ဖြစ်လာရပါတယ်။

သမီးလေးရော သင်္ကြန်မဏ္ဍပ်မှာ ကဖူးရဲ့လား။ ကဖူးတယ်ဆိုရင် ခြေတစ်ခတ်၊ မေးတစ်ဆတ်၊ ကကြိုးတစ်ဖြတ်ရဲ့ အရသာကိုခံစားဖူးမှာ အမှန်ပါပဲ။

သင်္ကြန်အခါမှာ ပိတောက်ပန်းကလေးတွေဟာ အိုးစည်သံ ဗုံသံနဲ့ မြူးနေပုံ၊ မြန်မာမိန်းကလေးတစ်ဦးရဲ့ နဖူးဆံစထက်မှာ ပိတောက်ပန်းလေး ဝင်းဝါနေတတ်ပုံ၊ သင်္ကြန်အလှ၊ မြန်မာအလှကို အထိရောက်ဆုံး ဖွဲ့ထားတဲ့ ဆရာဇော်ဂျီရဲ့ ပိတောက်မယ်ကဗျာလေးကို သမီးဖတ်ဖူးမယ်ထင်ပါတယ်။ မြန်မာစာဆိုတွေဟာ သင်္ကြန်အလှကိုဖွဲ့ချင်လို့ အခွင့်အခါစောင့်ပြီး ကလောင်မြူးလေ့ရှိတယ်ဆိုတာကို သမီးသတိထားမိမှာပါ။ ယဉ်ကျေးသိမ်မွေ့တဲ့မြန်မာ့သင်္ကြန်အလှကွက်ကို မိအောင်ဖွဲ့ထားတဲ့ ဆရာဇော်ဂျီရဲ့ ပိတောက်မယ်ဆိုတဲ့ကဗျာလေးကို မနှစ်က ဆဋ္ဌမတန်းမှာ သမီးသင်ခဲ့ရတယ်မဟုတ်လား။

မတီးခင်က မြည်ချင်ချင်ဖြစ်နေတဲ့ အိုးစည်ဗုံသံနဲ့ ပိတောက်ပန်းကိုပန်၊ မြစိမ်းထဘီလေးဆင်ပြီး ရွာအဝင်ဝမှာ ကပိုကရိုလှနေတဲ့ မေရဲ့အလှကြောင့် အိုးစည်သံပိုပြီးဟိန်းရ၊ ဟည်းရပုံ ရှုခင်းလေးကို သမီးမေ့နိုင်မယ် မထင်ဘူး။

သမီးတို့ ဖေဖေတို့ရဲ့ နိုင်ငံသားတွေဟာ ပျော်တတ်ရွှင်တတ်တယ်။ ခင်တတ်မင်တတ်တယ်။ ဒါတွင်မက ဒုက္ခကြုံနေရတဲ့ သတ္တဝါတွေအပေါ်မှာလဲ ကြင်နာသနားတတ်တယ်။ ဖေဖေကတော့ ဒီလိုစိတ်ကောင်း နှလုံးကောင်းထားလေ့ရှိတဲ့နိုင်ငံမှာ မွေးလာရတာကိုပဲ ဂုဏ်ယူကျေနပ်လို့မဆုံးဘူး။

ဇီဝိတဒါနအသက်လွှတ်ပွဲတွေ သင်္ကြန်အခါမှာ တွေ့ရတယ်မဟုတ်လား။ နွားကို ဘေးမဲ့လွှတ်တာ၊ ငါးကို ဘေးမဲ့လွှတ်တာတွေဟာ မြန်မာနိုင်ငံသားတွေရဲ့ ကရုဏာတရား၊ ကိုယ်ချင်းစာတရားကို အထင်အရှားပြတာပဲချစ်သမီး။

အခုအခါ သင်္ကြန်ပွဲမှာ အပျော်ကြမ်းပြီး ရမ်းကြတာတွေလဲ ရှိမှာပေါ့သမီးရယ်။ ဒါပေမဲ့ ဒါဟာ တစ်မျိုးသားလုံးရဲ့ သဘောလက္ခဏာ မဟုတ်ပါဘူး။ ဒီလိုရိုင်းပျမှု၊ လွန်ကဲမှု၊ ရမ်းကားမှုတွေကိုတော့

DBE BOX

တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုတာပေါ့။ သူရောကိုယ်ပါ တာဝန်ရှိတယ်လို့ ခံယူပြီး ဝိုင်းဝန်းပြီးထိန်းသိမ်းမှ မြန်မာ့သကြ်္ကန်အလှ အနှစ်သာရကို မှဲ့စွန်း မှဲ့ပြောက် မတင်မှာပေါ့ သမီးရယ်။

နံ့သာခက်နဲ့ရေပက်တာတို့၊ အဘိုးအဘွား သက်ကြီးရွယ်အိုတွေကို ခေါင်းလျှော်ပေး၊ ရေချိုးပေးတာတို့၊ မြတ်စွာဘုရားရုပ်ပွားတော်များကို အမွှေးနံ့သာရည်နဲ့ ရေသပ္ပာယ်ပူဇော်တာတို့၊ မုန့်လုံးရေပေါ် စတုဒိသာကျွေးတာတို့စတဲ့ မတိမ်ကော မပပျောက်ကောင်းတဲ့ ရိုးရာယဉ်ကျေးမှု သကြ်္ကန်အစဉ်အလာတွေကိုလဲ သမီး သတိပြုရှိသေတတ်လိမ့်မယ်လို့ ဖေဖေ မျှော်လင့်ပါတယ်။

ခေတ်လူငယ်ပီပီ ခေတ်အလျောက် စည်းကမ်းတကျ ပျော်ပျော်ပါးပါး ရေကစားတဲ့ သမီးငယ်ကလေးဖြစ်သလို ကိုယ့်ယဉ်ကျေးမှုရဲ့ အလှတရားကို လေးစားထိန်းသိမ်းရကောင်းမှန်းသိတဲ့ လေးနက်တဲ့သမီးကောင်းကလေးတစ်ဦး ဖြစ်လိမ့်မယ်လို့ ဖေဖေယုံကြည်ထားပါတယ်။

၂၀ ရာစု

တင်မိုး

## ခက်ဆစ်အဖွင့်

၁။ စတုဒိသာ = အရပ်လေးမျက်နှာမှ ရောက်လာသူမှန်သမျှကို ကျွေးမွေးခြင်း။

၂။ နံ့သာခက် = နံ့သာရည်ဆွတ်ထားသောပန်းခက်။

၃။ ဖွာရရာ = စုစည်းခြင်းမရှိ၊ ကွဲဖြာထွက်လျက်။

၄။ ဘေးမဲ့လွှတ် = အသက်အန္တရာယ်ထိပါးခြင်းမခံရမည့် အခွင့်အလမ်းကိုပေးသည်။

၅။ မှဲ့စွန်းမှဲ့ပြောက် = အပြစ်အနာအဆာ။

၆။ ရေသပ္ပာယ် = ဆင်းတုတော်ကိုရေဖြင့်သွန်းလောင်းသန့်စင်သည်။

၇။ ရောင့်ရဲ = လက်ရှိအခြေအနေတွင် နှစ်သိမ့်ကျေနပ်သည်။ တင်းတိမ်သည်။

၈။ သင်္ကေတ = အမှတ်အသား။

၉။ အနှစ်သာရ = လေးနက်မှု၊ တန်ဖိုးရှိမှု၊ ကောင်းမွန်မှု စသည်။

၁၀။ အပျော်ကြမ်း = လွန်လွန်ကဲကဲ ပျော်ရွှင်မြူးထူးသည်။

၁၁။ အလိုရမ္မက် = စွဲလမ်းမက်မောမှု။

၁၂။ ဣန္ဒြေ = ကိုယ်၊ နှုတ်၊ နှလုံး စောင့်စည်းမှု။ တည်ငြိမ်သောအမူအရာ။



DBE BOX

**အဓိကအချက်များ**

- ❖ ပိတောက်ပန်းများနှင့် တူးပို့ x x x တူးပို့တေးသံသည် သင်္ကြန်၏သင်္ကေတများ ဖြစ်သည်။
- ❖ မြန်မာပြည်သူတို့သည် သင်္ကြန်အခါတွင် ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။
- ❖ ပြောင်းလဲနေသောခေတ်နှင့်အညီ သင်္ကြန်ပွဲတော်ကို ဆင်နွှဲကြရာတွင် ရိုးရာယဉ်ကျေးမှု ပွဲတော်၏ အနှစ်သာရများ မပျောက်ပျက်အောင် သတိပြုရမည်။

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

တင်စား၊ ကရုဏာ၊ ဆေးတံ၊ ခေတ်၊ လေးစား၊ ဆုတောင်း

၂။ အောက်ပါစကားလုံးများကို ဝါကျဖွဲ့ပါ။

ကျက်သရေ၊ လိုက်ဖက်၊ စတုဒိသာ၊ သင်္ကြန်၊ ကြည်နူး

၃။ အောက်ပါစကားလုံးများတွင် --တတ်--တတ် ဟူသည့် အဆက်စကားလုံးထည့်၍ စကားလုံးပွား ယူကြည့်ပါ။

**သာဓက**-

ပျော်ရွှင် + --တတ် -- တတ် = ပျော်တတ် ရွှင်တတ်

ပြောဆို၊ နောက်ပြောင်၊ လုပ်ကိုင်၊ ချက်ပြုတ်၊ ခင်မင်

၄။ ပေးစာကိုဖတ်ပြီးနောက် သင့်တွင်မည်သည့် စိတ်ခံစားမှုများ ဖြစ်ပေါ်လာသနည်း။ အဘယ်ကြောင့်နည်း။

၅။ သင့်သူငယ်ချင်းထံသို့ သင်မြင်တွေ့ဖူးသော သင်္ကြန်မြင်ကွင်းတစ်ခုကို အောက်ပါ စကားလုံးများသုံး၍ ပေးစာရေးသားပါ။

သင်္ကြန်ဒိုးသံ၊ ပျော်တတ်ရွှင်တတ်၊ ပျော်မြူးရွှင်ပျ၊ ယဉ်ကျေးသိမ်မွေ့၊ စတုဒိသာ၊ လှိုင်လှိုင်ပွင့်

Option ၆။ ပေးစာတွင်ပါဝင်သော သင်္ကြန်ရေကစားပုံမြင်ကွင်းများနှင့် ယနေ့ခေတ်သင်္ကြန် ရေကစားကြပုံ မြင်ကွင်းများကို နှိုင်းယှဉ်ကာ သင်၏ထင်မြင်ချက်ကို ဖော်ပြပါ။

DBE BOX

## ၈။ လွမ်းချင်း (ကဗျာ)

အောက်ပါကဗျာကို ဆရာက ရွတ်ဆိုပြသည့်အခါ ကဗျာ၏ ကာရန်နှင့် အသံကို သေချာစွာ နားထောင်ပါ။ မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။



### တို့တောရွာ

ပျော်ပုံကသစ်သနှင့်
ငယ်ချစ်ကယ်လိုက်ခဲ့တော့
အကြိုက်ကတဲ့ တို့တောရွာမှာ
မိုးအကာ ပင်ယံထက်ဆီက
ထန်းရွက်နှင့် ဆင်သည့်အိမ်
ခြံတင်းထိမ် နွားရေခင်းလို့
ညဥ့်တွင်း ပလွေကျော်နှင့်
ဖျော်ပါ့မယ်လေး။
ကိုက်ဖူးငယ်ညွန့်စီ
ချဉ်ပေါင်နီကို
ရာသီဝလေ့
ပုစွန်လုံး ခွဲဖုံးထေ့လို့
တောလေ့ငယ် တစ်ဆင်
လယ်ကြွက်ကင်နှင့်
တို့ခွင်ဖရုံအချိုချက်
ဟင်းဖက်စုံလှ
မင်းပုံထည်ထည်
နေဆာပျို့
အစ်ကို့ကို တည်ပါ့မယ်
ဆောင်းနယ်ဝင် သည်ချိန်ကို
ယစ်စည်းစိမ် အဆီဖိန်းလို့
မှိန်းစေ့မယ်လေး။

**၁၉ ရာစု ဦးကြီး**

**ခက်ဆစ်အဖွင့်**

၁။ ကိုက်ဖူး = သစ်ပင်မှထွက်ပြူစ အဖူး။
၂။ ချဉ်ပေါင်နီ = အရိုးတံနီသောချဉ်ပေါင်တစ်မျိုး။
၃။ ခွဲဖုံးထေ့ = အခွဲမခွာဘဲ ထည့်ချက်သည်။
၄။ ညဉ့်တွင်း = ညအချိန်။
၅။ တို့ခွင် = တို့ရွာဝန်းကျင်၊ တို့နေရာဒေသတစ်ခွင်။
၆။ တင်းထိမ် = ခြုံရန်၊ ကာရန်ချုပ်ထားသောအထည်။
၇။ တစ်ဆင် = တစ်မျိုး၊ တစ်ဖုံ။
၈။ နေဆာပျို့ = နေရောင်ခြည်ပေါ်ထွက်စအချိန်။
၉။ ပလွေကျော်
(ကျော်ပလွေ) = ဘေးတိုက်မှုတ်ရသော ပလွေရှည်။
၁၀။ ပုစွန်လုံး = လယ်ကွင်းရေတိမ်ကမ်းစပ်တွင် တွင်းဖြင့်နေလေ့ရှိသောကဏန်းတစ်မျိုး။
၁၁။ ပင်ယံ = ပင်အမြင့်။
၁၂။ ဖိန်း = ကိုယ်ခန္ဓာ လေးလံထိုင်းမှိုင်းသည်။
၁၃။ ဖျော် = ဖျော်ဖြေသည်။ ရွှင်လန်းအောင်ပြုသည်။ ပျော်ရွှင်အောင်ပြုသည်။
၁၄။ မိုးအကာ = အမိုး၊ အကာ။
၁၅။ မင်းပုံ = မင်းစိုးရာဇာကဲ့သို့။
၁၆။ မှိန်း = မျက်စိမှိတ်လျက် ငြိမ်သက်စွာနေသည်။

**အဓိကအချက်များ**

- ❖ မိန်းမပျိုသည် ချစ်သူမောင်အား နှစ်သက်ပျော်ရွှင်စရာပေါလှသည့် မိမိရွာသို့ ဖိတ်ခေါ်နေသည်။
- ❖ သူ၏အိမ်သည် ထန်းရွက်မိုးကာ၍ အိပ်ရာတွင် နွားသားရေကိုခင်းကာ တင်းထိမ်ကိုခြုံသည်။
- ❖ မိန်းမပျိုလေးသည် ချစ်သူမောင်အား ချဉ်ပေါင်နီ၊ ပုစွန်လုံး၊ လယ်ကြွက်ကင်၊ ဖရုံသီးအချိုချက် စသည့်ဟင်းမျိုးစုံဖြင့်ကျွေးပါမည်။
- ❖ နေမမြင့်မီအချိန်တွင် နံနက်စာအဖြစ် မောင်ကြီးကို မြိန်ရှက်စွာစားစေလိုသောကြောင့် ဟင်းလျာများစွာဖြင့် တည်ခင်းကျွေးပါမည်။
- ❖ နှမလေး၏ စားကောင်းသောက်ဖွယ်များကို အဝစား၍ မောင်ကြီးကို ဇိမ်ရှိရှိမှိန်းစေပါမည်။

DBE BOX

**လေ့ကျင့်ခန်း**

အောက်ပါလေ့ကျင့်ခန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကိုလေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ အောက်တွင်ပေးထားသောစာပိုဒ်မှ ကာရန်တူစကားလုံးတို့ကို ရှာဖွေပါ။

‘ကိုက်ဖူးငယ်ညွန့်စီ
ချဉ်ပေါင်နီကို
ရာသီခလေ့
ပုစွန်လုံး ခွဲဖုံးထေ့လို့
တောလေ့ငယ်တစ်ဆင်
လယ်ကြွက်ကင်နှင့်
တို့ခွင်ဖရုံအချိုချက် ’

၂။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

ပျော်၊ ပျို့၊ ထည်၊ စုံ၊ ကင်၊ တည်

၃။ အောက်ပါစကားလုံးတို့ကို ဝါကျဖွဲ့ပါ။

ပင်ယံ၊ ထန်းရွက်၊ နွားရေ၊ ညဉ့်တွင်း၊ ပလွေ

၄။ ဤကဗျာမှ မိန်းမပျိုလေး၏ စေတနာ၊ မေတ္တာကို မည်သို့တွေ့မြင်ရသနည်း။

၅။ ‘မင်းပုံထည်ထည်၊ နေဆာပျို့၊ အစ်ကို့ကို တည်ပဲ့မယ်’ ဟူသည့် ကဗျာစာသားကို သင့်စကားဖြင့် ပြန်ရေးပါ။

Option
၆။ ဤကဗျာကို ဖတ်ရှုနားထောင်ပြီးသည့်အခါ မည်သို့ခံစားရသနည်း။

## ၉။ ခရီးသွားဆောင်းပါး (သုတရသစကားပြေ)

အောက်ပါဆောင်းပါးကိုဖတ်ပြီး ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာပါ။

စာပိုဒ်များကို အုပ်စုလိုက်ဖတ်ပြီး ဆွေးနွေးပါ။



### ကျိုက်ထီးရိုး

ကျိုက်ထီးရိုးသည် မြန်မာနိုင်ငံ၏ နာမည်ကျော်ကြားသော နေရာတစ်ခုဖြစ်ပါသည်။ မွန်ပြည်နယ် ကျိုက်ထိုမြို့မြောက်ဘက် ၁၆ မိုင်ခန့်အကွာတွင် တည်ရှိသည်။ အထက်မြန်မာပြည်မှ လာလျှင်ဖြစ်စေ၊ ရန်ကုန်မြို့ဘက်မှလာလျှင်ဖြစ်စေ ဘုရားကြီးမြို့၊ ဝေါမြို့တို့မှတစ်ဆင့် စစ်တောင်းတံတားကိုကျော်ဖြတ်ပြီး လာရောက်နိုင်သည်။ မြိတ်မြို့၊ ထားဝယ်မြို့၊ ရေးမြို့တို့ဘက်မှ လာလျှင် မော်လမြိုင်မြို့မှတစ်ဆင့် သံလွင် မော်လမြိုင်တံတားကို ကျော်ဖြတ်ပြီး လာရောက်နိုင်သည်။ ကရင်ပြည်နယ်မှလာလျှင် ဘားအံမြို့၊ သထုံမြို့တို့မှတစ်ဆင့် လာရောက်နိုင်ပါသည်။

ကျိုက်ထီးရိုးဒေသ နာမည်ကျော်ကြားရခြင်းမှာ တောင်ပေါ်တွင်တည်ထားသော ကျိုက်ထီးရိုးစေတီတော်ကြောင့်ဖြစ်သည်။ ကျိုက်ထီးရိုးဟူသောအမည်မှာ ကျာ်က္လသိယိုဝ်းဟူသည့် မွန်စကားမှ ဆင်းသက်လာသည်။ အဓိပ္ပာယ်မှာ ကျာ် = ဘုရား၊ က္လသိ = ရသေ့၊ ယိုဝ်း = ရွက်သည်၊ ရသေ့ဦးခေါင်းဖြင့် ရွက်ထားသောဘုရားဟု ဆိုလိုသည်။ ကျိုက်ထီးရိုးစေတီတော်သည် မြတ်စွာဘုရား၏ ဆံတော်ရှင်ကို ဌာပနာ၍ တည်ထားသောကြောင့် တန်ခိုးကြီးသည်ဟု ယုံကြည်ကိုးကွယ်ကြသည်။ ကျိုက်ထီးရိုးတောင်ပေါ်သို့ရောက်ရှိရန် တောင်ခြေရှိ ကင်ပွန်းစခန်းမှ တောင်တက်ကားများဖြင့်တက်ကြရသည်။ ကင်ပွန်းစခန်းမှ တောင်ပေါ်အထိ ခြေကျင်တောင်တက်၍လည်းသွားနိုင်သည်။ ကားဖြင့်တက်လျှင်



တစ်နာရီခန့်ကြာသည်။ ခြေကျင်တောင်တက်လျှင်မူ နေ့တစ်ဝက်ခန့် ပင်ပင်ပန်းပန်းတက်ကြရသည်။ ယခုအခါတွင် ကျိုက်ထီးရိုးသို့ သွားသူများသည် ကားဖြင့်သာ တောင်ပေါ်သို့ တက်လေ့ရှိကြသည်။

ကျိုက်ထီးရိုးတောင်ခြေ ကင်ပွန်းစခန်းမှ စေတီတော်ရှိရာ တောင်ပေါ်အထိ ကားဖြင့် တိုက်ရိုက်တက်၍လည်းရသည်။ ခရီးတစ်ဝက်ဖြစ်သည့် ရသေ့တောင်စခန်းတွင်ရပ်နားကာ ကောင်းကင်ကြိုးယာဉ်များဖြင့် တက်၍လည်းရသည်။ ကင်ပွန်းစခန်းမှ တောင်ပေါ်သို့တက်ရာတွင် တောအထပ်ထပ်ကိုဖြတ်၍ တောင်ပတ်လမ်းတွင် ကွေ့ကာဝိုက်ကာ ကားစီးရသည်မှာ ပျော်စရာလည်း ကောင်းသည်။ ရင်ဖိုစရာလည်းကောင်းသည်။ ကားစီးရင်း သဘာဝပတ်ဝန်းကျင်ကို ကြည့်ရှုရသည်မှာ ကြည်နူးစရာလည်းဖြစ်သည်။ တောတောင်ရေမြေ၏ လေကောင်းလေသန့်ကို ရှူရှိုက်ရသည်မှာ စိတ်နှလုံးလန်းဆန်းစရာလည်းဖြစ်သည်။ ကောင်းကင်ကြိုးယာဉ် စီးရသည်မှာလည်း ထူးခြားသောအတွေ့အကြုံအသစ်ကို ရရှိစေသည်။

ကျိုက်ထီးရိုးတောင်ပေါ်သို့ရောက်လျှင် မော်တော်ယာဉ်ရပ်နားစခန်းမှဖြစ်စေ၊ ကောင်းကင်ကြိုး ယာဉ်ရပ်နားစခန်းမှဖြစ်စေ ရင်ပြင်တော်ရှိရာသို့ ၁၀ မိနစ်ခန့်လမ်းလျှောက်ရသည်။ တောင်ပေါ်လမ်းတစ်လျှောက်တွင် ခရီးသည်များနားခိုရန် နားနေဆောင်များ၊ စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၊ တည်းခိုခန်းများရှိရာ စိတ်ကြိုက်နားနေနိုင်ပါသည်။ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများသည် ရင်ပြင်တော်ရှိရာသို့ အထမ်းသမားများဖြင့် သက်သောင့်သက်သာ သွားရောက်နိုင်ပါသည်။

ကျိုက်ထီးရိုးစေတီတော် တည်ရှိနေပုံမှာ အံ့ဩစရာကောင်းလှသည်။ ကြီးမားမတ်စောက်သော ကျောက်ဆောင်၏အစွန်းတွင် လုံးပတ် ပေငါးဆယ်ခန့်ရှိသော ကျောက်တုံးကြီးတစ်တုံးရှိသည်။ ကျောက်တုံးကြီးသည် တောင်စောင်းအပြင်ဘက်သို့ တစ်ဝက်နီးပါးထွက်နေသည်။ ထိုကျောက်တုံးကြီးသည် ရသေ့ကြီးဦးခေါင်းနှင့်တူသည်။ ကျောက်တုံးကြီးကို ထွင်းထုပြီး မြတ်စွာဘုရား၏ဆံတော်တစ်ဆူကို ဌာပနာခဲ့သည်။ ထိုကျောက်တုံးကြီးပေါ်တွင် ကျိုက်ထီးရိုးစေတီတော်ကို ဖူးမြော်နိုင်သည်။ စေတီတော်၏ဉာဏ်တော်သည် ၁၅ ပေ ရှိသည်။ စေတီတော်ကို လုံးတော်ပြည့် ရွှေဆိုင်းများကပ်လှူထားသည်။ စေတီတော်တည်ထားရာ ကျောက်တုံးကြီးကိုလည်း ဘုရားဖူးများက ရွှေဆိုင်းများကပ်လှူကြသည်။ ထို့ကြောင့်လည်း ကျိုက်ထီးရိုးစေတီတော်သည် ရွှေရောင်တဝင်းဝင်းဖြင့် အဝေးမှဖူးမြော်ရလျှင်ပင် ကြည်ညိုစရာကောင်းလှသည်။ နံနက်စောစောတွင် အရုဏ်ဆွမ်းကပ်လှူဒါန်းရသည်မှာ ကြည်နူးဖွယ်ဖြစ်ပါသည်။ အရုဏ်ဆွမ်းကပ် လှူဒါန်းပြီးနောက် အရုဏ်ဦးနေထွက်လာသည်ကို တောင်ပေါ်မှကြည့်ရှုရသည်မှာလည်း နှစ်သက်ဖွယ်ကောင်းလှပါသည်။ ခရီးသည်များသည်

ကျိုက်ထီးရိုး အနီးပတ်ဝန်းကျင်ရှိ ရေတံခွန်၊ ကျီးကန်းပါးစပ်၊ မုဆိုးတောင် စသည်များသို့ သွားရောက်လည်ပတ်နိုင်ပါသည်။

ကျိုက်ထီးရိုးသည် တည်နေပုံဆန်းကြယ်ခြင်း၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင် သာယာလှပခြင်း၊ သွားလာရန်လွယ်ကူခြင်းတို့ကြောင့် နှစ်စဉ်သွားရောက်လည်ပတ်သူ များပြားလှပါသည်။ ကျိုက်ထီးရိုးသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ပါ ထင်ရှားကျော်ကြားသည့်နေရာဖြစ်သည့်အတွက် ကမ္ဘာလှည့်ခရီးသည်များလည်း စိတ်ဝင်စားစွာ လာရောက်လည်ပတ်ကြပါသည်။ ကျိုက်ထီးရိုးသို့ သွားရောက်လည်ပတ်ကြသူများသည် ပျော်ရွှင်ခြင်း၊ စိတ်နှလုံးအေးချမ်းခြင်း၊ ကြည်နူးဝမ်းမြောက်ခြင်း၊ အမောအပန်းပြေပျောက်ခြင်း၊ ကိုယ်လက်လန်းဆန်းခြင်း စသည့်အကျိုးများကို ရရှိကြသဖြင့် ကျိုက်ထီးရိုးသည် ဘုရားဖူးများ၊ ပြည်တွင်းပြည်ပခရီးသွားများဖြင့် တစ်နှစ်ပတ်လုံး စည်ကားလျက် ရှိနေပါသည်။

**ခက်ဆစ်အဖွင့်**

၁။ ကောင်းကင်ကြိုးယာဉ် = တောင်ပေါ်စခန်းနှစ်ခုကို ကောင်းကင်မှကြိုးဖြင့် သွယ်တန်း၍ လျှပ်စစ်ဓာတ်အသုံးပြုကာ ပို့ဆောင်သောယာဉ်။

၂။ ဉာဏ်တော် = စေတီ၊ ပုထိုး၊ ဘုရားဆင်းတု၏ အမြင့်။

၃။ ဌာပနာ = မွေတော်၊ ဓာတ်တော်စသည်ကို စေတီပုထိုးတွင်ထည့်သွင်းသည်။

၄။ ရင်ပြင်တော် = ဘုရားစေတီ၏ ဝန်းကျင် ကျယ်ပြန့်သောနေရာ။

၅။ ရွှေဆိုင်း = ဘုရားဆင်းတုတော် သို့မဟုတ် စေတီတော်များတွင် ကပ်လှူသော ရွှေစင်၊ ရွှေပြား။

၆။ လုံးတော်ပြည့် = ဘုရားဆင်းတုတော် စသည်တို့၏ ထုထည်ပတ်လည်အပြည့်။

၇။ သက်သောင့်သက်သာ = မပင်ပန်းဘဲ၊ သက်သက်သာသာ။

**အဓိကအချက်များ**

- ❖ ကျိုက်ထီးရိုးသည် မြန်မာနိုင်ငံ၏နာမည်ကျော်ကြားသော နေရာတစ်ခု ဖြစ်သည်။
- ❖ တောင်ပေါ်ဒေသတွင်တည်ရှိသောကြောင့် လူအများစိတ်ဝင်စားခြင်းဖြစ်သည်။
- ❖ သဘာဝပတ်ဝန်းကျင် အလှတရားများကို ကြည့်ရှုကြရသောကြောင့် ပြည်သူလူထုအများအား ပျော်ရွှင်ချမ်းမြေ့ခြင်းကို ဖြစ်ပေါ်စေခဲ့သည်။
- ❖ စေတီတော်၏ တည်ရှိနေပုံမှာ ကြီးမားမတ်စောက်သော ကျောက်ဆောင်အစွန်းတွင် ရှိသောကြောင့် အံ့သြဖွယ်ကောင်းလှသည်။
- ❖ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ပါ ထင်ရှားကျော်ကြားသည့်နေရာဖြစ်သည့်အတွက် ကမ္ဘာလှည့်ခရီးသွားများလည်း လာရောက်လည်ပတ်ကြသည်။

DBEBOX

## လေ့ကျင့်ခန်း

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ အောက်ပါစာပိုဒ်တွင် မှားယွင်းနေသော စာလုံးပေါင်းသတ်ပုံများကို အမှန်ပြင်ပေးပါ။

ကျိုက်ထီးရိုးစေတီတော်သည် ဆံတော်ရှင်ကို ထာပနာ၍ တည်ထားသောကြောင့် တန်ခိုးကြီးသည်ဟု ယုန်ကြည်ကိုးကွယ်ကြသည်။ ကျိုက်ထီးရိုးတောင်ပေါ်သို့ရောက်ရှိရန် တောင်ချေရှိ ကင်ပွန်းစခန်းမှ တောင်တက်ကားများဖြင့် တတ်ကြရသည်။

၂။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

ကြည်ညို၊ ကြည့်ရှု၊ ကြည်နူး၊ ဖူးမြော်၊ ကျောက်ဆောင်၊ ဆန်းကြယ်

၃။ အောက်ပါစကားလုံးတို့ကို ဝါကျဖွဲ့ပါ။

စိတ်နှလုံး၊ ရေတံခွန်၊ တောင်ခြေ၊ စခန်း၊ သက်ကြီးရွယ်အို

၄။ အောက်တွင်ပေးထားသော စကားလုံးများကို နှစ်ကြိမ်ထပ်၍ စကားလုံးသစ်များ ပြုလုပ်ပါ။

**သာဓက**- ပင်ပန်း = ပင်ပင်ပန်းပန်း

လည်ပတ်၊ ပြေပျောက်၊ အေးချမ်း၊ ကြည်နူး၊ လန်းဆန်း

၅။ ကျိုက်ထီးရိုးခရီးသွားဆောင်းပါးမှ ကျိုက်ထီးရိုးပတ်ဝန်းကျင်ရှိ မြင်ကွင်းများကို သင့်စကားဖြင့် ပြန်လည်တင်ပြပါ။

၆။ သင်သွားဖူးသည့် ခရီးတစ်ခုအကြောင်း စာ ၁၀ ကြောင်းခန့်ရေးပါ။

DBE BOX

## ၁၀။ သံပေါက် (ကဗျာ)

အောက်ပါကဗျာကို ဆရာက ရွတ်ဆိုပြသည့်အခါ ကဗျာ၏ ကာရန်နှင့် အသံကို သေချာစွာ နားထောင်ပါ။ မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။



### သုတရတနာဆုံးမစာ

၁။ တတ်ပြီးပညာ၊ မလေ့လာ၊ မကြာမရှည် ပျောက်တတ်သည်။

၂။ တွေးဆမချိန်၊ သဘောတိမ်၊ လူလိမ်တွေ့၍ မှောက်တတ်သည်။

၃။ လူညစ်လူတေ၊ ပေါင်းမိချေ၊ လွဲသွေကျေးဇူး ဖျောက်တတ်သည်။

၄။ ကျေးဇူးချေပစ်၊ အကျင့်ညစ်၊ မဖြစ်စည်းစိမ် ဟောက်တတ်သည်။

၅။ လူမိုက်တို့ကို၊ ချီးမွမ်းဆို၊ ကိုယ်ရောစိတ်ရော မြောက်တတ်သည်။

၆။ အထဲတမာ၊ ပြင်သကာ၊ ယုံရာဆောင်၍ ရောတတ်သည်။

၇။ ရောတိုင်းယုံမူ၊ မိုက်တဲ့သူ၊ လူလိမ်လူညစ် ကျောတတ်သည်။

၈။ သက်သေစာရင်း၊ မရှိလျှင်း၊ ပေးသွင်းဥစ္စာ ကောတတ်သည်။

၉။ လူမိုက်ဆန္ဒ၊ လိုမကျ၊ ကြုံရကဲ့ရဲ့ ပြောတတ်သည်။

၁၀။ အတွင်းရေးရာ၊ သိလိုခါ၊ မေတ္တာရှိယောင် နှောတတ်သည်။

၁၁။ သူတစ်ပါးကို၊ ကဲ့ရဲ့လို၊ ကိုယ့်မှာရန်သူ ပေါတတ်သည်။

၁၂။ ဥစ္စာမဲ့ငြား၊ ဆင်းရဲများ၊ နှစ်ပါးကိုယ်စိတ် မောတတ်သည်။

၁၉ ရာစု ညောင်ပင်သာဦးပုည

DBE BOX

**ခက်ဆစ်အဖွင့်**

၁။ ကဲ့ရဲ့ = ရှုတ်ချပြောဆိုသည်။

၂။ ကော = အချည်းနှီးဖြစ်သည်။

၃။ ကျေးဇူး = တစ်ဦးက အခြားတစ်ဦးအပေါ် တွင်ပြုသော အကျိုးဆောင်မှု၊ ကောင်းကျိုး။

၄။ ကျော = သူတစ်ပါးထက်သာလွန် ပိုကဲသည်။ မိမိကိုယ်ကျိုးအတွက် သူတစ်ပါးကို မတရားအသုံးပြုသည်။ စီးပိုးသည်။

၅။ ချီးမွမ်း = ချီးကျူးသည်။ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ပြောဆိုသည်။

၆။ စာရင်း = အမျိုးအမည်၊ အရေအတွက်တို့ကို ရေးမှတ်ထားချက်။

၇။ စည်းစိမ် = သုံးဆောင်၊ ခံစားစရာ ရွှေငွေ စသော ပစ္စည်းဥစ္စာ။ ချမ်းသာမှု။

၈။ သကာ = ကြံရည်၊ ထန်းရည် စသည်တို့ကိုကျိုချက်ရာတွင် ခဲလုဆဲဆဲ စေးပျစ်သည့်အရည်။

၉။ သဘောတိမ် = နက်နက်နဲနဲ စဉ်းစားသည့်အလေ့မရှိ။

၁၀။ သက်သေ = အဖြစ်အပျက်ကို မျက်မြင်တွေ့သူ။

၁၁။ ဟောက် = အတွင်းသို့ ချိုင့်ဝင်သည်။

၁၂။ ဥစ္စာ = တစ်ဦးတစ်ယောက်ပိုင်ပစ္စည်း၊ ရွှေငွေ ရတနာပစ္စည်း။

**အဓိကအချက်များ**

- ❖ ဤဆုံးမစာတွင် ပညာနှင့်ပတ်သက်၍ တတ်မြောက်ပြီးသည့် ပညာများကို မမေ့လျော့အောင် လေ့ကျင့်နေရမည်။
- ❖ လောက၌ ပေါင်းသင်းဆက်ဆံရာတွင် ဆောင်ရန် ရှောင်ရန်အချက်များ၊ စီးပွားရှာရာတွင် သတိထားရမည့် အချက်များနှင့် ဆုံးမထားပါသည်။

## လေ့ကျင့်ခန်း

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ လူ ဟူသည့် စကားလုံးကို အခြားစကားလုံးများနှင့်တွဲ၍ စကားလုံးသစ် ၅ လုံး ရေးသားပါ။

**သာဓက** - လူ + ကောင်း = လူကောင်း

၂။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

ရှော၊ ပြော၊ နှော၊ ပေါ၊ မော၊ ချေ

၃။ အောက်ပါစကားလုံးများကို ဝါကျဖွဲ့ပါ။

ကဲ့ရဲ့၊ ချီးမွမ်း၊ စာရင်း၊ သက်သေ၊ အကျင့်၊ ဥစ္စာ

၄။ အောက်ပါသံပေါက်တို့၏ ကာရန်ယူပုံများကို မျဉ်းသားပြပါ။

(က) တပည့်တို့ဝယ်၊ ကျင့်စဖွယ်၊ ငါးသွယ်ဝတ္တရား။

(ခ) ဆရာကြွလာ၊ ထနေရာ၊ ကြိုပါပျပ်ဝပ်တွား။

(ဂ) လည်ဆွဲတန်ဆာ၊ ကဲ့ပမာ၊ ဆရာမှာစကား။

(ဃ) ပြသည့်ပညာ၊ မှတ်သားနာ၊ မြဲစွာနှလုံးထား။

(င) နှလုံးစွဲယူ၊ လေ့လာသူ၊ ကျိုးမူလွန်တိုးပွား။

၅။ သုတရတနာဆုံးမစာမှရရှိသော မှတ်သားလိုက်နာစရာ အချက်သုံးချက်ကိုဖော်ပြပါ။

Option

၆။ သံပေါက်စပ်နည်းကို အသုံးပြု၍ မိမိနှစ်သက်ရာ အကြောင်းအရာတစ်ခုကို သံပေါက် တစ်ကြောင်းစပ်ပြပါ။

**သာဓက** – တို့မြန်မာစာ၊ ချစ်စရာ၊ လေ့လာသင်ကြစို့။

DBE BOX

## ၁၁။ အတ္ထုပ္ပတ္တိ (သုတရသစကားပြေ)

အောက်ပါစာပိုဒ်များကိုဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်ကို လေ့လာပါ။

စာပိုဒ်များကို အုပ်စုလိုက်ဖတ်ပြီး ဆွေးနွေးပါ။

### သတင်းကြီးသည့်မင်းသမီးမထွေးလေး



မင်းသမီးဆိုတာ မထွေးလေးတို့မှ တကယ့်မင်းသမီး ပီပေတာကလားဟူ၍ မထွေးလေးကို သိမီလိုက်သည့် သဘင်ပညာသည်တိုင်းက ချီးကျူးရသော မင်းသမီးမထွေးလေးမှာ မန္တလေးသဘင်ခေတ် အနှစ် ၁၀၀ ၌ မယင်းတော်တို့၊ မဆင်ခိုးတို့၊ မကွမ်းငုံတို့ပေါ်ပြီးသည့် နောက်တစ်ခေတ်တွင် ပေါ်လာသည့် မင်းသမီး ဖြစ်ပါသည်။

မန္တလေး အနှစ် ၁၀၀ သဘင်ခေတ်ကို အကြမ်းဖျင်းအားဖြင့် ၄ ပိုင်းမျှ ပိုင်း၍ကြည့်လျှင် မန္တလေးမြို့တည် နန်းတည် မင်းတုန်းမင်းတရားနှင့် သားတော် သီပေါမင်းတို့ခေတ်တွင် နန်းတွင်း အီနောင်ဇာတ်၊ ရာမဇာတ် စသည်တို့ကို ကပြသည့် မယင်းတော်တို့၊ မကွမ်းငုံတို့၊ မဆင်ခိုးတို့၏ခေတ်ကို မန္တလေး ပထမ သဘင်ခေတ် သို့မဟုတ် ရတနာပုံ သဘင်ခေတ်ဟု ခေါ်နိုင်ပါသည်။

မထွေးလေးတို့ ဆရာပုတို့ ခေတ်ကို မန္တလေးဒုတိယသဘင်ခေတ်ဟု ခေါ်နိုင်ပါသည်။ မြခြေကျင်းမငွေမြိုင်တို့၊

ဩဘာသောင်းတို့၊ လေဘာတီမမြရင်တို့၏ခေတ်ကို မန္တလေးတတိယသဘင်ခေတ်ဟု ခေါ်နိုင်ပါသည်။ ယခု စစ်ပြီးကာလ ပန်တျာခေတ်ကို မန္တလေးစတုတ္ထသဘင်ခေတ်ဟု ခေါ်နိုင်ပါသည်။

ပထမသဘင်ခေတ်၌ မယင်းတော်တို့ ကျော်လှသည်၊ လူကြိုက်များလှသည်ဟု ကြားဖူးပါသည်။ မယင်းတော်မှာ ယင်းတော်မြို့ကို အပိုင်စားရသူဖြစ်သည့် ယင်းတော်မလေးကို လူတွေက ချစ်စနိုးနှင့် မယင်းတော်ဟု ခေါ်ခြင်းဖြစ်သည်။

မယင်းတော်တို့ခေတ်အပြီးတွင် မထွေးလေးတို့ပေါ်လာသည်။ မထွေးလေးသည် ပထမပိုင်း၌ မြေဝိုင်းနှင့်ကသည်။ နောက်ပိုင်းတွင် မြေဝိုင်းမှဇာတ်ခုံပေါ်သို့ ကိုဘိုးကွန်းနှင့်အတူ တက်လာသည်။ ထို့ကြောင့် မြေဝိုင်းမှဇာတ်စင်အတက် စပ်ကူးမပ်ကူးကာလတွင် ကခဲ့သူ၊ ဇာတ်စင်နှင့် ဇာတ်သဘင်ကို တီထွင်သွားကြသူများ ဖြစ်ပါသည်။

ကျွန်မတို့ကမထွေးလေးတို့ခေတ်ကိုမသိမီလိုက်ပါ။ မထွေးလေးမရှိသည့်နောက် ဒုတိယကမ္ဘာစစ်မတိုင်မီက မန္တလေးတတိယသဘင်ခေတ်ကိုသာ သိမီပါသည်။ သို့သော် ကျွန်မတို့ သိမီသည့် သဘင်တစ်ခေတ်လုံးမှ မင်းသမီးတိုင်းက မမထွေး၊ အမေထွေး၊ မေမေထွေးစသဖြင့် သဘင်ပညာနှင့်ဆိုင်လျှင် သူသာလျှင်စံနမူ၊ သူသာလျှင်ဆရာ၊ သူ့ပညာရိပ်ကို ခိုလှုံကပြရပါသည်ဆိုသော စကားမျိုးကို ချည်း ပြောသံကြားရပါသည်။ ထိုစကားကို ဘိုးစိန်တို့၊ အောင်ဗလတို့ကစ၍ မြိန်မြိန်ရှက်ရှက်ကြီး ပြောဆိုကြသည်ကိုလည်း ကြားဖူးပါသည်။

စစ်ပြီးခေတ် မန္တလေးသဘင်ခေတ်တွင်ကား အမေထွေးအက၊ အမေထွေးအမူအရာ၊ အမေထွေးထဘီနားခတ်ပုံ စသည်များကို ပြောသံမကြားရတော့၍ အမေထွေး၏ဩဇာ တိုက်ရိုက်စူးရှမှုကား မရှိတော့။ သို့ရာတွင် မန္တလေးပန်တျာကျောင်း၌ အကနည်းပြဆရာမကြီး ဒေါ်ဩဘာသောင်းမှာ အမေထွေးကို မီသူ၊ အမေထွေးထံ၌ တပည့်ခံနည်းယူဖူးသူ၊ အမေထွေး၏ဟန်ကလေးများနှင့် အကကို ကြိုးစားအတုယူခဲ့သူဖြစ်၍ဒေါ်ဩဘာသောင်း သင်ကြားပေးသဖြင့် နာမည်ကျော်ကြားနေသော မခင်စိန်၊ အမာစိန်၊ နွဲ့နွဲ့စန်းတို့မှအစ ပန်တျာထွက်များအားလုံး အမေထွေးဩဇာ ဒေါ်ဩဘာသောင်းမှတစ်ဆင့် ဝင်လျက်ပင်ရှိနေပါသေးသည်။

မထွေးလေးသည် မင်းသမီးတစ်ယောက်အနေနှင့် စွယ်စုံသူဖြစ်ပါသည်။ သဘင်ပညာသည် တစ်ဦး ကျော်သည်ဆိုလျှင် ယုတ်စွအဆုံး တစ်ခုကောင်းရှိရပါသည်။ မထွေးလေးတို့ သိပ်ကျော်ခြင်းမှာ တစ်ခုမကစွမ်းသည့် အရည်အသွေးတွေရှိသောကြောင့် ဖြစ်ပါသည်။

မထွေးလေးအက၊ မထွေးလေး ဟန်အမူအယူ၊ မထွေးလေးဇာတ်စီးပုံမျိုးကား ယနေ့အထိ သူ့ကိုမီသူ မပေါ်သေး၊ နောင်လည်း ပေါ်ဖို့မလွယ်ဟူ၍ သဘင်ရည်ဝသူတိုင်းက ဝန်ခံကြသည်။

မင်းသမီးအကနှင့်ပတ်သက်၍ မထွေးလေးသည် မထွေးလေးကိုယ်ပိုင်အကဟူ၍ သတ်သတ်မှတ်မှတ်တီထွင်နိုင်သည့် မင်းသမီးဖြစ်သည်။

မြန်မာအကပညာတွင် ကိုယ်ပိုင်မူဟူ၍ တီထွင်နိုင်သူများမှာ များများမရှိ။ မိန်းမထဲမှ မထွေးလေး၊ ယောကျ်ားထဲမှ ဦးစိန်ကတုံးနှင့် ကိုရာပြတ်တို့သာ ရှိသည်ဟူ၍ သဘင်ပညာသည်တို့က ပြောစမှတ်ရှိသည်။ မထွေးလေးအကများသည် အဆစ်ကျိုးလှသည့်အပြင် မထွေးလေး၌ သူများတုမရ၊ လိုက်၍မမီသော အချက်တစ်ချက်ရှိသည်။ ထိုအချက်မှာ ဟန်အမူအရာအကဲပါလှခြင်း၊ နွဲ့နွဲ့နှောင်းနှောင်းရှိလှခြင်း၊ ကိုယ်နေလက်ဟန်ထား အလွန်လှပခြင်း၊ အနေအထိုင် အလွန်တတ်ခြင်းပင်ဖြစ်သည်။

မထွေးလေးကို ဇာတ်ခုံပေါ်၌ ကြည့်လိုက်မည်ဟုဆိုလျှင် က မနေသည့်အခါဖြစ်လင့်ကစား သူလုပ်နေပုံ၊ သူထိုင်နေပုံ၊ သူစကားပြောနေပုံများက မင်းသမီးကဲအလွန်ပါသည်။ မင်းသမီးမှင်အလွန်ကောင်းသူ ဖြစ်ပါသည်။ ဘာကိုမျှ သူရိုးရိုးကြီးမလုပ်တော့။ ဥပမာ-ဇာတ်ခုံပေါ်၌ သူမတ်တတ်ရပ်ရန် လိုသည်ဆိုပါစို့။ မင်းသားအပါးတွင် ရပ်ရသည်ဖြစ်စေ၊ လူပြက်အပါးတွင် ရပ်နေသည်ဖြစ်စေ၊ ရပ်နေလျှင် မထွေးလေးက ဘယ်တော့မှ ခြေစုံမရပ်၊ မတ်မတ်ကြီးလည်းမနေ၊ ခြေတစ်ဖက်ကို ဖနောင့်ကကြွ၍ ဒူးကိုညွှတ်ပြီး ကိုယ်ကလေးကိုယို့၍ထားပြီးမှ ခေါင်းကပါမော့၍ ရပ်သည်။ ထို့ကြောင့် သူ့အမူအရာသည် ထောင့်ထောင့် အောင့်အောင့် မိုးတိုးမတ်တတ်မနေ၊ နွဲ့နွဲ့နှောင်းနှောင်းနှင့် မခို့တရို့ကလေး ဖြစ်နေသည်။ မထွေးလေးသည် သူ့ရင်ကလေးကို အမြဲတမ်း ချီ၍ထားသည်။ ရင်ကလေးချီထားသောကြောင့် မထွေးလေးလှုပ်ရှားသွားလာပုံများသည် ရုပ်သေးမင်းသမီးရုပ်ကလေးနှင့် တူသလားဟု အောက်မေ့ရသည်။ သို့သော် ဤသို့လည်း မတူပါ။ မထွေးလေး၏ ကိုယ်ပိုင်ဟန်ကလေးတစ်မျိုးသာလျှင် ဖြစ်ပါသည်။

မထွေးလေး၏ ကကြိုးများအနက် ကိန္နရာကသည် အလွန်ကျော်ပါသည်။ သဘင်ပညာသည်ကြီးအားလုံးက တညီတညွတ်တည်းပြောပြချက်အရ မထွေးလေး၏ ကိန္နရာကမျိုး ဘယ်သူမှ မကတတ်ကြတော့ဟူ၍ သိရပါသည်။

မထွေးလေးသည် ဒွေးမယ်နော် ငွေတောင်ပြည်ပြန်ခန်းကို ကသည်။ မနော်ဟရီ ကိန္နရီဇာတ်ကိုလည်း ကသည်။

ယခုကာလ မင်းသမီးများလည်း ကိန္နရာကများကကြသည်။ သို့သော် ၎င်းတို့ကသည်မှာ လက်တွင် ကိန္နရာတောင်ပံတပ်၍ထားပြီး လက်ဝါးခါပြခြင်းသာ ဖြစ်သည်။ အလွန်ဆုံး ကတတ်လှပါသည်ဆိုမှ ကိန္နရာအဆင်းလောက်သာ ကတတ်ကြသည်။ မထွေးလေးကသည့် ကိန္နရာကမှာ ကိန္နရာကလေးက အထက်ပျံတက်တော့မည်ရှိသည့်အခါ၌ ကိန္နရာရင်ကွဲကဟု ခေါ်သော အတောင်ပံကို

အရှိန်ယူ၍ခတ်ဟန် ခတ်ကသည့်အကဖြစ်၍ ဟန်မှာ တကယ်ထပျံတော့မည့် ငှက်ကဲ့သို့ရှိ၍ အလွန်ကြည့်ကောင်းသည်။

**၂၀ရာစုဦး** **လူထုဒေါ်အမာ**

## ခက်ဆစ်အဖွင့်

| | |
|---|---|
| ၁။ ကကြိုး | = ကနည်း ကဟန်စနစ်။ |
| ၂။ စပ်ကူးမပ်ကူး | = ခေတ်ကာလတစ်ခုနှင့်တစ်ခုကြား ကာလ။ အကူးအပြောင်းကာလ။ |
| ၃။ ပန်တျာကျောင်း | = အဆို၊ အတီး၊ အကပညာတို့ကို သင်ကြားသည့်ကျောင်း။ |
| ၄။ မြေဝိုင်း | = မြေပြင်တွင် ပန်းပင်၊ ပန်းကိုင်းစိုက်၍ ဝိုင်းပတ်ကပြသော ရှေးခေတ်ဇာတ်ပွဲ။ |
| ၅။ မြိန်မြိန်ရှက်ရှက် | = နှစ်ခြိုက်အားရစွာ။ |
| ၆။ မှင် | = ယုံကြည်မှုပြည့်ဝသည့် တည်ငြိမ်သော ဟန်နေဟန်ထား။ |
| ၇။ လူပြက် | = ဇာတ်၊ အငြိမ့်၊ ဆပ်ကပ်စသည်တွင် ပရိသတ်ရွှင်မြူးအောင်ဖြေဖျော်သူ။ |
| ၈။ အပိုင်စား | = မြို့ရွာစသည်၏ အခွန်အတုတ်ကို ကောက်ခံသုံးစွဲပိုင်ခွင့်။ |

## အဓိကအချက်များ

- ❖ မင်းသမီးမထွေးလေးသည် မန္တလေးဒုတိယသဘင်ခေတ်တွင် ပေါ်ထွန်းခဲ့သူဖြစ်သည်။
- ❖ မြေဝိုင်းမှဇာတ်စင်အတက် စပ်ကူးမပ်ကူးကာလတွင် ဇာတ်စင်နှင့် ဇာတ်သဘင်ကို တီထွင်ခဲ့သူများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။
- ❖ မင်းသမီးအကနှင့်ပတ်သက်လျှင် မထွေးလေးကိုယ်ပိုင်အကဟူ၍ သတ်သတ်မှတ်မှတ် တီထွင်နိုင်သည့် မင်းသမီးလည်းဖြစ်သည်။
- ❖ မထွေးလေး၏ ကကြိုးများအနက် ကိန္နရာအကသည် အလွန်ကျော်ကြားသည်။
- ❖ မန္တလေးတတိယသဘင်တစ်ခေတ်လုံးတွင် သဘင်ပညာနှင့်ဆိုင်လျှင် မင်းသမီးတိုင်းက စံနမူနာ ယူရသူဖြစ်သည်။

DBLE BOX

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ အောက်တွင် ပေးထားသောစကားလုံးများကို ကွက်လပ်များတွင် မှန်ကန်စွာဖြည့်ပါ။

မီ-မှီ၊ ဖူး-ဘူး၊ ခြေ-ချေ

စက်စဲကမ်း-----သို့ ကျွန်တော်ရောက်-----ချင်ပါသည်။ ဆောင်းမကုန်----လိုက်ပို့မည်ဟု အဖေကပြော၏။ ထိုင်ခုံကို-----ရင်း ကျွန်တော်တွေးနေမိသည်။ စက်စဲသို့သွားလျှင် ဘောလုံးတစ်လုံး ယူသွားမည်။ ဘောလုံးမကန်ရလျှင် ကမ်း----သည် ပျော်စရာကောင်းလိမ့်မည် မဟုတ်-----ဟု တွေးနေစဉ် ကျောင်းမသွားသေး-----လား ဟူသော အမေ့အသံကြောင့် လွယ်အိတ်နှင့် ထမင်းချိုင့်ကို ယူကာ ထွက်လာခဲ့ပါသည်။

၂။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

စွယ်စုံ၊ ဩဇာ၊ ယို့၊ မခို့တရို့၊ ခိုလှုံ၊ နွဲ့နှောင်း

၃။ ပေးထားသောစကားလုံးများဖြင့် ဝါကျဖွဲ့ပါ။

တီထွင်၊ ကိုယ်ပိုင်မူ၊ စံနမူ၊ ချီးကျူး၊ ဇာတ်သဘင်

၄။ ဆောင်းပါးတွင်ပါဝင်သော ဇာတ်သဘင်အသုံးအနှုန်းများမှ ၅ ခုကို ထုတ်နုတ်ဖော်ပြပါ။

၅။ သင်နှစ်သက်သော အနုပညာရှင်တစ်ဦး၏ ထူးခြားသော တင်ဆက်မှုများကို စာ ၁ မျက်နှာခန့် စီကုံးပါ။

၆။ မထွေးလေး၏ ထူးခြားသော အနုပညာအရည်အသွေးများကို ဖော်ပြပါ။



DBE BOX

## ၁၂။ လင်္ကာ (ကဗျာ)

အောက်ပါကဗျာကို ဆရာက ရွတ်ဆိုပြသည့်အခါ ကဗျာ၏ ကာရန်နှင့် အသံကို သေချာစွာ နားထောင်ပါ။ မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။



### လူကောင်းလူမွန်

ကျယ်မြင်နှံ့သိ၊ ပညာရှိမူ
ကဝိပျူငှာ၊ ဆန်းဂါထာနှင့်
ကဗျာသံချို၊ ဖွဲ့ဆိုခြင်းလျှင်
တန်ဆာဆင်၏။
နှုတ်မင်္ဂလာ၊ စကားမှာကား
အသာအချို၊ သူနာလိုအောင်
မိန့်ဆိုခြင်းလျှင်၊ တန်ဆာဆင်၏။
သန့်စင်ကြည်ဖြူ၊ ကိုယ်ကိုမူလည်း
ဆံမြူခြမ်းမျှ၊ ဒေါသမသင့်
အကျင့်သီတင်း၊ ကောင်းခြင်းသည်လျှင်
တန်ဆာဆင်၏။

**၁၈ရာစု** **စိန္တကျော်သူဦးဩ**

**ခက်ဆစ်အဖွင့်**

၁။ ကဝိ = စာဆို၊ ပညာရှိ။

၂။ ဂါထာ = ဖွဲ့နည်းစည်းကမ်းတို့နှင့်အညီ ရေးစီသောပါဠိကဗျာ။

၃။ ဆန်း = ပါဠိဂါထာ ဖွဲ့ဆိုနည်းအတတ်။

၄။ နှုတ်မင်္ဂလာ = ကျက်သရေရှိသော နှုတ်ထွက်စကား။

၅။ ပျူငှာ = ဖော်ရွေသည်။

၆။ သီတင်း = အကျင့်သီလ။

**အဓိကအချက်များ**

- ❖ ပညာရှိ၏ အဆင်တန်ဆာသည် ကဗျာလင်္ကာစပ်ဆိုခြင်းဖြစ်သည်။
- ❖ နှုတ်၏အဆင်တန်ဆာမှာ အပြစ်ကင်းသောစကားကို ပြောဆိုခြင်းဖြစ်သည်။
- ❖ ကိုယ်၏အဆင်တန်ဆာမှာ အကျင့်သီလ ဖြူစင်ခြင်းဖြစ်သည်။

**လေ့ကျင့်ခန်း**

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ အောက်ပါကွက်လပ်များတွင် ဆင်-စင်၊ ကျယ်-ကြယ်၊ ချမ်း-ခြမ်း ဟူသည့် စကားလုံး များကို မှန်အောင်ဖြည့်ပါ။

ည----အခါတွင် ဖိုးသာအောင်သည် အိမ်----ဝင်အောက်တွင် ပစ္စည်းများကို-----ပေါ် တင်ပြီး နောက်-----ပြန့်သော နေရာတွင် ထိုင်နေလျက် ကောင်းကင်မှ-----များကိုကြည့်ရှုရင်း လက်ဖက် ပဲ-----များကို ရွာသားများနှင့် ဝိုင်းဖွဲ့စားသောက်ကာ ရွာ၏သာယာရေးကို ဆွေးနွေးတိုင်ပင်ကြသည်။

၂။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

တန်ဆာ၊ ကဗျာ၊ စကား၊ အကျင့်၊ ပညာ၊ မိန့်

၃။ အောက်ပါစကားလုံးများကိုဝါကျဖွဲ့ပါ။

ပညာ၊ ကဝိ၊ ဂါထာ၊ မင်္ဂလာ၊ သီတင်း

၄။ အောက်ပါကဗျာစာပိုဒ်၌ အသုံးပြုထားသော ကာရန်စကားလုံးများကို မျဉ်းသားပြပါ။

သန့်စင်ကြည်ဖြူ ကိုယ်ကိုမူလည်း
ဆံမြူခြမ်းမျှ၊ ဒေါသမသင့်
အကျင့်သီတင်း၊ ကောင်းခြင်းသည်လျှင်
တန်ဆာဆင်၏။

Option ၅။ စကားကို မည်ကဲ့သို့ပြောဆိုသင့်သနည်း။ အဘယ်ကြောင့်နည်း။


Option ၆။ သင့်ပတ်ဝန်းကျင်တွင်ရှိသော စကားအရာချိုသာသူတစ်ဦးအကြောင်းကို စာ ၁၀ ကြောင်းခန့် စီကုံးပါ။

DBE Box

## ၁၃။ စကားပုံ (အသုံးချဘာသာစကား)

အောက်ပါ စကားပုံများကို ဖတ်ပါ။ ခက်ဆစ်အဓိပ္ပာယ်ကို လေ့လာပါ။

စကားပုံများကို အုပ်စုလိုက်ဖတ်ပြီး ဆွေးနွေးပါ။



### တိုင်းရင်းသားစကားပုံများ

လူတို့သည် မိမိတို့၏တစ်သက်တာတွင် တွေ့ရကြုံရ ခံစားရသောတွေ့မှု ကြုံမှု ခံစားမှုအကောင်း အဆိုးတို့ကို မှတ်တမ်းတင်သောအနေဖြင့် သိပ်သည်းကျစ်လျစ်ပေါ်လွင်သော စကားပုံများကို ဖန်တီး ကြပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဖွား တိုင်းရင်းသားအသီးသီးတွင် တိုင်းရင်းသားတို့၏ တွေ့ကြုံခံစားမှုတို့ကို မှတ်တမ်းတင်ထားသော စကားပုံများမြောက်မြားစွာရှိပါသည်။ ထိုစကားပုံတို့သည် ကြားနာမှတ်သားစဉ်းစားဆင်ခြင်သူများကို ပညာဗဟုသုတရစေ၍ အလိမ္မာကို တိုးပွားစေနိုင်သည်။ တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး နားလည်မှုလည်းရနိုင်သည်။ ထို့ကြောင့် တိုင်းရင်းသား စကားပုံများကို လေ့လာမှတ်သားသင့်ပေသည်။

၁။ ကချင်

(၁) အူကိုဆွဲလျှင် အသည်းကနာသည်။

(၂) မှိုရှာ မွှားတွေ့။

၂။ ကယား

(၁) ရတနာရှိရာ ရတနာစု။

(၂) ပေါက်ဖတ်ထိဖူးသူ တစ်ခါနှင့်မှတ်။

၃။ ကရင်

(၁) တွင်းဟောင်းရေကြည် အေးမြသည်။

(၂) နားရွက်က ချိုထက်မြင့်။

၄။ ချင်း

(၁) ဘုတ်ငှက်ပျံသည်ကို လိုက်လျှင် ပြည်မရောက်သည်။

(၂) သူတစ်ပါးလက်ဖြင့် မြွေဖမ်းချင်။

၅။ တောင်ရိုးနှင့်ဓနု

(၁) ပျား ပြောင်း သစ်ခေါင်းကျန်။

(၂) ယာနားနီးချင်း ဆွေမျိုးရင်း။

၆။ ထားဝယ်

(၁) လဲထပ် ဘီးကီး။

(၂) ရွှေလေလာ ပိလေ ဆားလေ ထွပ်။

၇။ ပလောင်

(၁) စစ်တိုက်ခါမှ ရဲမှန်းသိမယ်။

(၂) ဆင်ကောင်ကြီးသလောက် မျက်လုံးငယ်သည်။

၈။ ပအိုဝ့်

(၁) ဒေါက်တိုက ကြမ်းထက်မြင့်။

(၂) အထဲကဖျင်ကြမ်း အပြင်က ဖဲ။

DBE BOX

၉။ လော်ဝေါ်

(၁) ငါးကြီးနေ အင်းပျက်။

(၂) ဝါးမကွဲဘဲနှင့် ရေမဝင်။

၁၀။ မွန်

(၁) လယ်လုပ်မခက် လယ်တီခက်။

(၂) ဒီသံကြားလျှင် လေ့ကမဆင်းနှင့်။

၁၁။ မြန်မာ

(၁) တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုး။

(၂) မကတတ် ဖျာအပြစ်တင်။

၁၂။ ရခိုင်

(၁) ငါးမဟိရာမှာ မျှိုင်စွံ။

(၂) ဝက်သားကင် မောင်ရှင်ဖို့ ငါးခြောက်လှန်း ကျကန်းဖို့။

၁၃။ ရဝမ်

(၁) လူကိုခင်လျှင် လွယ်အိတ်ကိုမနှိုက်ပါနှင့်။

(၂) ခွေးဟောင်၍ တောင်မရွေ့။

၁၄။ ရှမ်း

(၁) ငါးစားလျှင် အရိုးကိုမကြောက်နှင့်။

(၂) ခလောက်မဆွဲသောကျွဲ ရှာရခက်။

၁၅။ လရှီ

(၁) ကျားသားရေတွင် အစင်းရှိသည်။

(၂) အရိုးရင့်ရင့်ကို မခုတ်သင့်။

၁၆။ လီဆူ

(၁) ဝယ်စားသူက ကျွန် လုပ်စားသူက သခင်။

(၂) ထမင်းရွေးသူ ဗိုက်မဝ ရွှေရွေးသူ မကြီးပွား။

DBE BOX

၁၇။ လူရှေ့

(၁) ယောက်ျားယာခုတ် မိန်းမမျိုးချ။

(၂) နွားနောက်ကျား နွားကျားမွေး။

၁၈။ အဖိုး

(၁) တောင်ယာခုတ်မှား တစ်နှစ် မယားယူမှား တစ်သက်။

(၂) အရိုးသင်သည်မှာ သွား စကားသင်သည်မှာ နား။

၁၉။ အင်းသား

(၁) အင်းလယ်ရောက်မှ ဆန်ချေးတောင်းသည်။

(၂) ပန်းလည်းလှစေ ပျားလည်းဝစေ။

**ခက်ဆစ်အဖွင့်**

| | |
|---|---|
| ၁။ ထပ် | = ထက် |
| ၂။ ထွပ် | = ထွက် |
| ၃။ ပိလေ | = ငါးပိလှေ |
| ၄။ ဘီးကီး | = ဘီးကြီး |
| ၅။ မျိုးချ | = မျိုးစေ့ကိုပျိုးသည်။ |
| ၆။ မျှိုင် | = မျှင်ပုစွန် |
| ၇။ လဲ | = လည်း |
| ၈။ အသည်းကနာ | = စိတ်နာကြည်းသည်။ |
| ၉။ အင်း | = အလိုအလျောက်ဖြစ်ပေါ်နေသည့် ကျယ်ပြန့်သောရေအိုင်ကြီး။ |

DBE BOX

## အဓိကအချက်များ

- ❖ လူတို့သည် မိမိတို့၏တစ်သက်တာတွင် တွေ့ကြုံခံစားရသည်တို့ကို မှတ်တမ်းတင်သော အနေဖြင့် သိပ်သည်းကျစ်လျစ်ပေါ်လွင်သော စကားပုံများကို ဖန်တီးကြသည်။
- ❖ မြန်မာတိုင်းရင်းသားများဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ တောင်ရိုးနှင့်ဓနု၊ ထားဝယ်၊ ပလောင်၊ ပအိုဝ့်၊ မရူ၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရဝမ်၊ ရှမ်း၊ လရှီ၊ လီဆူ၊ လူရှေ၊ အဇီး၊ အင်းသားတို့တွင် မိမိတို့၏ တွေ့ကြုံခံစားမှုတို့ကို မှတ်တမ်းတင်ထားသော စကားပုံ မြောက်မြားစွာရှိသည်။
- ❖ တိုင်းရင်းသားစကားပုံတို့ကို လေ့လာခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း တစ်ဦး၏ ဓလေ့ထုံးစံ ယဉ်ကျေးမှုကို တစ်ဦးကနားလည်လာပြီး စည်းလုံးညီညွတ်မှု ပိုမိုရရှိနိုင်ပါသည်။

## လေ့ကျင့်ခန်း

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။

၁။ အောက်ပါစကားလုံး၏ အသံနှင့်အနက်ကို အဘိဓာန်တွင် ရှာပါ။

နွားနောက်၊ ဘုတ်ငှက်၊ ကျွဲ၊ ဆင်၊ ပျား၊ ငါး

၂။ အောက်ပါကွက်လပ်များတွင် သင့်လျော်သည့်စကားပုံများကိုဖြည့်ပါ။

ယာနားနီးချင်း ဆွေမျိုးရင်း။ ဝက်သားကင် မောင်ရှင်ဖို့ ငါးခြောက်လှန်း ကျကန်းဖို့။ ဝါးမကွဲဘဲနှင့် ရေမဝင်။ တံငါနားနီးတံငါ မုဆိုးနားနီး မုဆိုး။ ခွေးဟောင်၍ တောင်မရွေ့။

(က) -------------------- ဆိုသကဲ့သို့ မိမိ မည်မျှပင်ပြောဆိုနေသော်လည်း သူတို့မှာ ဂရုမစိုက်ကြချေ။

(ခ) -------------------- ဆိုသကဲ့သို့ မောင်မောင်တို့မိသားစုနှင့် ကျွန်တော်တို့ မိသားစုမှာ ဆွေမျိုးရင်းချာပမာ ခင်မင်ကြသည်။

(ဂ) -------------------- ဆိုသကဲ့သို့ မိမိနေထိုင်ရာ ပတ်ဝန်းကျင်ကိုလိုက်၍ အမူအကျင့်ပြောင်းလဲတတ်သည်။

DBE BOX

(ဃ) --------------------- ဆိုသကဲ့သို့ မိမိလုပ်သမျှမုန့်မှာ ညီမလေးအတွက်ချည်း ဖြစ်နေတော့သည်။

(င) --------------------- ဆိုသကဲ့သို့ စည်းလုံးညီညွတ်မှုပျက်ပြားခဲ့ရသဖြင့် ရန်သူများ ချိုးဖောက်ခြင်းကိုခံလိုက်ရသည်။

၃။ အောက်ပါတိုင်းရင်းသားစကားပုံများကို အနက်တူရာ ယှဉ်တွဲပေးပါ။

| | |
|---|---|
| (၁) ဧည့်သည်လာလျှင် အိမ်သာယာသည်။ | (က) ဝါဝါမြင်တိုင်း ရွှေမထင်နှင့်။ |
| (၂) ကိုယ်တူးသောတွင်း ကိုယ်တိုင်ကျသည်။ | (ခ) အနာခံမှ အသာစံရမည်။ |
| (၃) ဖြူတိုင်းငွေမဟုတ် ဝါတိုင်းရွှေမဟုတ်။ | (ဂ) ကိုယ်ပြုသောကံ ပဲ့တင်သံ။ ကိုယ်ထံပြန်လာသည်။ |
| (၄) ရေမတိုးမီ တံတားဆောက်ပါ။ | (ဃ) စစ်မရောက်ခင်မြားချွန်။ |
| (၅) ရေငတ်ခံနိုင်လျှင် ရေကြည်သောက်ရမည်။ | (င) အိမ်သာလို့ ဧည့်လာသည်။ |

၄။ အောက်ပါတိုင်းရင်းသားစကားပုံများနှင့် အနက်အဓိပ္ပာယ်ဆင်တူသည့်စကားပုံများကို ဖော်ပြပါ။

(က) ခွေးကိုချစ်တော့ ပါးလျက်နားလျက်၊

(ခ) အမြစ်မလှုပ် အကိုင်းလှုပ်သည်။

(ဂ) မျှစ်ထွက်တာ မြေထဲပြန်မဝင်ဘူး။

(ဃ) စပါးလည်းဆုံး လူးလည်းဆုံး။

(င) လယ်ထွန်သွား ကျွဲမေ့မထားနဲ့။

၅။ လယ်ယာလုပ်ငန်းနှင့် တောင်ယာလုပ်ငန်းမှ ဆင်းသက်လာသည့် တိုင်းရင်းသား စကားပုံများကို လေ့လာတင်ပြပါ။


Option ၆။ "အရိုးသင်သည်မှာ သွား၊ စကားသင်သည်မှာ နား"၊ "ဝက်သားကင် မောင်ရှင်ဖို့၊ ငါးခြောက်လှန်း ကျကန်းဖို့"၊ "သူတစ်ပါးလက်ဖြင့် မြွေဖမ်းချင်"၊ "မကတတ် ဖျာအပြစ်တင်" ဟူသည့် တိုင်းရင်းသား စကားပုံများကို သင်မည်သို့ နားလည်သနည်း။



DBE Box

## ၁၄။ လင်္ကာ (ကဗျာ)

အောက်ပါကဗျာကို ဆရာက ရွတ်ဆိုပြသည့်အခါ ကဗျာ၏ ကာရန်နှင့် အသံကို သေချာစွာ နားထောင်ပါ။ မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။



### ခြင်းပွဲ

အနောက်နေသည်
စေတီတစ်ဆူ၊ ထုံးဖြူဖြူကို
ပူဇော်ကန်တော့၊ ခပ်ဖျော့ဖျော့။
ညောင်ပင်အိုသည်
လေကိုလက်ခံ၊ ရွက်ခတ်သံနှင့်
တေးထံတျာနေ့၊ ခပ်ပျော့ပျော့။

ဘုရားနယ်မြေ၊ ညောင်၏ခြေတွင်
လေတွင်ပျံ့ဝဲ၊ ခြင်းတစ်ပွဲသည်
စိတ်စွဲအောင် တော့၊ ခပ်ကြော့ကြော့။
ထုံးနှင့်စေတီ၊ ညောင်တေးသီ၍
ခြေညီခြင်းဝိုင်း၊ မြင်ရတိုင်းလျှင်
လှိုင်းသို့ရင်ကြွ၊ ရွှင်အားရသည်
မြန်မာ့ရိုးရာ ကစားပွဲ။

၂၀ ရာစု

ကိုလေး (အင်းဝဂုဏ်ရည်)

**ခက်ဆစ်အဖွင့်**

၁။ ကြော့ကြော့ = ကိုယ်နေဟန်ထားကြော့မော့လှပစွာ။
၂။ ကန်တော့ = လက်အုပ်ချီ၍အရိုအသေပြုသည်။ ဦးညွတ်သည်။
၃။ ခြင်းပွဲ = ပရိသတ်ရှေ့တွင်လူခြောက်ယောက်ဝိုင်းဖွဲ့၍ခြင်းလုံးကို အပြန်အလှန်ခတ်ကာ ကစားပြသောခြင်းဝိုင်း။
၄။ စေတီ = ဓာတ်တော်၊ မွေတော်စသည်တို့ကို ဌာပနာထားသည့် အခြေကျယ်၍ အဖျားသွယ်သော အဆောက်အအုံ။
၅။ ညောင်တေး = လေတိုက်ခတ်သဖြင့် ညောင်ရွက်များအချင်းချင်း ရိုက်ခတ်ပြီးထွက်ပေါ် လာသောသာယာသည့်အသံ။
၆။ တေး = သီချင်း။
၇။ ထံတျာ = စောင်းကြိုးမြည်သံ။
၈။ နော့ = နွဲ့နှောင်းသာယာသည်။
၉။ ပူဇော် = အရိုအသေ အလေးအမြတ်ပြုသည်။
၁၀။ ဖျော့ = အသွေးအရောင်လျော့သော။
၁၁။ ဘုရားနယ်မြေ = ဘုရား၊ ဆင်းတုတော်၊ စေတီပုထိုး၊ သိမ်၊ ကျောင်း စသည်တို့ ရှိသည့်နယ်မြေ။
၁၂။ ရိုးရာ = မိဘစဉ်ဆက် ကျင့်သုံးခဲ့သော ဓလေ့ထုံးစံ။

**အဓိကအချက်များ**

- နေဝင်ခါနီးညနေအချိန်အခါတွင် ထုံးဖြူစေတီ၏အနီးအနား၌ လူတစ်စုခြင်းပွဲကစားနေကြသည်။
- လေအဝှေ့တွင် ညောင်ပင်အိုမှ အခက်အရွက်တို့၏ လှုပ်ရှားရိုက်ခတ်သံကို တိုးတိုးညင်သာ သာယာစွာ ကြားနေရသည်။
- သာသနာ့နယ်မြေဖြစ်သော ထုံးစေတီနှင့် ညောင်ပင်အို၏အနီးတွင် ခြေရည်တူဝိုင်းတော်သားများ၏ ခြင်းခတ်ဟန်အမျိုးမျိုးကို မြင်ရသောအခါ နှစ်သက်အားရမိသည်။
- ဘိုးဘွားမိဘအစဉ်အဆက်က စတင်ပေါ်ပေါက်ခဲ့ပြီး ယနေ့အထိ မပျောက်ပျက်သော ဂုဏ်ယူဖွယ်ရာ မြန်မာ့ရိုးရာကစားနည်းလည်းဖြစ်သည်။

## လေ့ကျင့်ခန်း

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ပါ။

၁။ 'ခပ်ဖျော့ဖျော့' 'ခပ်ကြော့ကြော့' ကဲ့သို့ အောက်ပါစကားလုံးများတွင် 'ခပ်' ဟူသော ရှေ့ဆက်စကားလုံးထည့်၍ ဝါကျတွင်သုံးပြပါ။

ကြွ၊ ညီ၊ ဖြူ၊ ရွှင်၊ ဝိုင်း၊ အို

**သာဓက** - ခပ် + ကြွ =ခပ်ကြွကြွ

မောင်မောင်သည် မြင်းကို ခပ်ကြွကြွစီးလာသည်မှာ အလွန်ကြည့်ကောင်းသည်။

၂။ ပူဇော်ကန်တော့၊ ပျံ့ဝဲ တို့သည် ကြိယာနှစ်ခုကိုတွဲထားခြင်းဖြစ်သည်။ ထိုသို့စကားလုံးမျိုး ဖြစ်အောင် အောက်ပါကြိယာတို့ကို တွဲစပ်ကြည့်ပါ။

| | |
|---|---|
| (၁) ကြွရောက် | (က) ကူညီ |
| (၂) ငြိမ့် | (ခ) သွန်သင် |
| (၃) ပြေး | (ဂ) တန်း |
| (၄) အားပေး | (ဃ) ချီးမြှင့် |
| (၅) ဆုံးမ | (င) လွှား |
| (၆) ဖြောင့် | (စ) လေးစား |
| (၇) လွမ်းဆွတ် | (ဆ) ညောင်း |
| (၈) ရိုသေ | (ဇ) တမ်းတ |

၃။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

စိတ်၊ နေ၊ နယ်မြေ၊ လေ၊ လက်ခံ၊ ရွှင်

၄။ ခြင်းပွဲကဗျာကိုဖတ်ပြီးနောက် သင်မည်သို့ခံစားရသနည်း။

၅။ ကဗျာတွင်တွေ့ရသော သာယာလှပသည့် ပတ်ဝန်းကျင်မြင်ကွင်းကို သင့်စကားဖြင့် ပြန်ရေးပါ။

၆။ မြန်မာ့ရိုးရာခြင်းကစားနည်းသည် မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာဖြစ်ပါသလား။ သင်မည်သို့ ထင်မြင်ယူဆပါသနည်း။

DBE BOX

## ၁၅။ ဝတ္ထုတို

အောက်ပါဝတ္ထုတိုကိုဖတ်ပြီး ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာပါ။

စာပိုဒ်များကို အုပ်စုလိုက်ဖတ်ပြီး ဆွေးနွေးပါ။



လွယ်အိတ်စာကြည့်တိုက်

"ရွှေမည်းလေး"

သူ့ကိုအများက မည်းမည်းသည်းသည်းလေးဖြစ်သောကြောင့် ရွှေမည်းလေးဟု ခေါ်ကြသည်။

သူသည် မနက်တိုင်း ချောက်ရေနံမြေစက်ရုံမှ ၆ နာရီ ၁၅ မိနစ် ဥသြမှုတ်သည်နှင့် လက်တွန်းလှည်းပေါ်မှာ ထင်းရှူးသေတ္တာကြီးများ၊ ထန်းခေါက်ဖာကြီးများကိုတင်ပြီး လက်တွန်းလှည်းကိုတွန်းကာ ဈေးသို့သွားရ၏။ ဈေးသို့ရောက်သည်နှင့် အစ်မဖြစ်သူရောင်းချမည့် ဈေးဆိုင်ခန်းအတွက် သူ့လက်တွန်းလှည်းပေါ်မှ ပစ္စည်းများကိုချ၍ စီရစဉ်ရသည်။ ပြီးလျှင်အိမ်ပြန်၊ ကျောင်းစာကို အချိန်ရသမျှဖတ်၊ ညီငယ်၊ ညီမငယ်များအတွက် ထမင်းပွဲပြင် ကျွေးမွေးပြီးမှ မိမိကျောင်းသို့ သွားဖို့ပြင်ဆင်၊ ကျောင်းမှပြန်လျှင် ဈေးသိမ်းဖို့ဆောင်ရွက်၊ သူ့သံသရာသည် ဈေးနှင့်ကျောင်း သံသရာလည်နေ၏။ သို့သော်တစ်ခါတစ်ရံ ဈေးထောင့်က စာအုပ်ဆိုင်သို့ကား ရောက်ဖြစ်အောင် ရောက်တတ်မြဲဖြစ်သည်။

နောက်တစ်ယောက်ကား ခွေးညိုတည်း။ ခွေးညိုသည် မနက် ၅ နာရီလောက်တွင် အိပ်ရာမှထရမြဲဖြစ်၏။ အိပ်ရာမှနိုးသည်နှင့် မိခင်ရောင်းချသည့် လက်ဖက်ရည်ဆိုင်လုပ်ငန်းအားလုံးကို

ပြင်ရ ဆင်ရသည်။ ကျောင်းမသွားမီ တစ်ချိန်လုံး ဆိုင်တွင်း၌ လက်ဖက်ရည်ပန်းကန်များ မုန့်ပန်းကန်များ ချပေးလိုက်၊ သိမ်းဆည်းလိုက်ဖြင့် မိခင်ကြီးကိုကူညီရသည်။ ကျောင်းသွားဖို့ ကတိုက်ကရိုက်ပြင်ဆင်ရသည်။

ညနေ ကျောင်းဆင်းလျှင် အိမ်သို့အပြေးပြန်ရသည်။ အိမ်နောက်ဖေး မြေကွက်လပ်က သီးစားပင်ခြံကလေးကို ရေလောင်းရဦးမည်၊ ပြီးလျှင်ထမင်းစား၊ နေခြည်ညှိုးသည်နှင့် စာအုပ်ဆိုင်သို့လာရ၏။ စာအုပ်ဆိုင်မှ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ဝတ္ထုနှင့် ကျမ်းစာအုပ် အမျိုးမျိုးကို စလွယ်သိုင်း လွယ်အိတ်နှစ်လုံးမှာထည့်၊ အချို့ကိုလက်မှာပွေ့၊ သင်္ဘောဆိပ်ဓာတ်တိုင်သည် သူ၏စာကြည့်ခန်းတစ်ခုဖြစ်သည်။ ထိုနေရာမှာ စာဖတ်ရင်း အညာဆန်သင်္ဘောကလေးအလာကို စောင့်ရ၏။ သင်္ဘောကလေး ရောက်လာသောအခါ သင်္ဘောပေါ်သို့တက်ပြီး စာအုပ်ရောင်းရသည်။ ရသောအခကြေးငွေမှာ သူဖတ်လိုသော ကျောင်းစာအုပ်နှင့် အခြားစာအုပ်အဖုံဖုံ။

ခွေးညိုသည် တစ်ညတစ်ညမှာ စာအုပ်နှစ်မျိုးသုံးမျိုးလောက်ကို ပိုင်ဆိုင်ခွင့်ရသည်။ ထိုစာအုပ်တွေကို ရွှေမည်းလေးနှင့် အတူဖတ်သည်။ ရွှေမည်းလေးက ခွေးညိုယူလာသော စာအုပ်များကို အဖုံးဖုံးပေးသည်။ ချုပ်ပေးသည်။ သည်လိုနှင့်စာအုပ်တွေများလာသည်။ ထိုအခါ ရွှေမည်းလေးက-

" ဟော့ကောင် . . . ခွေးညို၊ တို့ကျောင်းမှာ စာကြည့်တိုက်ထောင်ရအောင်"

ခွေးညိုသည် ရွှေမည်းလေး၏ ဆိုလိုရင်းကို နားလည်လိုက်သည်။ သို့သော် အစီအစဉ်ကိုကား စဉ်းစား၍ မရသေး။

"ထောင်တာတော့ဟုတ်ပါပြီ ရွှေမည်းလေးရာ။ တို့ဘယ်လိုလုပ်ရမှာလဲ"

" ငါ ဒီလိုစိတ်ကူးတယ်ကွ။ မနက်တိုင်း တို့ကျောင်းသွားရင် စာအုပ်တွေကို လွယ်အိတ်တစ်လုံးစီနဲ့ အပိုထည့်မယ်။ အချို့ကိုကြိုးနဲ့စည်းပြီး လက်ကကိုင်သွားမယ်။ ဟိုကျတော့ စာအုပ်ဖတ်ချင်တဲ့လူတွေ လာကြပေ့ဆိုပြီး ဖတ်ချင်တဲ့လူတွေကို ငှားလိုက်မှာပေါ့ကွ"

ခွေးညိုသည် ရွှေမည်းလေး၏အကြံကို သဘောကျသွားသည်။ သူတို့မှာလည်း ယခုအခါ စာအုပ်လေးငါးဆယ်ခန့် စုမိပြီဖြစ်သောကြောင့် သည်စာအုပ်တွေကို အခြားကျောင်းသား၊ ကျောင်းသူများထံသို့ ပေးဖတ်ခြင်းဖြင့် ကျောင်းစာကြည့်တိုက်ကလေး အစပျိုးပေးသင့်သည်ဟု ယူဆထားကြပြီးဖြစ်သည်။

ပထမနေ့တွင် ခွေးညိုနှင့် ရွှေမည်းလေးတို့သည် စာအုပ်ထုပ်တစ်ဖက်၊ လွယ်အိတ်ပိုတစ်ဖက်စီဖြင့် ကျောင်းသို့ရောက်လာပြီး စာအုပ်တွေကို သူတို့အတန်းဖြစ်သော ရှစ်တန်းခန်းစားပွဲပေါ်မှာ ဖြန့်ချသည်။

"စာအုပ်အမျိုးမျိုး ဖတ်ချင်တဲ့လူတွေ လာကြဟေ့"

ခွေးညိုက ကျောင်းအနှံ့ လှည့်အော်သည်။

ကျောင်းသား ကျောင်းသူ လေးငါးခြောက်ဆယ်ခန့်ရောက်လာသည်။ ရွှေမည်းလေးက

" သူငယ်ချင်းတို့ အခု ငါတို့မှာ စာအုပ်ငါးဆယ့်သုံးအုပ် ပါလာတယ်။ အဲ့ဒီစာအုပ်တွေကို မင်းတို့ ဖတ်စေချင်လို့ ယူလာတာ။ တို့ကျောင်းမှာ စာကြည့်တိုက်ကလေးတစ်ခု စထောင်တာပဲ ဆိုပါစို့ကွာ။ ဒါပေမဲ့ ဒီမှာက ပစ္စည်းလဲမရှိဘူး။ စာအုပ်လဲအသင့်မရှိဘူး။ ဒီတော့ တို့ရှိတဲ့ စာအုပ်တွေကို အခုလို လွယ်ပိုးလာခဲ့မယ်။ မင်းတို့တွေ ဖတ်ချင်တာကို ငှားသွားကြ။ တစ်အုပ် သုံးရက် ငှားမယ်။ ပြီးတော့ လဲဖတ်ကြတာပေါ့။ နောက်ထပ်လဲ စာအုပ်တွေရပါလိမ့်မယ်။ ခွေးညိုက သူ့ စာအုပ်ရောင်းလို့ရတဲ့ ပိုက်ဆံနဲ့ စာအုပ်ဝယ်မယ်။ ငါကလဲ ငါ့မုန့်ဖိုးထဲကစုပြီးဝယ်မယ်။ မင်းတို့ထဲက တစ်ပဲတစ်မူး စုပေးမယ့်လူရှိရင်လဲ ပေးကြပေါ့။ စာအုပ်တွေများလာအောင်ဝယ်မယ်။ တို့တစ်တွေ စာအုပ်အများကြီး တစုတဝေးတည်း ဖတ်ရအောင်ပေါ့ကွာ။ ဒီတော့ အခုပါလာတဲ့ စာအုပ်တွေကို တစ်ယောက်စီ လာငှားပါ။ ရိုရိုသေသေကိုင်ကြဖို့လဲ တောင်းပန်ပါတယ်"

ဤသို့ဖြင့် လွယ်အိတ်စာကြည့်တိုက်ကလေး အစပြုလိုက်သည်။ ထိုနေ့ညနေမှာပင် ဂျစ်သခင် သည် ခွေးညိုနှင့် ရွှေမည်းလေးတို့ဆီသို့ ရောက်လာ၏။

"မင်းတို့ အကြံကောင်းတယ်ကွ။ ဒီတော့ မင်းတို့ထဲ ငါလဲပါမယ်။ ငါက စုပုံးတွေလုပ်ပြီး ပိုက်ဆံ ကောက်ပေးမယ်။ ပေးချင်တဲ့လူ၊ ပေးနိုင်တဲ့လူ ပေးပေါ့။ နောက်ပြီး မနက်တိုင်း မင်းတို့ဆီလာမယ်။ စာအုပ်တွေကို အတူသယ်ကြတာပေါ့ကွာ"

ဤသို့ဖြင့် ကျောင်းစာကြည့်တိုက်ကလေး အစပျိုးခဲ့လေသည်။ စာအုပ်များလည်း တစ်စတစ်စ တိုးလာသည်။ ထိုအခါ ချောက်မြို့ဘက်က ကျောင်းလာမြဲဖြစ်သော ဇာတ်လိုက်မင်းသားက အကြံသစ် တစ်ခု တင်ပြ၏။ ထိုအချိန်တွင် သူတို့စာကြည့်တိုက်ကလေးမှ စာအုပ်ငှားဖတ်သူပေါင်းမှာလည်း တစ်ရာ နီးပါး ရှိလာပြီဖြစ်၏။

ပထမတွင် ရွှေမည်းလေး၊ ခွေးညို၊ ဂျစ်သခင်နှင့် ဇာတ်လိုက်မင်းသားတို့သည် ဇာတ်လိုက် မင်းသား၏ အကြံအစည်ကို ဆရာကြီးဖြစ်သူထံသို့ ဝင်ရောက်တင်ပြ၏။ ဆရာကြီးက သဘောတူ သည်။ ထို့ကြောင့် တစ်ညနေတွင် သူတို့စာကြည့်တိုက်ကလေးကို စိတ်ဝင်စားသူများအား အစည်းအဝေး ခေါ်လိုက်သည်။ ကျောင်းသား၊ ကျောင်းသူ သုံးရာနီးပါးအနက် တစ်ရာခန့် စုဝေးမိ၏။ ထိုအခါ ဇာတ်လိုက်မင်းသားက သူ့ အကြံကို တင်ပြသည်။

"သူငယ်ချင်းတို့၊ အခု ငါတို့ စာကြည့်တိုက်မှာ စာအုပ်ကလဲ များလာပြီ။ ဒါပေမဲ့ သိပ်ကျေ နပ်လောက်အောင်တော့ မများသေးဘူးပေါ့။ အခု တို့ဒီမှာ စာကြည့်တိုက်တစ်ခု အကျအနလုပ်နိုင်

အောင် စီစဉ်နေတယ်။ အဲ့ဒါ သူငယ်ချင်းတို့အားလုံးနီးပါး ကူညီမှဖြစ်မှာပဲ။ အစီအစဉ်က ဒီလို။ ပထမတော့ တို့ကျောင်းမှာ လာရောင်းနေတဲ့ ဈေးသည်တွေဆီက ဈေးကောက် ကောက်ဖို့ပဲ။ ဒါကလဲ အလကားကောက်မှာ မဟုတ်ဘူး။ အခုဈေးသည်တွေ လာရောင်းတဲ့အတွက် မြေပဲခွံတို့၊ ကြံဖတ်တို့၊ ဆီးစေ့တို့ စသည်ဖြင့် အမှိုက်တွေရှုပ်တယ် မဟုတ်လား။ ဒီအမှိုက်အတွက် တို့ တံမြက်စည်းသိမ်းရမယ်။ အဲ့ဒီ အလုပ်ကို အကြောင်းပြုပြီး ဈေးကောက် ကောက်မယ်။ အဲ့ဒီကရတဲ့ ပိုက်ဆံနဲ့တို့ စာအုပ်ဝယ်မယ်။ ဗီရိုဝယ်မယ်။ နောက်ပြီး တို့ကျောင်းအတွက် ရေထမ်းငှားရတယ် မဟုတ်လား။ အဲ့ဒါကိုလဲ တို့အားလုံး အလှည့်ကျထမ်းမယ်။ ရေထမ်းခ အသေးသုံးငွေကို ဆရာကြီးက တို့ကို ထုတ်ပေးလိမ့်မယ်။ အခု ခွေးညိုက စာအုပ်ရောင်းတယ်။ သူရောင်းရငွေနဲ့ စာအုပ်ဝယ်တယ်။ ဒီတော့ တို့ကလဲ တံမြက် စည်းလှည်း၊ ဈေးကောက်နဲ့ ရေထမ်းရတဲ့ အသေးသုံးငွေကို စာကြည့်တိုက်အတွက် အသုံးချမယ်။ အဲ့ဒါပဲ။ သူငယ်ချင်းတို့ သဘောတူရင် လုပ်ကြမယ်”

အားလုံး သဘောတူကြသည်။ သို့ဖြင့် နောက်နေ့တွင် အမှိုက်လှည်းအလှည့်ကျ အုပ်စုများဖွဲ့ကာ ကိုယ့်ကျောင်းလုပ်ငန်းကို ကိုယ့်ဘာသာ ထမ်းဆောင်ကြလေတော့သည်။ ကောက်ခံရသောဈေးကောက်ငွေ၊ ရေထမ်းခတို့ဖြင့် စာကြည့်တိုက်ကလေးကို တိုးချဲ့လိုက်ကြတော့လေ၏။

ဤသို့ဖြင့် သူတို့ကျောင်းကလေးတွင် စာအုပ်မျိုးစုံစုံ ဗီရိုကြီးနှစ်လုံးစာမျှ စုဆောင်းမိသောကျောင်းတွင်း စာကြည့်တိုက်ကလေး ဖြစ်ပေါ်လာခဲ့လေသတည်း။

၂၀ ရာစု **မင်းကျော်**

**ခက်ဆစ်အဖွင့်**

၁။ ကတိုက်ကရိုက် = အချိန်မရှိတော့သဖြင့် လျင်မြန်စွာ။
၂။ ကျေနပ် = စိတ်တိုင်းကျဖြစ်သည်။ နှစ်သက်အားရသည်။
၃။ စာကြည့်တိုက် = ကြည့်ရှုလေ့လာရန်၊ ငှားရမ်းရန်စာအုပ်များ သိမ်းဆည်းထားရာ အဆောက်အအုံ။
၄။ စုဆောင်း = ထပ်ကာထပ်ကာစုသည်။
၅။ ဈေးကောက် = ဈေးတွင်ဈေးရောင်းသူထံမှ ကောက်ယူသောအခကြေးငွေ။
၆။ တိုးချဲ့ = ရှိရင်းထက် ပွားများကျယ်ပြန့်အောင်လုပ်သည်။
၇။ သံသရာလည် = တစ်စုံတစ်ရာသောအဖြစ်၊ အခြေအနေတွင် တဝဲလည်လည် ဖြစ်နေသည်။



DBE BOX

| | | |
|---|---|---|
| ၈။ | သိမ်းဆည်း | = စနစ်တကျထားသိုသည်။ |
| ၉။ | အကျအန | = အသေအချာ။ သေသေချာချာ။ |
| ၁၀။ | အကြံသစ် | = စိတ်ကူးအသစ်။ |
| ၁၁။ | အကြံအစည် | = တွေးတောစိတ်ကူးမှု။ |
| ၁၂။ | အစပျိုး | = စတင်သည်။ |
| ၁၃။ | အလကား | = အဖိုးအခပေးရခြင်းမရှိဘဲ။ |
| ၁၄။ | အလှည့်ကျ | = မိမိပြုမူရန်အတွက် ဆိုက်ရောက်လာသော အခွင့်အကြိမ်။ |
| ၁၅။ | အသေးသုံးငွေ | = မြေဖြူ၊ ဘောဖျက်၊ စက္ကူစသည့် အသေးအဖွဲပစ္စည်းတို့ကို ဝယ်ယူရန် အသုံးပြုသောငွေ။ |
| ၁၆။ | ဥဩမှုတ် | = လေအားဖြင့်အသံမြည်အောင်ပြုလုပ်ထားသော အချက်ပေးကိရိယာကို အသံမြည်အောင်ပြုသည်။ |

**အဓိကအချက်များ**

- ❖ မိမိတို့ကိုယ်ပိုင်စာအုပ်လေးများကို အပိုလွယ်အိတ်လေးများဖြင့် ထည့်ယူလာပြီး အတန်းဖော်များကို ဝေငှပေးဖတ်ခြင်းဖြင့် မိမိသာမက အခြားကျောင်းသူ ကျောင်းသားတို့ကိုပါ ဗဟုသုတ ဝေငှပေးနိုင်သည်။
- ❖ စာကြည့်တိုက်သည် ကျောင်းသားကျောင်းသူတို့အတွက် စာပေဘဏ်တိုက်ကြီးဖြစ်သည်။
- ❖ ကျောင်းသားများ ကိုယ်ပိုင်လုပ်အားခများဖြင့် စုပေါင်းဆောင်ရွက်ပါက စာကြည့်တိုက် ထူထောင်နိုင်သည့် အကျိုးရလဒ်ကို ရရှိခဲ့သည်။
- ❖ စုပေါင်းလုပ်ဆောင်ခြင်း၏ ရလဒ်ကောင်းကို သိရှိလာရသည်။



DBE BOX

## လေ့ကျင့်ခန်း

အောက်ပါလေ့ကျင့်ခန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ ပေးထားသည့် ကြိယာစကားလုံးများကို ရ -ရ ဆက်၍ ဝါကျတွင်း၌ သုံးပြပါ။

သိမ်းဆည်း၊ ပြင်ဆင်၊ လွယ်ပိုး၊ လှည့်အော်၊ စုဝေး

သာဓက-စီစဉ်

စီရ စဉ်ရ

သူ့လက်တွန်းလှည်းပေါ်မှ ပစ္စည်းများကိုချ၍ <u>စီရစဉ်ရ</u>သည်။

၂။ ကြိယာစကားလုံးများ၏ရှေ့တွင် လိုက်ဖက်သည့် ကြိယာအထူးပြုစကားလုံးကို ထည့်၍ မျဉ်းသားပေးပါ။

(က) လက်တွန်းလှည်းကို တွန်းကာ ဈေးသို့သွားရ၏။

(ခ) ကျောင်းသွားဖို့ ပြင်ဆင်နေသည်။

(ဂ) စာအုပ်များကို အဖုံးဖုံးထားသည်။

(ဃ) အညာဆန်သဘော်အလာကို စောင့်ရ၏။

(င) နေခြည်ညှိုးသည်နှင့် စာအုပ်ဆိုင်သို့လာရ၏။

၃။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

ပြင်၊ ပြင်ဆင်၊ ပြန်၊ လဲ၊ လွယ်၊ လှည်း

၄။ ရွှေမည်းလေးနှင့် ခွေးညိုတို့သူငယ်ချင်းတစ်စု ကျောင်းစာကြည့်တိုက်လေး ပေါ်ပေါက်လာအောင် ကြိုးပမ်းခဲ့ကြပုံကို သင့်စကားဖြင့် စိတ်ဝင်စားဖွယ်ဖော်ပြပါ။

Option

၅။ လွယ်အိတ်စာကြည့်တိုက်ကဲ့သို့ စာကြည့်တိုက်တစ်ခုကို သင်မည်ကဲ့သို့ လုပ်ဆောင်မည်နည်း။ ရှင်းလင်းတင်ပြပါ။

Option

၆။ သင်နှင့်သူငယ်ချင်းများ အတန်းတွင်း စာအုပ်ပြပွဲလေးတစ်ခု ပြုလုပ်ရမည်ဆိုလျှင် သင်မည်ကဲ့သို့ စီစဉ်ဆောင်ရွက်မည်နည်း။

DBE BOX

## ၁၆။ လေးချိုး (ကဗျာ)

အောက်ပါကဗျာကို ဆရာက ရွတ်ဆိုပြသည့်အခါ ကဗျာ၏ ကာရန်နှင့် အသံကို သေချာစွာ နားထောင်ပါ။ မိမိကိုယ်တိုင် အသံနေအသံထားဖြင့် ရွတ်ဆိုလေ့ကျင့်ပါ။



### ထိပ်ဆုံးသို့

တစ်တောင်ပေါ် တစ်တောင်ဆင့်
တောင်အမြင့်ပတ်ခြံရံ။
တစ်တောင်ဆုံးပြန်တော့
တစ်လုံးကျန်ပြန်ပေသမို့
ဖန်ဖန်လေ အားအင်နှုံးလို့ရယ်
ကြိုး လျှောက်ရပြန်။
ခါတလေ တကယ်ပန်းတာကြောင့်
တော်ပါပြီ ဆက်မလှမ်းချင်ဘူး
ရပ်တန်းက ရပ်မယ်ကြံ
အမှန်တော့ ဖြစ်နိုင်မလား။
စခဲ့မိဟာပေါ့
တစ်နေ့မှာ ဆုံးရာရောက်ပါလိမ့်
အားလျှော့ကာ ဆုတ်ချင်စမ်းပါနဲ့
စိတ်နွမ်းအသာဖြေဦး
မာလာငွေ ကန်ရေအေးရယ်နှင့်
ငှက်တေးကို အာရုံဆင်လို့
မူတစ်သွင် အားအင်သစ်လိုက်ပါ့
ချစ်ဖွယ်လူသား။

၂၀ ရာစု ငွေတာရီ

**ခက်ဆစ်အဖွင့်**

၁။ ငှက်တေး = ငှက်ကလေးတို့၏မြည်ကြွေးသံ။

၂။ ပတ်ခြံရံ = ဝိုင်းရံလျက်ရှိသည်။

၃။ ဖန်ဖန် = အကြိမ်ကြိမ်။

၄။ အာရုံဆင် = နားဆင်၊နားထောင်သည်။

၅။ အားလျှော့ = စိတ်လျှော့သည်။

၆။ အားအင် = ကိုယ်ကာယ၏ အလုပ်လုပ်နိုင်သော စွမ်းအင်။

**အဓိကအချက်များ**

- ❖ ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရန် တစ်ဆင့်ချင်း ကြိုးစားရပါသည်။
- ❖ အလုပ်တစ်ခုကိုလုပ်ဆောင်လျှင် မည်မျှပင်အခက်အခဲကြုံတွေ့စေကာမူ ဆုံးခန်းတိုင်အောင် ကြိုးစားရပါမည်။
- ❖ အောင်မြင်မှုဟူသည် အလွယ်တကူ မရရှိနိုင်ပါ။

**လေ့ကျင့်ခန်း**

အောက်ပါလေ့ကျင့်ခန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကိုလေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ အောက်ပါစကားလုံးများကို တစ်ခုလျှင်သုံးမျိုးစီရအောင် ပွားပေးပါ။

စိတ်၊ တောင်၊ နှုး၊ ကြံ၊ အား

**သာဓက** -

စိတ် → စိတ်ပူ

စိတ် → စိတ်ဆိုး

စိတ် → စိတ်ကောက်



DBE BOX

၂။ ပေးထားသောစကားလုံးများကို စာပိုဒ်တွင် မှန်အောင်ဖြည့်ပါ။

ပန်း - ပမ်း၊ လှမ်း - လှန်း

မိုးအုံ့လာသဖြင့် နေ . . . . ထားသော သရက်သီးခြောက်ဇန်းများကို သိမ်း၍ ညီမလေးကို . . . . ပေးလိုက်သည်။ တစ်နေ့တစ်နေ့ သရက်သီးခြောက်. . . . သောအလုပ်ကို လုပ်နေရသည်ကို မော. . . . သည်ဟု မမြင်ပါ။ လေတိုက်၍ကြွေသော သရက်သီးများကိုကောက်ကာ အပင် . . . . ခံ၍ အမေက စိတ် ပေးပါသည်။ ကျွန်တော်နှင့် ညီမလေးက နေ့စဉ်အခြောက် . . . . သော တာဝန်ကိုယူသည်။ မိုးတွင်းအခါ စားနိုင်ရန် ကြိုး. . . . နေရခြင်း ဖြစ်ပါသည်။

၃။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

လှမ်း၊ ပန်း၊ ကြိုး၊ ဆင့်၊ နွမ်း

၄။ ပေးထားသောစာပိုဒ်တွင်းရှိ ဗျည်းရောသရပါတူသည့် အသံတူစကားလုံးများကို ဖော်ထုတ်ပေးပါ။

တစ်တောင်ပေါ် တစ်တောင်ဆင့်

တောင်အမြင့်ပတ်ခြံရံ။

တစ်တောင်ဆုံးပြန်တော့

တစ်လုံး ကျန်ပြန်ပေသမို့

ဖန်ဖန်လေ အားအင်နှုံးလို့ရယ်

ကြိုး လျှောက်ရပြန်။

၅။ ထိပ်ဆုံးသို့ကဗျာကို ရွတ်ဆိုရသောအခါ သို့မဟုတ် နားထောင်ရသောအခါ မည်သည့် ခံစားမှုများ ဖြစ်ပေါ်လာသနည်း။ အဘယ်ကြောင့်နည်း။

၆။ ကဗျာတွင်ဖော်ပြထားသော ဇွဲလုံ့လရှိသည့် လူသားမျိုး သင်ဖြစ်ချင်ပါသလား။ အဘယ်ကြောင့်နည်း။

DBE BOX

## ၁၇။ တစ်ခန်းရပ်ပြဇာတ် (ပြဇာတ်)

အောက်ပါပြဇာတ်ကို ဆရာစီစဉ်သည့်အတိုင်းဖတ်ပါ။ သရုပ်ဆောင်ပါ။

ခက်ဆစ်အဓိပ္ပာယ်များကိုလေ့လာပါ။



လူရိုးငဖြူ

**သရုပ်ဆောင်များ**

၁။ အမေ (ငဖြူ၏အမေ)

၂။ ငဖြူ (လူရိုးလူအ)

၃။ မနှင်းမေ (ငဖြူနှင့်ပေးစားမည့် မိန်းကလေး)

**ဇာတ်ခုံအပြင်အဆင်**

နွားတင်းကုပ်နှင့်တွဲလျက်ရှိသော အိမ်တစ်အိမ်၊ နောက်ခံကားအဖြစ် ရွာလမ်းမနှင့် အိမ်တန်းရှည်ပါသော ကျေးရွာတစ်ရွာ၏အခင်းအကျင်း။

**(ကားလိပ်ဖွင့်)**

**(အိမ်ရှေ့တံခါးဝ၌ ငဖြူ၏ အမေရပ်နေစေ)**



DBE-X

အမေ ။ ။ (အော်၍) ငဖြူ ငဖြူ ‘ဒီကောင်ကလေး ဘယ်ကိုသွားနေတာပါလိမ့်။ ခဏကလေးမှ အိမ်မှာမနေဘူး။ အိမ်နီးချင်းတွေဆီကို တစ်သွားတည်း သွားနေတာပဲ။ အင်း. . . ဟိုမှာ ပြန်လာပြီ။

ငဖြူ ။ ။ (ဝင်လာ၍) မေမေ နေကောင်းရဲ့လား။

အမေ ။ ။ ဘယ်လျှောက်လည်နေသလဲ၊ လူကလေးရဲ့။ မေမေမှာ စိတ်ပူလိုက်ရတာ မပြောနဲ့တော့။

ငဖြူ ။ ။ သြော်. . . အိမ်နီးချင်း မိတ်ဆွေများဆီကို အလည်သွားနေတာပါ။

အမေ ။ ။ အထင်သားပဲ၊ ဘယ်သူတို့များဆီလဲ။

ငဖြူ ။ ။ ဘကြီးဖိုးသာလှကို အရင်သွားတွေ့တယ်။

အမေ ။ ။ သြော်. . ဘကြီးဖိုးသာလှ၊ အင်မတန်သဘောကောင်းတဲ့လူကြီး၊ သူက မင်းကိုဘာပြောသလဲ။

ငဖြူ ။ ။ အပ်တစ်ချောင်း လက်ဆောင်ပေးလိုက်တယ်။

အမေ ။ ။ အသုံးကျတဲ့ လက်ဆောင်ကလေးပဲ၊ သားကအဝတ်ကြမ်းတော့ အမေ့မှာ တစ်ဖာတည်း ဖာနေရတယ်။ ဘယ်မလဲပြစမ်း။

ငဖြူ ။ ။ စကားပြောနေတုန်း သူ့အိမ်ဘေးက ကောက်ရိုးပုံထဲ ထိုးထားတာ၊ ပြန်ရှာတော့ မတွေ့ဘူး။

အမေ ။ ။ ဘယ်တွေ့နိုင်မလဲ ငမိုက်ရဲ့၊ အင်္ကျီလက်မှာထိုးခဲ့ရတယ်။

ငဖြူ ။ ။ ဟုတ်ကဲ့၊ ဘကြီးဖိုးသာလှကလဲ ဒီလိုပဲပြောတယ်၊ ငမိုက်လို့လဲခေါ်တယ်။

အမေ ။ ။ အခေါ်တောင်နည်းသေး၊ ပြီးတော့ ဘယ်ရောက်သေးသလဲ။

ငဖြူ ။ ။ ဒေါ်ညွန့်စိန်တို့အိမ်သွားလည်တယ်။

အမေ ။ ။ ဒေါ်ညွန့်စိန်၊ တစ်နေ့ကပဲ သားလေးဆုံးသွားရှာတယ်။ သူကကော ဘာများပြောသလဲ။

ငဖြူ ။ ။ များများတော့ မပြောပါဘူး၊ မောင်းချရား တစ်ချောင်းပေးလိုက်တယ်။

အမေ ။ ။ မောင်းချရား၊ အသုံးကျတဲ့ လက်ဆောင်ကလေးပဲ၊ လူကလေး ခဲတံချွန်ဖို့ အတော်ပဲ။

ငဖြူ ။ ။ ကျွန်တော် အင်္ကျီလက်မှာထိုးလာတာ၊ ဘယ်မှာကျနေတယ် မသိဘူး။



DBE Box

အမေ ။ ။ တယ်မိုက်တဲ့ သားပဲ၊ အင်္ကျီအိတ်ထဲမှာ ထည့်ခဲ့ရတယ်။

ငဖြူ ။ ။ ဒေါ်ညွန့်စိန်ကဒီလိုပဲပြောတယ်၊ မိုက်တယ်လို့လဲဆိုတယ်။

အမေ ။ ။ အဆိုတောင်နည်းသေးတယ်။ ကိုင်း နောက်မှတ်ထား၊ ပြီးတော့ ဘယ်ရောက်ခဲ့သေးသလဲ။

ငဖြူ ။ ။ ဦးလေးရွှေမင်းဆီလဲ ရောက်သေးတယ်။

အမေ ။ ။ မောင်ရွှေမင်း၊ သူကကော ဘာပေးလိုက်သလဲ။

ငဖြူ ။ ။ ခွေးကလေးတစ်ကောင်ပေးလိုက်တယ်။

အမေ ။ ။ ခွေးကလေး၊ ဟန်လိုက်လေ၊ အိမ်စောင့်ဖော်ရမယ်။ ဘယ်မှာလဲ။

ငဖြူ ။ ။ အင်္ကျီအိတ်ထဲထိုးထည့်လာတာပဲ၊ သေသွားတယ်။

အမေ ။ ။ ဩော်. . အ လိုက်တဲ့သားနှယ်၊ ခွေးကလေးကိုမှ အိတ်ထဲထိုးထည့်တတ်ပလေ။ လည်ပင်းမှာကြိုးချည်ပြီးတော့ ဖြည်းဖြည်းဆွဲလာရတယ် အမိုက်ရဲ့။

ငဖြူ ။ ။ ဟုတ်ကဲ့ ဦးလေးကလဲ ကျွန်တော့်ကို အ သတဲ့။

အမေ ။ ။ ပြောတာနည်းသေး ဒီပြင်ဘယ်ရောက်သေးသလဲ။

ငဖြူ ။ ။ ဒေါ်ဒေါ်မွှေးဆီလဲ ဝင်ခဲ့တယ်။

အမေ ။ ။ ကောင်းပါတယ်၊ ဆွေမျိုးတွေဆီ ခင်ခင်မင်မင်သွားလာရင် ကောင်းတာပဲ၊ မမွှေးကကော ဘာပေးလိုက်သေးသလဲ။

ငဖြူ ။ ။ ဝက်ပေါင်တစ်ချောင်း ပေးလိုက်တယ်။

အမေ ။ ။ ကောင်းလိုက်လေ၊ မေမေ ဝက်သားကြိုက်မှန်းသိလို့ပေးတာပဲ။ ဘယ်မှာလဲ။

ငဖြူ ။ ။ ကြိုးချည်ပြီးတော့ သတိနဲ့ဆွဲလာတာ၊ လမ်းမှာ ခွေးတွေဝိုင်းဆွဲစားပစ်တယ်။

အမေ ။ ။ စားမှာပေါ့အရူးရဲ့ ခေါင်းပေါ်တင်ယူလာရတယ်။ (စိတ်မရှည်၍)

ငဖြူ ။ ။ ဟုတ်ကဲ့၊ ဒေါ်ဒေါ်မွှေးကလဲ ကျွန်တော့်ကိုရူးသတဲ့။

အမေ ။ ။ အပြောတောင်နည်းသေးတယ်၊ နောက်ကော ဘယ်ရောက်သေးသလဲ။

ငဖြူ ။ ။ အစ်ကို ကိုတင်ဖေတို့အိမ်ဝင်ခဲ့တယ်။

အမေ ။ ။ မောင်တင်ဖေက ဘာများပြောသလဲ။

ငဖြူ ။ ။ နွားကလေးတစ်ကောင် လက်ဆောင်ပေးလိုက်တယ်။



DBE BOX

အမေ ။ ။ နွားကလေး။ တယ်ရက်ရောပါလား၊ ဘယ်မှာလဲ။

ငဖြူ ။ ။ ကျွန်တော် ခေါင်းပေါ် တင်ယူလာတာ ရွာတောင်ကိုလဲရောက်ရော ရုန်းကန်တာနဲ့ လွှတ်လိုက်ရတယ်။

အမေ ။ ။ (ငိုအားထက် ရယ်အားသန်ရာ ဟက်ဟက်ပက်ပက်ရယ်၍) မင်းလုပ်ပုံက လူရယ်စရာ ကောင်းလှသကွယ်။

ငဖြူ ။ ။ ဟုတ်ကဲ့၊ ရွာတောင်ကသူဌေးသမီး မနှင်းမေမြင်လို့ ရယ်လိုက်တာအမေရယ်၊ ခွက်ထိုးခွက်လန်ပဲ။

အမေ ။ ။ ဟေ. . . ဟုတ်လား။ ဒါနဲ့ သူက ဆွံ့ အ နားပင်းနေတယ်ဆို၊ ရယ်အောင်လုပ်နိုင်သူကို အဖသူဌေးက သမီးနဲ့ ပေးစားမယ်ဆို။

ငဖြူ ။ ။ ဟုတ်ကဲ့။ အခု ရယ်လို့၊ မဆွံ့ မအ စကားပြောနိုင်လို့ သူဌေးကြီးက ကျွန်တော်နဲ့ ပေးစားမတဲ့။ အမေ့ကို အခေါ် လွှတ်လိုက်တယ်။

အမေ ။ ။ (ကပျာကယာနှင့်) ဟေ. . . ဟုတ်လား၊ ဒါဖြင့် အမေအဝတ်အစား လဲပါရစေဦး။ (အလှပြင်ရင်း) ဝမ်းသာလိုက်တာသားရယ်၊ မနှင်းမေက ဥစ္စာပေါရုပ်ချော သဘောလဲ ကောင်းပုံရတယ်၊ မင်းကို ကြည်ဖြူပုံရရဲ့လား။

ငဖြူ ။ ။ မြန်မြန်အမေ၊ မနှင်းမေ နွားတင်းကုပ်ထဲက ထိုင်စောင့်နေတယ်။

အမေ ။ ။ ဖြစ်မှဖြစ်ရလေ။

(ပြောရင်း ထဘီကို ကပျာကယာလဲစဉ် ငဖြူက အတင်းလက်ဆွဲခေါ် သွားရာ ထဘီမှာ ဇောက်ထိုးနှင့် ပါသွား၏။ နွားတင်းကုပ်က မနှင်းမေမြင်သောအခါ ဟက်ဟက်ပက်ပက်ရယ်၏။ အမေကလည်း ရယ်၊ ငဖြူကလည်းရယ်၊ သုံးယောက်သား လက်တွဲ၍ ဟက်ဟက်ပက်ပက်ရယ်ကြစဉ် ကားလိပ်ကျ၏။)

၂၀ ရာစု ဒေါက်တာမောင်ဖြူး

**ခက်ဆစ်အဖွင့်**

၁။ မောင်းချခား= လေးလက်မခန့်ရှိခားသွားကို အရိုးအိမ်တွင်ပြန်၍ ချိုးခေါက်ထားနိုင်သောခား။

၂။ ဇောက်ထိုး = ပြောင်းပြန်ဖြစ်သည်။

၃။ ဇွတ် = မဆင်မခြင်၊ အတင်းအဓမ္မလုပ်သည်။

၄။ ရက်ရော = စေတနာထက်သန်သည်။

**အဓိကအချက်များ**

- ❖ တစ်ခန်းရပ်ပြဇာတ်တွင် ပြောစကားများသည် အရေးပါသည်။
- ❖ ပြဇာတ်တွင်လိုအပ်သော ဇာတ်ဝင်ပစ္စည်းများနှင့် ဇာတ်ဝင်စကားများကို ကြိုတင်ပြင်ဆင် လေ့ကျင့်ရသည်။
- ❖ ပြဇာတ်ကောင်းတစ်ခုကို စင်တင်ကပြနိုင်ရန် စီစဉ်ညွှန်ကြားသူသည် အရေးကြီးသည်။

**လေ့ကျင့်ခန်း**

အောက်ပါလေ့ကျင့်ခန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ အောက်ပါစကားလုံးတို့၏အနက်ကို အဘိဓာန်တွင်ရှာပါ။

ဆုံး၊ မိုက်၊ ရိုး၊ ကြည်ဖြူ၊ စိတ်ပူ၊ ကြမ်း

၂။ အောက်ပါစကားလုံးများကို ဝါကျဖွဲ့ပါ။

ကောက်ရိုးပုံ၊ အိမ်နီးချင်း၊ ရုန်းကန်၊ နွားတင်းကုပ်၊ အကျႌအိတ်

၃။ ပေးထားသောစကားလုံးတို့ကို သာဓကပြထားသည့်ပုံစံအတိုင်းရေးပြပါ။

သွား၊ မေး၊ ပြော၊ ခိုင်း၊ မျှော်

**သာဓက**-သွား

-တစ်သွားတည်းသွား

DBE BOX



၄။ ပေးထားသောစကားလုံးများကို ဝါကျများတွင် မှန်ကန်စွာသုံးပြပါ။

ဟက်ဟက်ပက်ပက်၊ ကပျာကယာ၊ ခွက်ထိုးခွက်လန်၊ ခင်ခင်မင်မင်၊ ပေါ့တီးပေါ့ဆ

(က) ကျွန်မတို့အတန်းသားများအားလုံးသည် တစ်ဦးနှင့်တစ်ဦး-------ရှိကြသည်။

(ခ) အတန်းသားများအနက် မလေးငုံသည် မည်သူ့ကိုမျှစကား--------ပြောလေ့မရှိချေ။

(ဂ) ဆရာစာသင်ရင်း ရယ်စရာလေးများပြောသည့်အခါ အတောမသတ်နိုင်အောင် -------- ရယ်တတ်သူမှာ မောင်ဦးဖြစ်သည်။

(ဃ) ဆရာ ဆရာမများကိုမြင်လျှင် ------------- ခရီးဦးကြိုပြုတတ်သူကား အတန်းခေါင်းဆောင်ကြီး ဖြစ်၏။

(င) သို့သော် သူသည် အလုပ်ကို --------- လုပ်တတ်သူတစ်ယောက်တော့မဟုတ်ပေ။

Option ၅။ ပြဇာတ်တွင် ပြောစကားများသည် အဘယ်ကြောင့်အရေးပါသည်ဟု ထင်ပါသနည်း။ သင်၏အမြင်ကို ဆွေးနွေးတင်ပြပါ။

၆။ “ရိုးလွန်းလျှင် အ” ဟူသည့်ခေါင်းစဉ်ဖြင့် လူရိုးဖြူအကြောင်းကို သင့်စကားဖြင့် ပြန်ရေးပါ။



DBE BOX

## ၁၈။ ရသစာတမ်း (ရသစကားပြေ)

အောက်ပါရသစာတမ်းကိုဖတ်ပြီး ခက်ဆစ်အဓိပ္ပာယ်များကို လေ့လာပါ။

စာပိုဒ်များကို အုပ်စုလိုက်ဖတ်ပြီး ဆွေးနွေးပါ။



### မိဖြူ

မိဖြူသည် အမွေးဆွတ်ဆွတ်ဖြူသော ကြောင်မကလေးဖြစ်သည်။ ထိပ်တွင် အနက်ကွက်ကလေး ရှိသော်လည်း မသိသာလှ။ ဝင်းဖန့်သော မျက်လုံးရွဲကြီးများနှင့် မော့ကြည့်နေသောအခါတွင် မိဖြူသည် အလွန်ချစ်စရာကောင်းလှသည်။

မိဖြူကိုကျွန်တော်ချစ်ပါသည်။

မိဖြူမရောက်ခင်က ကျွန်တော်တို့အိမ်တွင် ကြွက်များသောင်းကျန်းလှသည်။ သူတို့ကြောင့် တစ်အိမ်သားလုံး သောကရောက်ကြရသည်။ ကြိုးတန်းမှအဝတ်များကို သူတို့လာကိုက်ဖြတ်၍ အမေက တဖျစ်တောက်တောက် ညည်းတွားသည်။ မီးဖိုချောင်တွင်ထမင်းအိုး၊ ဟင်းအိုးများကို တဂုံဂုံ တဂွမ်ဂွမ်

သူတို့လှန်လွန်း၍ ဒေါ်မြကြီးကလည်း နေ့တိုင်းမေတ္တာပို့သည်။ စာအုပ်စင်ပေါ်မှ စာအုပ်များကို သူတို့လာကိုက်ဖြတ်တတ်၍ ကျွန်တော်ကလည်း ဒေါပွသည်။ သူတို့သည် ခြင်ထောင်ဘေး ကြွက်လျှောက်တန်းမှလည်းကောင်း၊ အိမ်မျက်နှာကြက်ပေါ်မှလည်းကောင်း၊ မီးဖိုချောင်မှလည်းကောင်း တကျွီကျွီအသံပေး၍ လိုက်တမ်းပြေးတမ်း ကစားတတ်ကြသည်။ ထို့ကြောင့်ညဥ့်နက်သန်းခေါင် အိပ်မောကျနေရာမှ ကျွန်တော်တို့ လန့်၍လန့်၍ နိုးကြရသည်။

သည်ကြွက်များရန်ကြောင့် ဘကြီးအိမ်မှ မိဖြူကို ကျွန်တော်သွားတောင်းရသည်။ ဘကြီးက သူ့အိမ်တွင် ကြောင်သုံးကောင်မျှ ရှိသောကြောင့် မိဖြူကို ကြည်ကြည်သာသာ ပေးလိုက်ပါ၏။ မိဖြူကား ကြည်ကြည်သာသာမလိုက်။ ဒေသစိမ်းကို စိုးရွံ့၍လားမသိ။ သူ့ကိုပွေ့ချီလာသော ကျွန်တော့်မျက်နှာကို ကုတ်ခြစ်လျက် ပြန်၍ပြန်၍ ပြေးလေသည်။

လက်ထဲမှ မိဖြူ နှစ်ကြိမ်တိတိ ကုတ်ခြစ်၍ ထွက်ပြေးသောအခါတွင် ကျွန်တော်သည် မိဖြူကို အတင်းဖမ်း၍ ဂုန်နီအိတ်အတွင်းသို့ ထည့်သည်။ ဂုန်နီအိတ်အတွင်းသို့ မိဖြူရောက်သောအခါ ကြိုးဖြင့် စုစည်းလိုက်သည်။ မိဖြူသည် ဂုန်နီအိတ်အတွင်းမှ အသံကုန်အော်သည်။ ဂုန်နီအိတ်ကိုလည်း လက်သည်းခြေသည်းများဖြင့် အပြင်းအထန်ကုတ်ခြစ်သည်။ မိဖြူ လန့်ရှာပေလိမ့်မည်။ မိဖြူ ကြောက်ရှာပေလိမ့်မည်။ မိဖြူလေး မွန်း၍ အသက်ရှူကျပ်ရှာပေလိမ့်မည်။ ကျွန်တော်ညှာတာမိပါ၏။ ကိုယ်ချင်းစာမိပါ၏။ မလွှဲသာသောကြောင့် မိဖြူကို ကျွန်တော် ကြမ်းကြမ်းတမ်းတမ်း ဆောင်ယူခဲ့ရပါသည်။

မိဖြူရောက်သည့်နေ့မှစ၍ ကြိုးတန်းမှအဝတ်များလည်း ဘေးကင်းသည်။ စာအုပ်စင်မှ စာအုပ်များခမျာလည်း စိတ်ချမ်းသာရကြသည်။ မီးဖိုချောင်မှ ထမင်းအိုး၊ ဟင်းအိုးတို့သည်လည်း တဂုံဂုံ တဝွမ်ဝွမ် အသံမမြည်ရတော့။ ညဥ့်နက်သန်းခေါင် အိပ်မောကျရာမှလည်း ကျွန်တော်တို့ လန့်၍လန့်၍ မနိုးရတော့။

မိဖြူကို အမေကလည်း ချစ်သည်။ ဒေါ်မြကြီးကလည်း ချစ်သည်။ ကျွန်တော်ကလည်း ချစ်ပါသည်။ မိဖြူကလည်း အမေ့ကိုချစ်ပါသည်။ ဒေါ်မြကြီးကိုလည်းချစ်သည်။ သို့သော် ကျွန်တော့်ကိုကား မိဖြူသည်မချစ်ဟု ကျွန်တော်ထင်သည်။

နံနက်ခင်း နေဆာလှုံရင်း ကျွန်တော်စာဖတ်လေ့ရှိသည်။ ထိုအခါများ၌ ကျွန်တော့်နားတွင် မိဖြူရှိစေချင်သည်။ လေအဝှေ့တွင် တဖျပ်ဖျပ်လွင့်နေသော ခန်းဆီးစပြာပြာလေးကို လှမ်း၍လှမ်း၍ လက်ဖြင့် ပုတ်ကာတို့ကာ မိဖြူကစားနေစေချင်သည်။ ဘောလုံးကို လက်ဖြင့် လှိမ့်ကာ၊ ပုတ်ကာ၊ ခုန်အုပ်ကာဖြင့် မိဖြူ ကစားနေစေချင်သည်။ ကျွန်တော့်ခြေထောက်များကို ခေါင်းဖြင့်တိုးဝှေ့ကာ မိဖြူ ပွတ်သီးပွတ်သပ် နေစေချင်သည်။ မလှမ်းမကမ်းမှနေ၍ ကျွန်တော့်မျက်နှာကို ဝင်းဖန့်သော မျက်လုံးရွဲကြီးများဖြင့် မိဖြူမော်ကြည့်နေစေချင်သည်။ သို့သော် ကျွန်တော့်အနားတွင် ဘယ်အခါမှ

မိဖြူမနေ။ ထိုအချိန်များတွင် မီးဖိုချောင်၌အလုပ်များနေသော ဒေါ်မြကြီးအနားတွင်သာ မိဖြူသွား၍ပရောပရည် နေတတ်သည်။ ကျွန်တော့်အနားတွင် ရှိစေချင်၍ "မိဖြူ . . မိဖြူ . . လာလာ"ဟု သွား၍ချော့ခေါ်သော်မှ သူမလာ။

ညနေခင်း နေအေးချိန်၌ကျွန်တော်သည်ခြံထဲတွင် ခြေခင်းလက်ခင်းဆန့်လေ့ရှိသည်။ ထိုအခါ၌ မိဖြူသည် ကျွန်တော်နှင့် အတူလိုက်ပါလေက မည်မျှကောင်းမည်နည်း။ ကြွေကျလာသော ဗာဒံရွက်ခြောက်များတို့ လေထဲ၌ ဝဲပျံနေချိန်တွင် မိဖြူ ခုန်၍ခုန်၍ဖမ်းကာ ရွက်ခြောက်တို့ဖြင့်တို့ထိကစား မြူးတူးနေသည်ကိုငေးမော၍ ကျွန်တော်ကြည့်ရပါက တစ်နေ့လုံး ပင်ပန်းခဲ့သမျှသောစိတ်ကို အနားပေးနိုင်ပေလိမ့်မည်။ မြက်ခင်းစိမ်းစိမ်းနှင့် ပန်းပင်များကြားတွင် ဟိုသည် ဝဲပျံနေသော လိပ်ပြာရောင်စုံများကို မိဖြူဝပ်ကာ၊ ချောင်းကာ၊ ခုန်အုပ်ကာဖြင့် လိုက်၍ဖမ်းနေသည်ကိုစောင့်၍ ကျွန်တော်ကြည့်ရပါက တစ်နေ့လုံး ထိုင်းမှိုင်းလေးလံနေသောစိတ်ကို ပေါ့ပါးသွက်လက်အောင် ပြုနိုင်ပေလိမ့်မည်။ သို့သော် မိဖြူသည် ကျွန်တော် လမ်းလျှောက်ရာတွင် ဘယ်အခါမျှ လိုက်ပါလေ့မရှိ။ ကျွန်တော့်တောင့်တချက်တို့သည်လည်း ဘယ်အခါမျှမပြည့်။

ကျွန်တော်သည် ဟင်းကောင်းကျွေးကောင်းများဖြင့် နယ်ဖတ်၍ "မိဖြူ . . မိဖြူ . . မိန်မိန်" ဟု တကြော်ကြော်ခေါ်လျက် ကိုယ်တိုင် တယုတယကျွေးပါသည်။ မိဖြူသည် အဝေးမှသာ ကိုယ်ယောင်ပြနေသည်။ လာ၍ကား မိဖြူမစား။ ကျွန်တော်မရှိသောအခါမှ မိဖြူလာ၍ ဣန္ဒြေရရ စားသည်။ မိဖြူရှိရာသို့ ကျွန်တော်တမင်သွား၍ ချော့မြှူကြည့်ပါသည်။ ထိုအခါများတွင်လည်း မိဖြူသည် ကျွန်တော့် အချော့အမြှူကိုမခံ။ ကျွန်တော် အနားကပ်သည်နှင့် မထီတထီ၊ ခပ်တည်တည် ရှောင်၍ရှောင်၍ သွားတတ်သည်။ မိဖြူကို ကျွန်တော်ချစ်သောကြောင့်၊ သံယောဇဉ်တွယ်သောကြောင့်၊ တစ်အိမ်တည်းတွင် အတူနေကြသူများဖြစ်၍ ရင်းရင်းနှီးနှီး ရှိစေချင်သောကြောင့် မိဖြူနှင့်ရင်းနှီးအောင် ကျွန်တော် အကြိမ်ကြိမ်ကြိုးစားပါသော်လည်း တစ်ခါမျှမအောင်မြင်ခဲ့။ မိဖြူသည် ကျွန်တော့်ကို ဘာကြောင့် ခပ်တန်းတန်းနေချင်ရပါသနည်း။ ဘာကြောင့် ရှောင်ဖယ်ဖယ် ပြုမူချင်ရပါသနည်း။ ဘာကြောင့် စိမ်းချင်ရပါသနည်း။

ကျွန်တော့်ကို မိဖြူ ရှောင်ဖယ် ရှောင်ဖယ် ပြုဖန်များသောအခါ ကျွန်တော်သည် မိဖြူအပေါ်မချစ်ချင်တော့။ သံယောဇဉ် မတွယ်ချင်တော့။ သည်က ဤမျှလိုက်လျောသည်ကိုမျှ မထောက်ထား။ စိမ်းနိုင်အားသည်။ သူချစ်မှ ကိုယ်ချစ်မပေါ့ဟူသော စိတ်များဝင်လာတော့သည်။ ဤစိတ်များကြောင့်ပင် မိဖြူနှင့်ကျွန်တော် တဖြည်းဖြည်း စိမ်း၍စိမ်း၍ သွားတော့သည်။ ကျွန်တော်ကလည်း ယောင်မှား၍ "မိဖြူ . . မိဖြူ" ဟု မခေါ်ချင်တော့။ မိဖြူကလည်း ဘယ်ခါမျှကျွန်တော့်အနားသို့ မလာ။

မိဖြူရောက်သည့်နေ့မှစ၍ ကြွက်များရန်မှ ငြိမ်းသောကြောင့် ကျွန်တော်တို့ စိတ်ချမ်းသာရှိကြပါသည်။ မိဖြူသည် သူ့တာဝန်ကို ကျေပွန်သည်ဟု ဆိုနိုင်ပါ၏။ သို့ရာတွင် ကျွန်တော့်အဖို့ကား မိဖြူကို မွေးရကျိုးနပ်သည်ဟုပင် မထင်ချင်တော့။

လွန်ခဲ့သည့်လကမူ ခြံရှေ့ထွက်၍ မိဖြူအဆော့တွင် ခွေးကိုက်ခံရသောကြောင့် မိဖြူသေဆုံးသွားသည်။ မိဖြူဆုံးစဉ်က အမေသည် ဆွေမျိုးရင်းချာ တစ်ဦးသေဆုံးသကဲ့သို့ စိတ်သောကရောက်လေသည်။ ဒေါ်မြကြီးမှာမူ မိဖြူအတွက် မျက်ရည်ပင်ကျရှာသည်။ သို့သော် ကျွန်တော့်စိတ်၌ကား ကြေကွဲခြင်းလည်းမဖြစ်၊ နှမြောတသခြင်းလည်းမဖြစ်။ ကရုဏာလည်း မသက်မိ။ ကျွန်တော့်ကို မိဖြူရှောင်ဖယ်ရှောင်ဖယ် လုပ်ရကောင်းလား၊ စိမ်းရကောင်းလား၊ ရင်းရင်းနှီးနှီး ပွတ်သီးပွတ်သပ်မနေရကောင်းလားဟူသော အတွေးဖြင့် မိဖြူအပေါ် စိတ်ချဉ်ပေါက်ခဲ့မိသည်။

ယခုအခါတွင် မိဖြူဆုံး၍ တစ်လကျော်လာပြီ။ ကျွန်တော့်သွေးလည်း အေးစပြုလာပြီ။ ကျွန်တော့်ကို မိဖြူရှောင်ဖယ်ရှောင်ဖယ်လုပ်သော်လည်း အမေနှင့်ဒေါ်မြကြီးကို မိဖြူ ရောရောဝင်ဝင်နေသည်။ ကျွန်တော့်ကို မိဖြူရင်းရင်းနှီးနှီး ပွတ်သီးပွတ်သပ် မနေသော်လည်း အမေနှင့်ဒေါ်မြကြီးကို ရင်းရင်းနှီးနှီး ပွတ်သီးပွတ်သပ်နေသည်။ ကျွန်တော့်ကို မိဖြူ ရှောင်ဖယ်ရှောင်ဖယ် လုပ်ရခြင်းမှာလည်း သူ့ကို ဂုန်နီအိတ်တွင်းသို့ အတင်းအဓမ္မဖမ်းထည့်ပြီး ကြမ်းကြမ်းတမ်းတမ်း ခေါ်ဆောင်ခဲ့ဖူးသောကြောင့် ကျွန်တော့်ကို ကြောက်သွားသဖြင့် ကျွန်တော့်ကို ရှောင်ဖယ်ရှောင်ဖယ်လုပ်ခဲ့ခြင်း ဖြစ်နိုင်လေသည်။ ဤအချက်ကို ယခုအခါမှ ကျွန်တော်ဆင်ခြင်လာမိသည်။

ဒေါသအပြစ်၊ မဖြစ်မနေ ပြောက်၊ မမုန်းလောက်သည်ကို အဆောက်အဦ အပြစ်ကြီးယူ၍ မိဖြူအပေါ်တွင် ငြူစူမာန်ဝင်ခဲ့သည့်အဖြစ်ကို ယခုအခါမှ ကျွန်တော် ဆင်ခြင်လာမိသည်။

မိဖြူအကြောင်းမှ နှီးနှယ်၍ မိမိလိုဘကိုသာ တစ်ဖက်သတ် ကြည့်တတ်ကြသော လူ့သဘော၊ မိမိအလိုသို့ မလိုက်သောကြောင့် မိမိဆန္ဒမပြည့်ဝသောကြောင့် သူတစ်ဖက်သားအား လျစ်လျူရှုတတ် ရန်ငြိုးသိုတတ် နှိမ်တတ် ချုပ်ချယ်တတ်သော လူ့သဘော၊ မိမိအလိုသို့ လိုက်သောကြောင့် မိမိဆန္ဒကို ဖြည့်စွမ်းသောကြောင့် အရေးပေးတတ် မျက်နှာလိုက်တတ် ချီးမြှင့်တတ် မ စ တတ်သော လူ့သဘော၊ ဤလူ့သဘော၊ လူ့သဘာဝတို့ကို ယခုအခါမှ ကျွန်တော်ဆင်ခြင်လာမိသည်။

ကျွန်တော်သည် အိမ်မွေးသတ္တဝါငယ်လေးအပေါ်တွင် အတ္တမာနကဲ၍ စိတ်ထားကျဉ်းမြောင်းခဲ့သည့်အဖြစ်ကိုတွေးမိ၍ ကျွန်တော် တစိမ့်စိမ့် ရှက်လာပါသည်။ နောင်အခါ၌ စိတ်ထားကျဉ်းမြောင်းသောသူ မဖြစ်ရအောင် ကျွန်တော်ကြိုးစားရပေဦးတော့မည်။

**၂၀ ရာစု** **တက္ကသိုလ်ဝင်းမွန်**

ခက်ဆစ်အဖွင့်

၁။ ကရုဏာ = သနားကြင်နာခြင်း။
၂။ ခပ်တန်းတန်း = အရောတဝင်မဟုတ်။ ခပ်မှန်မှန်။
၃။ ချုပ်ချယ် = တစ်ဖက်သား၏ အခွင့်အရေး၊ လွတ်လပ်မှုစသည်ကို ဟန့်တား ပိတ်ပင်သည်။
၄။ ငြူစူ = မလိုလား မရှုဆိတ် မကြည်ဖြူ ဖြစ်သည်။
၅။ စိုးရွံ့ = စိတ်ပူသည်။ ကြောင့်ကြသည်။ ပူပန်သည်။
၆။ စိတ်ချဉ်ပေါက် = တစ်ဦးတစ်ယောက်ပေါ်တွင် စိတ်မကျေနပ်ဖြစ်သည်။
၇။ စိမ်းချင် = ချစ်ခင်တွယ်တာခြင်း၊ ငဲ့ညှာထောက်ထားခြင်း ကင်းမဲ့ချင်သည်။
၈။ ဆင်ခြင် = ချင့်ချိန်သည်။ စဉ်းစားသည်။ သုံးသပ်သည်။
၉။ ဆန္ဒ = လိုချင်မှု။ အလိုရှိမှု။
၁၀။ တစ်ဖက်သတ် = တစ်ဖက်တည်းကသာ။
၁၁။ ပရောပရည် = ဣန္ဒြေမဲ့စွာ အရောတဝင်။
၁၂။ မထီတထိ(မထီတရီ)= မထီလေးစား။
၁၃။ မေတ္တာပို့ = သတ္တဝါတို့အတွက် ကျန်းမာချမ်းသာစေရန် ဆုတောင်းသည်။
၁၄။ လိုဘ = အလိုဆန္ဒ။
၁၅။ လိုက်လျော = ဆန္ဒအတိုင်း ဖြစ်စေသည်။
၁၆။ လျစ်လျူရှု = ဂရုမစိုက်။
၁၇။ သံယောဇဉ် = နှောင်ဖွဲ့တတ်သောသဘော။
၁၈။ အဓမ္မ = နိုင်ထက်စီးနင်း။
၁၉။ ဣန္ဒြေရ = တည်ငြိမ်လေးနက်သည်။

**အဓိကအချက်များ**

- ကြမ်းတမ်းစွာဆက်ဆံခြင်းကို မည်သူမျှမနှစ်သက်သောကြောင့် နူးညံ့သိမ်မွေ့စွာဆက်ဆံ ရမည်။
- မိမိ၏ အလိုဆန္ဒကို မလိုက်လျောသူကို ငြူစူမုန်းတီးရန်ငြိုးဖွဲ့တတ်ပြီး မိမိအလိုဆန္ဒကို လိုက် လျောသူကိုမူ ကြည်ဖြူချစ်ခင်နှစ်သက်တတ်သည့် အလိုဆန္ဒတစ်ခုကိုသာ ကြည့်တတ်သည့် လူ့သဘောသဘာဝကို သတိပြုဆင်ခြင်ရမည်။



## လေ့ကျင့်ခန်း

အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။ အဖြေများကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ပါ။

၁။ အောက်ပါစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို အဘိဓာန်တွင်ရှာပါ။

ကိုယ်ယောင်ပြ၊ သံယောဇဉ်၊ ဆင်ခြင်၊ ကျဉ်းမြောင်း၊ ချော့မြှူ၊ ကျေပွန်

၂။ အောက်ပါစကားလုံးတို့ကို ဝါကျဖွဲ့ပါ။

မေတ္တာပို့၊ စိတ်ချဉ်ပေါက်၊ မထီတထီ၊ လိုက်လျော၊ ချုပ်ချယ်

၃။ အောက်ပါစကားလုံးများသည် မည်သည့်အထူးပြုများဖြစ်သနည်း။

အမွေးဆွတ်ဆွတ်ဖြူ၊ မျက်လုံးရွဲကြီးများ၊ တကြော်ကြော်ခေါ်၊ တစိမ့်စိမ့်ရှက်၊ အကြိမ်ကြိမ်ကြိုးစား

၄။ သူချစ်မှကိုယ်ချစ်ဟူသောသဘောကို မိဖြူနေရာမှ ခံစားတင်ပြပါ။

Option ၅။ သင်သည် ကျွန်တော်ဟူသည့် ဇာတ်ဆောင်ကဲ့သို့ မိဖြူ၏တုံ့ပြန်မှုကို မရရှိခဲ့ပါက မိဖြူအပေါ်တွင် မည်သို့တုံ့ပြန်ဆက်ဆံမည်နည်း။

Option ၆။ မိဖြူအကြောင်းကိုသင်ယူရသဖြင့် လူ့သဘော၊ လူ့သဘာဝများကို မည်သို့ဆင်ခြင်မိသနည်း။

# အပိုင်း–၂
# မြန်မာသဒ္ဒါ

## ၁၉။ အထူးပြုအစု

### ၁၉၊ ၁။ ပြန်လှန်လေ့ကျင့်ခန်း

ဆဋ္ဌမတန်း သဒ္ဒါသင်ခန်းစာတွင် နာမ်အစု၊ ကြိယာအစုနှင့် ဝါကျရိုးဟူသော သဒ္ဒါစကားလုံးနှင့် သဒ္ဒါအသုံးများကို သိရှိလေ့ကျင့်ခဲ့ကြပြီးဖြစ်သည်။ သတ္တမတန်း သဒ္ဒါသင်ခန်းစာများမစမီ နာမ်အစု ကြိယာအစုများနှင့် ဝါကျရိုးတည်ဆောက်ပုံများကို ပြန်လှန်စဉ်းစားလေ့ကျင့်ကြပါမည်။





### နာမ်အစုဆိုင်ရာ ပြန်လှန်လေ့ကျင့်ခန်း

ကျွန်တော်တို့ ဆဋ္ဌမတန်းမှာမြန်မာသဒ္ဒါကိုစပြီး သင်ကြားရပါတယ်။ သဒ္ဒါသင်ခန်းစာတွေမှာ ရုပ်ပုံတွေပါတော့ ပျော်စရာ စိတ်ဝင်စားစရာကောင်းလှပါတယ်။ ဗဟုသုတပေးတဲ့ အကြောင်းအရာတွေ ဇာတ်လမ်းတွေလဲ အများကြီးဖတ်ရတယ်။ အမေးအဖြေ သင်ခန်းစာတွေ ကွက်လပ်ဖြည့်တာတွေနဲ့ လေ့ကျင့်ရတယ်။ အဲဒီလို သင်ရင်းနဲ့ စာရေးခြင်း၊ စကားပြောခြင်း၊ စာဖတ်ခြင်းတွေမှာ သဒ္ဒါနည်းစနစ် မှန်ကန်ရေးက ဘယ်လောက်တောင်အရေးကြီးပုံကို ကောင်းကောင်းကြီးသိရှိခဲ့ရပါတယ်။ ဝါကျရိုး သင်ခန်းစာတွေကိုသင်ပြန်တော့ ကျွန်တော်တို့နေ့စဉ်ပြောနေတဲ့ စကားတွေဟာ ဝါကျတွေပါလားလို့ နားလည်လာပါပြီ။ ဝါကျတွေကိုရေးတဲ့အခါ ရေးစရာအကြောင်းအရာတွေကို စဉ်းစားမယ်။ ပြီးရင် ရေးပုံရေးနည်းမှန်အောင် ဘယ်လိုရေးရမယ်ဆိုတာကို ဆရာ ဆရာမများက သင်ပေးပါတယ်။ အခုဆိုရင် သဒ္ဒါတတ်မှ စာတတ်မယ်ဆိုတာကို ကျွန်တော်တို့ နားလည်ပါပြီ။

**နာမ်အစုဝင်စကားလုံးများ**

| | | | | | |
|---|---|---|---|---|---|
| (က) | ကျွန်တော်တို့ | (ဋ) | အမေးအဖြေ | (ပ) | ကျွန်တော်တို့ |
| (ခ) | ဆဋ္ဌမတန်း | (ဌ) | သင်ခန်းစာ | (ဖ) | စကား |
| (ဂ) | မြန်မာသဒ္ဒါ | (ဍ) | ကွက်လပ် | (ဗ) | ဝါကျ |
| (ဃ) | သဒ္ဒါသင်ခန်းစာ | (ဎ) | စာရေးခြင်း | (ဘ) | ရေးစရာ |
| (င) | ရုပ်ပုံ | (ဏ) | စကားပြောခြင်း | (မ) | ရေးပုံရေးနည်း |
| (စ) | ပျော်စရာ | (တ) | စာဖတ်ခြင်း | (ယ) | ဆရာ ဆရာမများ |
| (ဆ) | စိတ်ဝင်စားစရာ | (ထ) | သဒ္ဒါနည်းစနစ် | (ရ) | သဒ္ဒါ |
| (ဇ) | ဗဟုသုတ | (ဒ) | မှန်ကန်ရေး | (လ) | စာ |
| (ဈ) | အကြောင်းအရာ | (ဓ) | အရေးကြီးပုံ | (ဝ) | ကျွန်တော်တို့ |
| (ည) | ဇာတ်လမ်း | (န) | ဝါကျရိုးသင်ခန်းစာ | | |

**လေ့ကျင့်ခန်း**

၁။ အထက်ပါစာပိုဒ်မှ နာမ်၊ နာမ်စား၊ ကြိယာနာမ် စကားလုံး ၃ လုံးကို ဇယားတွင်ဖြည့်ပါ။

| နာမ် | နာမ်စား | ကြိယာနာမ် |
|---|---|---|
| ၁။ | | |
| ၂။ | | |
| ၃။ | | |

၂။ အထက်ပါနာမ်အစုဝင်စကားလုံးများမှ နှစ်သက်ရာ ၅ လုံးကိုအသုံးပြု၍ ဝါကျ ၅ ကြောင်းဖွဲ့ပါ။

(က)

(ခ)

(ဂ)

(ဃ)

(င)



DBE Box

## ကြိယာအစုဆိုင်ရာ ပြန်လှန်လေ့ကျင့်ခန်း

ဆဋ္ဌမတန်းတွင်ကဗျာ ၆ ပုဒ် သင် ရပါသည်။ ဆရာကရှတ်ဆို၍ သင် ပါသည်။ ကျောင်းသူကျောင်းသားများကလိုက်၍ရွတ် ရ ပါသည်။ အားလုံး သဘောကျကြပါသည်။ ကဗျာကိုလည်း ခံစား တတ် လာပါသည်။ ကဗျာရည်ရွယ်ချက်ကိုလည်း စဉ်းစား မိပါသည်။ ကဗျာများအနက် လှည်းယဉ် ကဗျာကိုကြိုက်ကြသည်။ ထိုကဗျာမှာ ကဗျာကောင်းတစ်ပုဒ်ဖြစ်သည်။ အသံချိုသကဲ့သို့ စာကျက် ၍လည်း ကောင်းပါသည်။ ကဗျာတွင်မိန်းမပျို၏ ချစ်သူမောင်မှာ ကိုယ်ပိုင်လယ်ယာမရှိသဖြင့် တောင်ပေါ် တက်၍ ဝါးခုတ်ကာ လှည်းကြမ်းကြီးဖြင့် ရောင်း ရသည်။ မယ်နှင့်မောင် အတူနေ နိုင်မှ လှည်းယဉ်လေး စီး၍ သွား ချင်သည်ဟု မိန်းမပျိုလေး၏ ခံစားချက်ကို ရေးဖွဲ့ ထား ပါသည်။

### ကြိယာအစုဝင်စကားလုံးများ

(က) သင်
(ခ) ရ
(ဂ) ရွတ်ဆို
(ဃ) ပါ
(င) လိုက်
(စ) ရွတ်
(ဆ) သဘောကျ
(ဇ) ခံစား
(ဈ) တတ်
(ည) စဉ်းစား
(ဋ) မိ
(ဌ) ကြိုက်
(ဍ) ဖြစ်
(ဎ) အသံချို
(ဏ) စာကျက်
(တ) ကောင်း
(ထ) မရှိ
(ဒ) တက်
(ဓ) ဝါးခုတ်
(န) ရောင်း
(ပ) နေ
(ဖ) နိုင်
(ဗ) စီး
(ဘ) သွား
(မ) ချင်
(ယ) ရေးဖွဲ့
(ရ) ထား

### လေ့ကျင့်ခန်း

၁။ အထက်ပါစာပိုဒ်မှ ကြိယာ၊ နာမ်ပေါင်းကြိယာ၊ ကြိယာထောက် စကားလုံး ၃ လုံးကို ဇယားတွင် ဖြည့်ပါ။

| ကြိယာ | နာမ်ပေါင်းကြိယာ | ကြိယာထောက် |
|---|---|---|
| ၁။ | | |
| ၂။ | | |
| ၃။ | | |



DBE BOX

**ဝါကျရိုးဆိုင်ရာ ပြန်လှန်လေ့ကျင့်ခန်း**

မိဘတို့သည် သားသမီးများကို မြတ်မြတ်နိုးနိုးချစ်ကြသည်။ သားကလည်း ပြန်ချစ်ပါသည်။ သမီးကလည်း ပြန်ချစ်ပါသည်။ မချစ်သူများ မရှိပါ။ ဆရာဆရာမများက တပည့်များကို သားသမီးများပမာ ကြင်နာကြသည်။ တပည့်များကလည်း ရိုသေကြသည်။ မရိုသေသူ မရှိပါ။ မချစ်ခင်သူများ ရှိပါသလား။ မချစ်ခင်သူများ မရှိပါ။ ထိုစကားသည်မှန်၏။ မိဘနှင့်သားသမီး၊ ဆရာနှင့် တပည့်တို့သည် တစ်ဦးကိုတစ်ဦး အပြန်အလှန်ချစ်ကြသည်မှာ လောကသဘာဝဖြစ်သည်။ ထိုအချက်ကို မမေ့ကြရန် လိုပါသည်။ မိဘများ ကျန်းမာပါစေ။ ဆရာဆရာမများ ကျန်းမာပါစေ။ ကလေးတို့ ကျန်းမာချမ်းသာ ကြပါစေ။

**အထက်ပါစာပိုဒ်တွင် မျဉ်းသားထားသော စာကြောင်းများသည် ကတ္တားပုဒ်နှင့် ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုးများဖြစ်သည်။**

**လေ့ကျင့်ခန်း**

၁။ ပေးထားသောစာပိုဒ်မှ ကတ္တားပုဒ်နှင့် ကြိယာပုဒ်တို့ပါဝင်သော ဝါကျရိုး ၅ ကြောင်းကို ထုတ်၍ ရေးပြပါ။

ကျွန်တော်တို့ ရွာထိပ်တွင် ထမင်းဆိုင်တစ်ဆိုင် ရှိပါသည်။ ထိုထမင်းဆိုင်သည် ကုက္ကိုပင်ကြီး အောက်တွင်ရှိသည်။ အပင်ကြီးက အရိပ်ကောင်းသည်။ အကိုင်းအခက်များသည် ထူထပ်သည်။ ထို့ကြောင့် ထမင်းစားသူများက သဘောကျသည်။ "ကုက္ကိုရိပ်က အေးလိုက်တာ" ဟုဆိုကြသည်။ ဆိုင်ရှင်သည် ဒေါ်ကြည်ဖြစ်သည်။ ဒေါ်ကြည်က ဟင်းချက်ကောင်းသည်။ ရွာ၏အလှူပွဲတိုင်း သူက ချက်ပေးလေ့ရှိသည်။ ကျွန်တော်တို့သည် သူ့လက်ရာကို ကြိုက်ကြသည်။ "ဆိုင်မှာ ဘာတွေရှိလဲ" ဟု ကျွန်တော်မေးလျှင် "ကြက်သားဟင်းရှိတယ်" ဟု ဒေါ်ကြည်က ဖြေတတ်၏။ ကျွန်တော်က "ငါးဟင်း ကုန်ပြီလား" ဟု မေးလိုက်လျှင် "မင်းက ကြိုက်လို့လား" ဟု သူက ပြန်မေး၏။ ကျွန်တော် ရယ်မိသည်။ "ဒေါ်ကြည်က သဘောကောင်းတယ်" ဟု နံဘေးမှ သူငယ်ချင်းကို ကျွန်တော်ပြောလိုက်သည်။ သူငယ်ချင်းက ဗိုက်ကို ပုတ်ပြသည်။ "အေးပါကွာ စားရအောင်"ဟု ပြောသည်။ ကျွန်တော်တို့ စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ဒေါ်ကြည်က "ကြက်သားဟင်းချပေးပါဟော့" ဟု အော်လိုက်သည်။ ဒေါ်ကြည်ကား အကင်းပါးလှသည်။

DBE Box

**သာဓက–** ဝါကျရှိုး(၁) အကိုင်းအခက်များသည် ထူထပ်သည်။

အကိုင်းအခက်များသည် ( ကတ္တားပုဒ်)

ထူထပ်သည် ( ကြိယာပုဒ်)

(က) --------------------------------------------

(ခ) --------------------------------------------

(ဂ) --------------------------------------------

(ဃ) --------------------------------------------

(င) --------------------------------------------

၂။ ပေးထားသော ကတ္တားပုဒ်နှင့် ကြိယာပုဒ်များကို ယှဉ်တွဲပြပါ။

| | |
|---|---|
| (၁) ကျန်းမာခြင်းသည် | (က) ထွက်ပြီ။ |
| (၂) ပွဲကြည့်ပရိသတ်က | (ခ) စာကြိုးစားပါမည်။ |
| (၃) ရှမ်းတောင်တန်းကြီးမှာ | (ဂ) လက်ခုပ်တီးကြသည်။ |
| (၄) အောင်စာရင်း | (ဃ) လာဘ်တစ်ပါးဖြစ်သည်။ |
| (၅) ကျွန်တော်တို့ | (င) မှိုင်းပြာနေသည်။ |

သတ္တမတန်းတွင် နာမ်နှင့်ကြိယာတို့၏ ထူးခြားမှုကိုဖော်ပြသော နာမ်အထူးပြုနှင့် ကြိယာအထူးပြု တို့ကို ဆက်လက်သင်ကြားရမည်ဖြစ်ပါသည်။

DBE BOX

## ၁၉၊ ၂။ နာမ်အထူးပြု

## ၁၉၊ ၂၊ ၁။ သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့ ဟူသော နောက်ဆက်စကားလုံးများပါသည့် နာမ်အထူးပြု

(က) ပညာကို **စိတ်ဝင်စားသော** တပည့်နှင့် **စိတ်မဝင်စားသည့်** တပည့်တို့ကို **သင်ကြားမည့်** ဆရာတိုင်းက ခွဲခြား၍သိကြသည်။

(ခ) **"ဆုံးမတဲ့** စကားကို **လိုက်နာမဲ့** တပည့်တွေပါ" လို့ပြောပြီး ကြင်နာစွာ သင်ကြားပေးကြပါတယ်။



"တပည့်တို့ မဟော်သဓာဖတ်စာအုပ်ကို အသံမှန်မှန်နဲ့ ညီညီညာညာဖတ်ကြပါ" ဟု ကျွန်တော်က ပြောလိုက်သည်နှင့် ကျောင်းသားတို့သည် **"ဉာဏ်ကြီးသော** မဟော်သဓာသည် အရွယ်ရောက်သော် ဖွားဖက်တော်တို့နှင့်အတူ **ကစားမည့်**နေရာ၌ **ခမ်းနားသော** ဇရပ်တစ်ဆောင်ကို ဆောက်၏။ ထိုဇရပ်အနီး၌ နှစ်လိုဖွယ်**တင့်တယ်သည့်** ရေကန်တစ်ကန်ကိုလည်း တူးဖော်၏။ **နွားခိုးသော** အမှု၊ **လည်ရွဲခိုးသည့်** ပြဿနာ၊ **ချည်ထွေးခိုးသည့်**အရေးကိစ္စ စသည်တို့ကို **ပညာရှိသော** မဟော်သဓာသည် မှန်ကန်ပြီးပြတ်အောင် တရားစီရင်၏" ဟု သံပြိုင်ဖတ်လေသည်။ ဖတ်စာအဆုံးတွင် ကျွန်တော်က **"သိပ်တော်တဲ့** တပည့်တွေပဲ၊ **ဖတ်ရမဲ့**စာကို အဖြတ်အတောက်မှန်မှန်နဲ့ ကောင်းကောင်း ဖတ်နိုင်တာတွေ့ရလို့ ဆရာသိပ်ဝမ်းသာတယ်"လို့ ပြောသည့်အခါ တပည့်များသည် **ပီတိဖြစ်နေသော** မျက်နှာများဖြင့် ကျွန်တော့်အား ပြန်ကြည့်နေလေသည်။ တပည့်များ၏ စိတ်ထဲတွင် **"အသံထွက် မမှန်တဲ့** အခါဖြစ်ဖြစ်၊ **စာလုံးပေါင်းမှားတဲ့** အခါဖြစ်ဖြစ် ဆရာကငါတို့ကို မှန်အောင်အမြဲဆိုခိုင်း

တယ်၊ ဒီတစ်ခါတော့မှန်လို့ ဆရာကျေနပ်သွားပြီ ထင်တယ်"ဟု တွေးနေမှန်း သူတို့မပြောသော်လည်း ကျွန်တော်သိပါသည်။

> အထက်ပါစာပိုဒ်တွင် အနက်ရောင်တင်ထားသောစကားလုံးများသည် နာမ်အထူးပြုများ ဖြစ်သည်။ ထိုနာမ်အထူးပြုများသည် ၎င်းနှင့် ကပ်လျက်ရှိသည့် နာမ်တို့ကို အထူးပြုသည်။

**သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့ ဟူသော နောက်ဆက်စကားလုံးများပါသည့် နာမ်အထူးပြုများ**

| | | | |
|---|---|---|---|
| ဉာဏ်ကြီးသော | နွားခိုးသော | သိပ်တော်တဲ့ | စာလုံးပေါင်းမှားတဲ့ |
| ကစားမည့် | လည်ရွှဲခိုးသည့် | ဖတ်ရမဲ့ | |
| ခမ်းနားသော | ချည်ထွေးခိုးသည့် | ပီတိဖြစ်နေသော | |
| တင့်တယ်သည့် | ပညာရှိသော | အသံထွက်မမှန်တဲ့ | |

**လေ့ကျင့်ခန်း**

၁။ ပေးထားသော နာမ်အထူးပြုများကို ကွက်လပ်တွင် ဆီလျော်အောင်ဖြည့်ပါ။

လာမဲ့၊ အေးမြတဲ့၊ ရန့်မွှေးသော၊ ရိုင်းစိုင်းသည့်၊ အမှိုက်ကင်းစင်မည့်

(က) ---------- အပြုအမူကို လူတိုင်း မနှစ်သက်ပါ။

(ခ) ---------- ရှမ်းတောင်တန်းများက ကြိုဆိုပါတယ်။

(ဂ) ---------- ရပ်ကွက် ကျေးရွာမြို့တော်များကို မျှော်မှန်းမိသည်။

(ဃ) ---------- ပန်းများတွင် မုလေးပန်းသည် အမြတ်ဆုံးဖြစ်သည်။

(င) ---------- ဘေး ပြေးတွေ့။

၂။ အောက်ပါစာပိုဒ်မှ နာမ်အထူးပြု စကားစု ၅ ခုကို ဖော်ပြပါ။

မြန်မာတို့၏ ပျော်စရာဓလေ့ထုံးစံတစ်ခုမှာ စကားထာဝှက်ခြင်းပင်ဖြစ်သည်။ စကားထာဝှက်တမ်း ကစားရာတွင် ဝှက်မည့်သူက ရှာကြံဝှက်တတ်သကဲ့သို့ ဖြေမည့်သူကလည်း အလျှော့မပေးချင်သဖြင့် ကြိုးစား၍ဖြေဆိုကြသည်။ "မဖြေနိုင်တဲ့သူက ဆရာခေါ်ရမယ်၊ ပန်းပေးရမယ်" ဟု စကားထာဝှက်မည့်သူက စိန်ခေါ်လျှင် ဖြေမည့်သူများက "ဘာလို့ ပန်းပေးရမှာလဲ၊ နင်တို့မေးမဲ့ မေးခွန်းတွေကို ငါတို့အားလုံးက ဖြေနိုင်တဲ့သူတွေချည်းပဲ" ဟု အလျှော့မပေးဘဲ ပြန်လည် ပြောဆိုကြသည်။ အဖြေမှန်သည့်အလှည့်တွင် မော်ကြွားနိုင်သကဲ့သို့ ရှုံးသောအလှည့်တွင် ရယ်မောခံကြရသည်။ သို့သော် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စိတ်ဆိုးလေ့မရှိသဖြင့် ပျော်စရာကောင်းသည့် ကစားနည်းတစ်ခုပင် ဖြစ်ပါသည်။

(က) ----------------------

(ခ) ----------------------

(ဂ) ----------------------

(ဃ) ----------------------

(င) ----------------------



DBE BOX

### ၁၉၊ ၂၊ ၂။ က၊ ၏၊ ရဲ့၊ နှင့်၊ နဲ့ စသည့်နောက်ဆက်စကားလုံးများပါသည့် နာမ်အထူးပြု

(က) အတန်းတိုင်းတွင် **အတန်း၏** ခေါင်းဆောင်ရှိရသည်။ **အရည်အချင်းနှင့်** ပြည့်စုံသူလည်း ဖြစ်ရသည်။

(ခ) “**ဆရာမကြီးတို့ရဲ့** ကျောင်းဝင်းထဲမှာ **ဆံပင်ရှည်နဲ့** ကျောင်းသားမရှိရ” ဟု ကျောင်းအုပ်ဆရာမကြီးကပြောသည်။



ယနေ့သည် ကျွန်တော်နေသော**မြို့ကလေး၏** အထက်တန်းကျောင်းများစတင်ဖွင့်လှစ်သော နေ့ဖြစ်သည်။ **ကျွန်တော်တို့၏**အတန်းတွင် အတန်းခေါင်းဆောင်မရှိသေးပါ။ **မျက်မှန်ထူထူကြီးနှင့်** အတန်းပိုင်ဆရာက ကျွန်တော်တို့ကို အတန်းခေါင်းဆောင်ရွေးရမည်ဟုပြောပါသည်။ ဦးစွာဆရာက ခေါင်းဆောင်တစ်ဦးတွင်ရှိသင့်သည့် အရည်အချင်းများကို ရှင်းပြပါသည်။ “တပည့်တို့ **ဒီအတန်းရဲ့** အတန်းခေါင်းဆောင်ဟာ ကျောင်းသား သို့မဟုတ် ကျောင်းသူဖြစ်နိုင်တယ်။ သူဟာ စာတော်ရပါမယ်။ အတန်းတင်စာမေးပွဲမှာ **အေ အဆင့်နဲ့** အောင်ခဲ့သူဖြစ်ရပါမယ်။ လိမ္မာရေးခြားလဲရှိရပါမယ်။ **ဒီအတန်းက** သူငယ်ချင်းများသာမဟုတ်ဘဲ **တခြားအတန်းက** ကျောင်းသား ကျောင်းသူများနဲ့လဲ ဆက်ဆံရေးပြေပြစ်ရပါမယ်။ **သူ့**အတန်းကို စည်းကမ်းတကျဦးဆောင်နိုင်သူဖြစ်ရပါမယ်။ **မနှစ်က** အတန်းမှာ အတန်းခေါင်းဆောင် ဖြစ်ခဲ့ရင်လဲရပါတယ်။ အခုအချိန်ကစပြီး **တပည့်တို့ရဲ့** အတန်းခေါင်းဆောင်ကို တပည့်တို့ ကိုယ်တိုင်ရွေးချယ်ကြရပါမယ်” ဟု ပြောကာ အတန်းခေါင်းဆောင် ရွေးချယ်ရေးအစီအစဉ်ကို ဆက်လက်ဆောင်ရွက်ပါတော့သည်။ မည်သူသည် **ဤအတန်း၏** အတန်းခေါင်းဆောင် ဖြစ်လာမည်ကို အားလုံးကစိတ်ဝင်စားနေခဲ့ကြပါသည်။

> ပေးထားသောစာပိုဒ်တွင် အနက်ရောင်တင်ထားသောစကားလုံးများသည် နာမ်အထူးပြုများဖြစ်သည်။ ၏၊ ရဲ့ ဟူသော နောက်ဆက်စကားလုံးများအစား အောက်မြစ် (့) ကို သုံးနိုင်သည်။ မောင်မောင်၏၊ မောင်မောင်ရဲ့စာအုပ်အစား မောင်မောင့်စာအုပ်ဟု သုံးနိုင်သည်။

**က၊ ၏၊ ရဲ့၊ နှင့်၊ နဲ့ စသည့်နောက်ဆက်စကားလုံးများပါသည့် နာမ်အထူးပြုများ**

| | | |
|---|---|---|
| မြို့ကလေး၏ | အေအေဆင့်နဲ့ | မနှစ်က |
| ကျွန်တော်တို့၏ | ဒီအတန်းက | တပည့်တို့ရဲ့ |
| မျက်မှန်ထူထူကြီးနှင့် | တခြားအတန်းက | ဤအတန်း၏ |
| ဒီအတန်းရဲ့ | သူ့ | |

## လေ့ကျင့်ခန်း

၁။ ပေးထားသောစကားစုများကို ဝါကျများတွင်ဆီလျော်အောင်ဖြည့်ပါ။

ထီးကလေးနဲ့၊ တိုင်းပြည်၏၊ အဘွားရဲ့၊ မျက်မှန်နှင့်၊ ကျောက်ပန်းတောင်းက

(က) --------ဆရာမက ကျွန်မတို့ အတန်းပိုင်ဖြစ်ပါသည်။

(ခ) --------ထန်းလျက်ကား လတ်ဆတ်လှသည်။

(ဂ) လူငယ်များသည် ---------သားကောင်းရတနာများပင်ဖြစ်သည်။

(ဃ) --------- စာအုပ်ကို ဗီရိုထဲသိမ်းထားပါ။

(င) -------- မနီ ကဗျာကို ကလေးတိုင်းနှစ်သက်ကြသည်။

၂။ ပေးထားသောစကားစုများကိုအသုံးပြု၍ ဝါကျဖွဲ့ပြပါ။

တပည့်များရဲ့၊ တိုက်ပုံအင်္ကျီနဲ့၊ မနှစ်က၊ ဆရာဝန်၏၊ အဖြူအစိမ်းနှင့်

**သာဓက–** မန္တလေးက ထိုးမုန့်သည် စားလို့ကောင်းသည်။

(က) ------------------------------------------------------------

(ခ) ------------------------------------------------------------

(ဂ) ------------------------------------------------------------

(ဃ) ------------------------------------------------------------

(င) ------------------------------------------------------------

DBE BOX

## ၁၉၊ ၂၊ ၃။ သော၊ သည့်၊ မည့်၊ တဲ့၊ မဲ့ ဟူသောနောက်ဆက်စကားလုံးမပါသော နာမ်အထူးပြု

(က) နာမ် ➔ နာမ်၊ နာမ် ← နာမ်

(ခ) နာမ် ← ကြိယာ

(ဂ) ကြိယာ ➔ နာမ်

(ဃ) အသာလွန်ဆုံးအဆင့် နာမ်အထူးပြု



ကျွန်တော် ဒီနေ့ မေမေနဲ့ **ဗိုလ်ချုပ်အောင်ဆန်း**ဈေး ကို လိုက်သွားမယ်။ မေမေက ကျွန်တော် လိုချင်တဲ့ ကချင်လုံချည်**အစိမ်း**နဲ့ **အပြေး**ပြိုင်ပွဲမှာ ပထမဆုရတဲ့ ကိုကိုကြီးအတွက် **ပတ္တမြား**လက်စွပ် ဝယ်ပေးဖို့ပါ။ မမကတော့ **အလှဆုံး**ပုလဲပုတီးလိုချင်တယ်လို့ ပူဆာတယ်။ ဘွားဘွားက ဥပုသ်နေ့မှာ **အရုဏ်**ဆွမ်းကပ်ဖို့ မုန့်**ပျားသလက်**လုပ်မယ်။ **အကောင်းဆုံး**ဆန်မှုန့် ဝယ်ဖို့မမေ့နဲ့လို့ မှာတယ်။ မေမေက ဝယ်မဲ့ပစ္စည်းစာရင်းကို ကျွန်တော့်ရဲ့**မှတ်စု**စာအုပ်ထဲမှာရေးခိုင်းတယ်။ ဖေဖေက "ကြာဆံ**ချက်**နဲ့ ဘူးသီး**ကြော်**လဲ ထည့်ပါလား၊ မိတ်ဆွေတချို့ကို ဖိတ်ချင်တယ်" လို့ ပြောတော့ မေမေက "အဲဒီလို ဆိုရင် လက်ဖက်**သုပ်**နဲ့ ရေနွေး**ကြမ်း**အတွက် လက်ဖက်**ခြောက်**ကောင်းကောင်းဝယ်ခဲ့မယ်။ **သောက်**ရေ အတွက် ရေ**သန့်**မှာမယ်၊ **သုံး**ရေအတွက်လဲ တိုင်ကီမှာ ရေအပြည့်ဖြည့်ထားရမယ်လို့ စီစဉ်နေပြန်တယ်။ ဖေဖေက" အကျွေးအမွေးက စုံမှကောင်းမှာ၊ သား**ငယ်**ကပဲ **အချို**ပွဲအတွက် မှတ်ထားနော်" လို့ မှာပြန် ရော၊ ဒါနဲ့ပဲ "မေမေရေ မြန်မြန်သွားရအောင် **ချက်စရာ**အသားတွေလဲ ဝယ်ရအုံးမှာ" လို့ ကျွန်တော် လောလိုက်ရတယ်။ ဒီတော့မှ မေမေလဲ ဗီရိုထဲက **ပိုက်ဆံ**အိတ်ကိုယူပြီး သားအမိနှစ်ယောက် ထွက်လာကြပါတော့တယ်။

> အထက်ပါစာပိုဒ်တွင် အနက်ရောင်တင်ထားသောစကားလုံးများသည် သော၊ သည့်၊ မည့် စသည့် နောက်ဆက်စကားလုံးများမပါသော နာမ်အထူးပြုများဖြစ်သည်။

**နောက်ဆက်စကားလုံးမပါသော နာမ်အထူးပြုများ**

| | | |
|---|---|---|
| ဗိုလ်ချုပ်အောင်ဆန်း → ဈေး | မုန့် ← ပျားသလက် | လက်ဖက် ← ခြောက် |
| ကချင်လုံချည် ← အစိမ်း | မှတ်စု → စာအုပ် | သောက် → ရေ |
| ရေ → သန့် | အပြေး → ပြိုင်ပွဲ | အကောင်းဆုံး → ဆန်မှုန့် |
| ကြာဆံ ← ချက် | သုံး → ရေ | ပတ္တမြား → လက်စွပ် |
| ဘူးသီး ← ကြော် | သား ← ငယ် | အလှဆုံး → ပုလဲပုတီး |
| လက်ဖက် ← သုပ် | အချို → ပွဲ | အရက် → ဆွမ်း |
| ရေနွေး ← ကြမ်း | ချက်စရာ → အသား | ပိုက်ဆံ → အိတ် |

**လေ့ကျင့်ခန်း**

၁။ ပေးထားသောစာပိုဒ်တွင် မျဉ်းသားထားသည့်ပုဒ်များမှ နာမ်အထူးပြုနှင့် အထူးပြုခံနာမ်များကို ဖော်ပြပါ။



ရှေးအခါက လယ်ကြွက်မတွင် သမီးချော တစ်ဦးရှိသည်။ ၎င်းသမီးကို လယ်ကြွက်မသည် တန်ခိုးရှင်နှင့် ထိမ်းမြားပေးလိုသည်။ ထိုအခါ မည်သူသည် ဘုန်းရှင်ကံရှင် အကြီးဆုံးတန်ခိုးရှင်ဖြစ်သနည်းဟု စုံစမ်းသောအခါ မိုးနတ်သားသည် အကြီးဆုံးဘုန်းတန်ခိုးရှင်ဟု သိရသည်။ ထိုအခါ လယ်ကြွက်မသည် မိုးနတ်သားအား မိမိ၏သမီးကို မိဖုရားကြီးအဖြစ် လက်ဆက်ရန်ပြောသည်။ မိုးနတ်သားက ငါ့ထက်တန်ခိုးကြီးသော လေမင်း ရှိသေးသည်၊ ငါက မိုးတိမ်ညိုများကို စုရုံးထားပါသော်လည်း လေမင်းက မှုတ်လိုက်လျှင် လွင့်စဉ်သွားပါသည်ဟု ပြောသည်။ ထိုအခါ လယ်ကြွက်မသည် လေမင်းထံသွားပြန်ရာ လေမင်းက သူ့ထက်တန်ခိုးကြီးသော ခြတောင်ပို့ကို ပြ၏။ ခြတောင်ပို့က

DBE BOX

နွားသိုးကြီးသည် သူထက်တန်ခိုးကြီးသည်ဟုဆို၏။ နွားသိုးကြီးကလည်း နဖားကြိုးက ငါ့ထက်ပို တန်ခိုးကြီးသည်၊ သူသည်ငါ၏ နှာခေါင်းပေါက်များထဲရောက်လျှင် သူအလိုရှိရာကို ငါလိုက်ရ၏ဟု ဆိုပြန်၏။ သို့သော် နဖားကြိုးကလည်း ငါ့ထက်တန်ခိုးကြီးသည်မှာ လယ်ကြွက်ပင် ဖြစ်သည်။ သူသည် ငါ့ကို အပိုင်းပိုင်းကိုက်ဖြတ်နိုင်သဖြင့် သူကသာ လူစွမ်းကောင်းဖြစ်သည်၊ တန်ခိုးအကြီးဆုံးသူ ဖြစ်သည်ဟုဆို၏။ နောက်ဆုံးတွင် လယ်ကြွက်မသည် သူ၏သမီးကို တန်ခိုးရှင်လယ်ကြွက်နှင့်သာ ထိမ်းမြားပေးလိုက်လေသည်။

**သာဓက–**

(က) လယ်ကြွက်မ = လယ် (နာမ်အထူးပြု) + ကြွက်မ (နာမ်)

(ခ) သမီးချော = သမီး (နာမ်) + ချော (နာမ်အထူးပြု )

၂။ အောက်ပါဝါကျတို့တွင် နောက်ဆက်စကားလုံးမပါသော နာမ်အထူးပြုများကို ရွေးချယ်ပေးပါ။

(က) လူကောင်းသူကောင်းတို့ကို နတ်ကောင်းနတ်မြတ်တို့သည် စောင့်ရှောက်လေ့ရှိသည်။

(ခ) လယ်ယာမြေကောင်းမှ အကောင်းဆုံးအသီးအနှံတို့ ဖြစ်ထွန်းသည်။

(ဂ) ဝိဇယမင်းသားသည် လူဆိုးလူသွမ်း ၇၀၀ နှင့်အတူ လင်္ကာဒီပကျွန်းသို့ လှေဖြင့်ကူးသည်။

(ဃ) အများအကျိုးအတွက် အသက်ပင်စွန့်ဝံ့သူကို သူရဲကောင်းဟုဆိုကြသည်။

(င) မိန်းမဆိုးအမုန်း သည်ဘဝသည်မျှနှင့် ဆုံးစေတော့ဟု ဆဒ္ဒန်ဆင်မင်းက ဆိုခဲ့လေသည်။

၃။ ပေးထားသည့် နာမ်အထူးပြုစကားလုံးများကို သက်ဆိုင်ရာဝါကျတွင် ဖြည့်ပါ။

ကောင်း၊ အကြိုက်ဆုံး၊ မှန်၊ ကြမ်း၊ လှ

(က) စိတ်-----------သူတိုင်းသည် အများများနှင့် ကြုံရတတ်သည်။

(ခ) အကောင်းဆုံးအစားအစာတိုင်းသည်---------အစားအစာ ဖြစ်နိုင်မည်မဟုတ်ပါ။

(ဂ) သဘောထား----------- ရှိသူများသည် မိတ်ကောင်းဆွေကောင်းများ ရနိုင်သည်။

(ဃ) မျိုးစေ့---------- မှ အပင်ကောင်းသည် ဟူသောစကားကို မမေ့သင့်ပေ။

(င) လူ---------- ညှင်းခ ဟူသော စကားကို သင်မည်သို့ နားလည်သနည်း။

DBE BOX

## ၁၉၊ ၂၊ ၄။ ဤ၊ သည်၊ ထို၊ ၎င်း၊ ယင်း၊ ဟို၊ ဒီ ဟူသော အညွှန်းနာမ်အထူးပြု

(က) **ဤ**ရွာသည် ဖိုးထွေးတို့၏ရွာဖြစ်သည်။ **ထို**ရွာ၏ အနောက်ဘက်တွင် တောအုပ်တစ်ခုရှိသည်။

(ခ) "**ဒီ**ရွာအကြောင်းကို ပြောပြမယ်။ **ဟို**ကလေးတွေကိုပါခေါ်လိုက်" ဟု အဘိုးကပြောသည်။



ဖိုးထွေးတို့ ရွာကလေးအနီးတွင် သစ်ပင်ပန်းမန်များနှင့် စိမ်းလန်းနေသော တောအုပ်တစ်ခုရှိ၏။ **ထို**တောအုပ်အတွင်းတွင်ပန်းမျိုးစုံဖူးပွင့်ကာ လိပ်ပြာများ ပိတုန်းများ ဝတ်ရည်စုပ်ငှက်ကလေးများနှင့် သာယာလှသည်။စိမ်းစိုသော သစ်ပင်ပန်းပင်များအကြား **ဤ**အပင်မှ**ထို**အပင် **ဤ**အပွင့်မှ **ထို**အပွင့် **ဒီ** အသီးမှ **ဟို**အသီးသို့ လူးလာခတ်ပျံသန်းနေသော ပျားပိတုန်းနှင့် ငှက်ငယ်ကလေးတို့ကိုလည်း မြင်ရသည်။ ဤသို့သော ငှက်ကလေးများသည် သစ်ပင်တို့မှဝတ်ဆံဝတ်မှုန်တို့ကို **ဟို**နေရာမှ **သည်**နေရာသို့ ရောက်အောင် ကူးသန်းသယ်ဆောင်ပေးနေကြသူများ ဖြစ်သည်။ တောအုပ်အတွင်းမှ မွှေးပျံ့သော ပန်းပွင့်တို့အနားတွင် ပျားတို့သည်လည်း ဝဲပျံနေ၏။ **ထို**ပန်းတို့ထံမှ သယ်ဆောင်လာသော ပန်းဝတ်ရည်တို့ကို ပျားတို့သည် သူတို့နေထိုင်ရာ အသိုက်အမြုံအတွင်းတွင် ပျားရည်ဘဏ်တိုက်ကြီးများ ဖြစ်လာအောင် စုဆောင်းထားကြသည်။ **၎င်း**ငှက်ကလေးများ၊ ပျားကလေးများ၏ အကူအညီဖြင့် **ထို**တောအုပ်ကလေးသည် ပိုမိုစိမ်းစိုကာ ပန်းမန်မျိုးစုံနှင့်သီးပင်စားပင်တို့လည်း စည်ပင်လာသည်။ အစားအစာပေါများသော **ဤ**တောအုပ်ကလေးကို ကျေးငှက်သာရကာတို့သည် စွန့်ခွာမသွားကြပေ။ **ယင်း**ငှက်ကလေးများ၏ တေးဆိုသံသည် တော၏သာယာပုံကို အထောက်အကူပေးနေပါသည်။ ဖိုးထွေးအဖို့မှာ **ထို**တောအုပ်ကလေး၏ သာယာပုံသည် စာဖွဲ့မကုန်ပါဟုပင်ဆိုချင်ပါတော့သည်။

အထက်ပါစာပိုဒ်တွင် အနက်ရောင်တင်ထားသော ဤ၊ သည်၊ ထို၊ ၎င်း၊ ယင်း၊ ဟို၊ ဒီ၊ စကားလုံးများသည် အညွှန်းနာမ်အထူးပြုများဖြစ်သည်။

**လေ့ကျင့်ခန်း**

၁။ ၎င်း၊ သည်၊ ဤ၊ ယင်း၊ ထို၊ ဒီ တို့ကို ကွက်လပ်များတွင် ဆီလျော်အောင်ဖြည့်ပါ။

**သာဓက**– ကိုထွန်းသည် နေ့လယ်ရောက်မှ ငါးတစ်ကောင်ဖမ်းမိသည်။ ထိုငါးသည် ရွှေဝါရောင် တောက်နေသည်။

(က) ပုဂံမြို့ဟောင်းသည် မြန်မာ့သမိုင်းတွင် ထင်ရှားသည်။ ----- မြို့ဟောင်းတွင် စေတီပုထိုးများစွာ တည်ရှိသည်။

(ခ) ကျန်းမာခြင်းသည် လာဘ်တစ်ပါး ဖြစ်သည်ဟူသော ဆိုရိုးစကားကိုလက်ခံလျှင် ------- အဆိုအတိုင်း လူတိုင်းကျန်းမာအောင် နေထိုင်စားသောက်သင့်သည်။

(ဂ) ကျွန်တော်တို့၏မြို့တွင် သောက်ရေကန်တစ်ကန် ရှိသည်။ -----ရေကန်ကိုသန့်ရှင်းနေစေရန် မြို့သူမြို့သားများက ထိန်းသိမ်းကြသည်။

(ဃ) လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်း ဖြစ်သည်။ ---- လုပ်ငန်းကြောင့် နိုင်ငံခြားဝင်ငွေများရရှိစေသည်။

(င) မိုးတွင်းကာလတွင် လမ်းများပေါ်၌ ရေများလျှံနေတတ်သည်။ -------- ပြဿနာကို ရေနုတ်မြောင်းများတူးခြင်းဖြင့် ဖြေရှင်းနိုင်သည်။

DBE BOX

၂။ ပေးထားသော စာပိုဒ်မှ အညွှန်းနာမ်အထူးပြုနှင့် အထူးပြုခံနာမ် ၅ ခုကိုဖော်ပြပါ။



ချင်းပြည်နယ်တွင် လေယာဉ်ကွင်းတစ်ခု ဖောက်လုပ်မည်ဖြစ်ရာ ဤသတင်းကို ကြေးမုံ သတင်းစာမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ ချင်းပြည်နယ်သည် တောင်တန်းထူထပ်ပြီး လမ်းပန်း ဆက်သွယ်မှုခက်ခဲသည်။ ထိုအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် ချင်းပြည်နယ်တွင် လေယာဉ် ကွင်းသစ်တစ်ခုကိုတည်ဆောက်နေပြီဖြစ်ပါသည်။ ထိုလေယာဉ်ကွင်း တည်ဆောက်ရန်အတွက် မြေနေရာ ရွေးချယ်ရာတွင် တီးတိန်မြို့နယ်၊ ဆိုင်းဇန်ရွာအနီးနှင့် လိုင်ဗာရေလှောင်တမံအနီးရှိ နေရာတို့ကို သင့်လျော်မှု ရှိ မရှိ ဆန်းစစ်လေ့လာခဲ့ကြသည်။ ယင်းနောက်တွင်မှ ဖလမ်းမြို့နယ်၊ ဆူရ်ဘုန်တောင်ကြော အနီးတွင် တည်ဆောက်ရန် ရွေးချယ်ခဲ့သည်။ ၎င်းတောင်ကြောတွင်လေယာဉ်ကွင်းသစ် ဆောက်လုပ် ရန် သတ်မှတ်ပြီးနောက် ထိုစီမံကိန်းကို ၂၀၁၆ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့သည်။ ယခုအခါ ဤလေယာဉ်ကွင်း၏ လေယာဉ်ပြေးလမ်းသည် ပေ ၄၀၀၀ ခန့် ပြီးစီးနေပြီဖြစ်သည်ဟု သတင်းတို့တွင် ဖော်ပြထားသည်။

**သာဓက** –　ထို　+　တောင်ကြော

နာမ်အထူးပြု　+　အထူးပြုခံနာမ်

(က) ----------------------------------

----------------------------------

(ခ) ----------------------------------

----------------------------------

(ဂ) ----------------------------------

----------------------------------

(ဃ) ----------------------------------

----------------------------------

(င) ----------------------------------

----------------------------------



DBE BOX

### ၁၉၊ ၂၊ ၅။ မည်သည့်၊ မည်မျှ၊ မည်သို့သော၊ ဘာ၊ ဘယ်၊ ဘယ်လို၊ ဘယ်လောက်ဟူသော အမေးနာမ်အထူးပြု

(က) **မည်သည့်** ခရီးမျိုးသွားလျှင် ပိုက်ဆံ**မည်မျှ**ကုန်မည်ကို ကြိုတင်စဉ်းစားထားရမည်။

(ခ) "**ဘယ်**ခရီးပဲဖြစ်ဖြစ် ပိုက်ဆံ**ဘယ်လောက်**ပဲကုန်ကုန် အရေးမကြီးဘူး" ဟု မပြောသင့်ပါ။



မနေ့က သူငယ်ချင်းတစ်စု ကျွန်မတို့အိမ်မှာ စုဝေးကြပါသည်။ ထုံးဘိုမြို့အနီးက အကောက်တောင်ဘုရားဖူးခရီးအတွက် တိုင်ပင်ရန်ဖြစ်သည်။ မမကြီးက "ညီမလေးတို့ **ဘယ်လို** အစီအစဉ်နဲ့ သွားမှာလဲ၊ **ဘယ်**လူကြီးပါသလဲ" ဟု စပြီးမေးသကဲ့သို့ မေမေက "**ဘယ်**တော့သွားမှာလဲ၊ **ဘယ်**အချိန် အိမ်ကစထွက်မလဲဆိုတာ သေသေချာချာပြောအုံး။ အစားအသောက်တွေ စီစဉ်ရမှာ" ဟုပြောသည်။ ကိုကိုကလည်း "**ဘာ**ကားနဲ့ သွားမှာလဲ၊ ကားကကောင်းရဲ့လား ခရီးက ဝေးတယ်နော်" ဟု သတိပေးပြန်သည်။ ကျွန်မတို့က သူငယ်ချင်း မိမိလွင်၏ မိသားစုနှင့်အတူ သူတို့ အိမ်ကကားနှင့် သွားရန်စီစဉ်ပြီးဖြစ်ပါသည်။ လိုက်ပါသူ**မည်မျှ**နှင့် **မည်သို့သော** တည်းခိုခန်းမှာ တည်းမည်၊ **မည်သည့်** ခရီးအစီအစဉ်အတိုင်းသွားမည်တို့ကို မိမိလွင်က ရှင်းပြသည်။ "ဒါဆို အကောက်တောင်ကို သွားတဲ့အခါ **ဘယ်**စက်လှေစီးရမယ်ဆိုတာ မသိဘူးပေါ့။ စိတ်ချရတဲ့ စက်လှေ စီးသွားနော်၊ ရေလမ်းခရီး ဆိုတော့ စိတ်ပူလို့ပါ" ဟုဘိုးဘိုးက မှာပြန်ပါသည်။ "သမီးကတော့ ဖက်ထမင်းသုပ် စားချင်တယ်၊ **ဘယ်**ဆိုင်က ကောင်းတယ်ဆိုတာ ကိုကိုပြောပြလိုက်" ဟု ဝင်ပြော သည့်အခါ ကိုကိုက "ငါ့ညီမက သူစားဖို့ပဲ စဉ်းစားနေတော့တာပဲ၊ **ဘယ်**သူတွေက **ဘယ်လို**ခရီးကို သွားရမလဲဆိုပြီး စိတ်ပူပူ၊ သူကတော့ **ဘာ**မုန့်တွေစားရမလဲဆိုတာရယ်၊ မုန့်ဖိုး**ဘယ်လောက်** တောင်းရမလဲဆိုတာရယ်ပဲ တွေးနေတယ်" ဟု ဆိုပြီး ရယ်နေပါတော့သည်။

> အထက်ပါစာပိုဒ်တွင် အနက်ရောင်တင်ထားသော မည်သည့်၊ မည်မျှ၊ မည်သို့သော၊ ဘာ၊ ဘယ်၊ ဘယ်လို၊ ဘယ်လောက်၊ စကားလုံးများသည် အမေးနာမ်အထူးပြုများဖြစ်သည်။

**လေ့ကျင့်ခန်း**

၁။ အောက်ပါစာကြောင်းများမှ အမေးနာမ်အထူးပြုများနှင့် အထူးပြုခံနာမ်များကို မျဉ်းသားပါ။

(က) မုန့်ဖိုးမည်မျှ လိုချင်သနည်း။

(ခ) ပြင်ဦးလွင်ကို ဘာကားနဲ့ သွားရမလဲ။

(ဂ) စာမေးပွဲတွင် မည်သည့်မေးခွန်းက ပိုခက်သနည်း။

(ဃ) ဒီကွန်ပျူတာကို ပြင်ဖို့ ပိုက်ဆံဘယ်လောက်ကုန်မလဲ။

(င) သူနားလည်အောင် ဘယ်လိုစကားနဲ့ ရှင်းပြရမလဲ။

၂။ မည်သည့်၊ မည်မျှ၊ မည်သို့သော အမေးနာမ်အထူးပြုများကိုအသုံးပြုပြီး မေးခွန်းများ တည်ဆောက်ပါ။

**သာဓက–** မန္တလေးသို့ <u>မည်သည့်</u> ရထားနှင့် သွားမည်နည်း။

(က) ------------------------------------------------------------

(ခ) ------------------------------------------------------------

(ဂ) ------------------------------------------------------------

(ဃ) ------------------------------------------------------------

(င) ------------------------------------------------------------

DBE BOX

## ၁၉၊ ၂၊ ၆။ သချာနာမ်အထူးပြု




ကမာရွတ်မြို့နယ် ကမာရွတ်ဈေးအနီး သဒ္ဒါပြုအဆောက်အအုံ၏ မြေညီထပ်**အခန်း ၁** တွင် **ဒုတိယမြောက်** မနောဖြူလျှပ်စစ်ပစ္စည်းစတိုးဆိုင်ကို ဇန်နဝါရီလ **၁၀ ရက်**နေ့၌ ဖွင့်လှစ်ပြီဖြစ်ကြောင်း ချစ်မိတ်ဆွေ**အပေါင်း**အား သတင်းကောင်း ပါးအပ်ပါသည်။ **အလုံးစုံသော**လျှပ်စစ်ပစ္စည်းတို့ကို တစ်ခဲနက် ဝယ်ယူ အားပေးခဲ့ကြသည်။ မိတ်ဆွေ**အားလုံး**ကို ကျေးဇူးတုံ့ပြန်သောအားဖြင့် တစ်နေ့တည်း **ကျပ် ၂၀၀၀၀** ဖိုးဝယ်ယူလျှင် **ကျပ် ၂၀၀၀** တန် လက်ဆောင်ကူပွန်**အချို့**နှင့် **ကျပ် ၅၀၀၀၀** ဖိုး ဝယ်ယူလျှင် **ကျပ် ၅၀၀၀** တန် လက်ဆောင်ကူပွန်**တစ်ခု** ရရှိမည်ဖြစ်သည်။ ခုဝယ် ခုနှိုက် ခုချက်ချင်းယူနိုင်သော ကံစမ်းမဲ**အသီးသီး**လည်း ဝယ်ယူသူ**တိုင်း** တစ်ယောက်လျှင် လက်မှတ်**တစ်စောင်**ရမည်ဖြစ်ကြောင်း သတင်းကောင်း ပါးလိုက်ပါသည်။

> အထက်ပါစာပိုဒ်တွင် အနက်ရောင်တင်ထားသောစကားလုံးများသည် အရေအတွက်၊ ပမာဏ၊ အစဉ်၊ အကြိမ် တို့ကိုဖော်ပြနေသည့် သချာနာမ်အထူးပြုများဖြစ်သည်။

**အရေအတွက်၊ ပမာဏ၊ အစဉ်၊ အကြိမ် တို့ကိုပြသည့် နာမ်အထူးပြုများ**

| | | |
|---|---|---|
| အခန်း ၁ | အားလုံး | ကျပ် ၅၀၀၀ |
| ဒုတိယမြောက် | ကျပ် ၂၀၀၀၀ | တစ်ခု |
| ၁၀ ရက် | ကျပ် ၂၀၀၀ | အသီးသီး |
| အပေါင်း | အချို့ | တိုင်း |
| အလုံးစုံသော | ကျပ် ၅၀၀၀၀ | တစ်စောင် |



DBE BOX

**လေ့ကျင့်ခန်း**

၁။ အောက်ပါဝါကျတို့တွင် အရေအတွက်နှင့် ပမာဏကိုပြသော နာမ်အထူးပြုများကို မျဉ်းသားပြပါ။

(က) ဤရွာ၌အသိမိတ်ဆွေ တစ်စုံတစ်ယောက်မျှပင် ငါ့တွင်မရှိချေ။

(ခ) ထိုနေ့၌ပင် တစ်ထောင်သောမှူးမတ်တို့အိမ်တွင် သားတစ်ထောင်ဖွားမြင်လေသည်။

(ဂ) လှူဖွယ်ဝတ္ထုအလုံးစုံတို့ကို သယ်ဆောင်ကာ ရွာဦးကျောင်းသို့သွားကြပါစို့။

(ဃ) သုံးကျိပ်သောမင်းအပေါင်းတို့သည် လေးအတတ်ကို တတ်မြောက်ကြလေပြီ။

(င) လှည်းကုန်သည်ခပ်သိမ်းကား ကန္တာရခရီးကို ဖြတ်သန်းရန် ပြင်ဆင်နေကြသည်။

၂။ အောက်ပါစာပိုဒ်မှ အရေအတွက်၊ ပမာဏ၊ အစဉ်တို့ကိုဖော်ပြသော နာမ်အထူးပြု ၅ လုံးကို ဖော်ပြပါ။



ဒေါ်တုတ်တို့အိမ်မှာ ဥစားကြက် အကောင် ၂၀၀ လောက် မွေးထားတယ်။ တစ်နေ့တစ်နေ့ ကြက်စာဖိုး ငွေ ၅၀၀၀ လောက်ကုန်တယ်။ ကြက်ဥအလုံး ၂၀၀ လောက် နေ့တိုင်းရတယ်။ ကြက်ဥ တချို့ကိုဈေးပို့ပြီး တချို့ကို ဖောက်သည်ပေးတယ်။ ဒေါ်တုတ်က ကြက်ခြံထဲကို တစ်နေ့ ၂ ကြိမ် ၃ ကြိမ် ဝင်ပြီး ကြက်ဥကောက်ပါတယ်။ သူ့ရဲ့တစ်လအပိုဝင်ငွေက ၂ သိန်းကျော်လောက်ရှိတယ်။ တစ်ပိုင် တစ်နိုင်မွေးမြူရေးရဲ့ကျေးဇူးကြောင့် အခုဆိုရင် စုငွေ သိန်း ၂၀ လောက်ရှိနေပါပြီ။

**သာဓက–** အကောင် ၂၀၀

(က) ----------------------------------

(ခ) ----------------------------------

(ဂ) ----------------------------------

(ဃ) ----------------------------------

(င) ----------------------------------

## နာမ်အထူးပြု ကျွမ်းကျင်မှုဆိုင်ရာလေ့ကျင့်ခန်း

၁။ "သော၊ သည့်၊ မည့် " နောက်ဆက်စကားမပါသော နာမ်အထူးပြုများပါသည့် ဝါကျ ၅ ခု ဖွဲ့ပါ။

**သာဓက–** မိန်းမချော = မိန်းမ (နာမ်) + ချော (အထူးပြုပုဒ်)

ကျွန်တော်၏အမေသည် <u>မိန်းမချော</u>တစ်ဦးဖြစ်သည်။ (ဝါကျ)

(က) ----------------------------------------------------------------------------

(ခ) ----------------------------------------------------------------------------

(ဂ) ----------------------------------------------------------------------------

(ဃ) ----------------------------------------------------------------------------

(င) ----------------------------------------------------------------------------

၂။ အောက်ပါစာပိုဒ်အတွင်းရှိ ကွက်လပ်များတွင် ဤ၊ ထို၊ ယင်း၊ ၎င်း အညွှန်းနာမ်အထူးပြုများကို ဖြည့်ပါ။

နေ၏အပူရှိန်ကြောင့် ပတ်ဝန်းကျင်ရှိလေထုသည် ပေါ့ပါးပြီး ကောင်းကင်ပေါ်သို့ လွင့်ပျံတက်သွားခဲ့သည်။ ------လွင့်ပျံလာသော လေထုသည် ကောင်းကင်အထက်ပိုင်းသို့ရောက်လျှင် အအေးဓာတ်နှင့် ထိတွေ့ပြီး ရေစက် ရေမှုန်များအဖြစ် ပြောင်းလဲသွားလေသည်။ ------ရေစက်ရေမှုန်များ စုပေါင်းပြီးသောအခါထူထဲသိပ်သည်းသည့် မိုးတိမ်များဖြစ်လာပြန်သည်။ ------မိုးတိမ်များသည် မိုးစက်မိုးပေါက်များအဖြစ်သို့ အသွင်ပြောင်းသွားပြီးနောက် မြေပြင်သို့ကျဆင်းလာခြင်းကို မိုးရွာသည်ဟု ဆိုကြသည်။ အချို့ဒေသများတွင် ------ ရေစက်ရေမှုန်များသည် အေးခဲပြီးမိုးသီးများအဖြစ် မြေပြင်သို့ ကျလာတတ်သည်။ အရွယ်အစားကြီးသော ------မိုးသီးများသည် လူတို့အား အန္တရာယ်ဖြစ်စေသကဲ့သို့ ယာခင်း၊ စိုက်ခင်းများကိုလည်း ပျက်စီးစေသည်။ မိုးရွာမည်၊ နှင်းကျမည်စသည့် ရာသီဥတု အခြေအနေကို သိနိုင်ရန် လေထု၏သိပ်သည်းဆနှင့် အပူချိန်တို့ကိုတိုင်းတာ၍ မိုးလေဝသပညာရှင်တို့က ခန့်မှန်းနိုင်ကြပေသည်။

DBE BOX

၃။ အောက်ပါစာပိုဒ်တွင်ပါဝင်သော အမေးနာမ်အထူးပြုများကိုအသုံးပြု၍ ဝါကျ ၅ ခု ဖွဲ့ပေးပါ။



အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ်များ၌ ကျင်းပရာ တက်ရောက်လာသူများနှင့် တွေ့ဆုံမေးမြန်းစဉ် ကျောင်းသူနှစ်ဦးက အောက်ပါအတိုင်းဖြေကြားခဲ့ပါသည်။

- ◆ သမီးက သတ္တမတန်း ကျောင်းသူတစ်ယောက်ပါ။ ဆရာမက အတန်းထဲမှာ မေးခွန်းဖြေခိုင်းပါတယ်။ အာဇာနည်နေ့သည် မည်သည့်နေ့ရက် ဖြစ်သနည်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိခင်မှာ မည်သူနည်း၊ အာဇာနည်နေ့ အခမ်းအနားကျင်းပခဲ့သည့် အကြိမ်မည်မျှရှိသနည်း လို့ အတန်းထဲမှာမေးတဲ့အခါ သမီးကမှန်အောင် ပြောပြနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒီအစီအစဉ်မှာ ပါဝင်ခွင့်ရတာပါ။

- ■ ကျွန်မက တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးပါပြီ။ အရင်က အာဇာနည်နေ့ အခမ်းအနားကို ရုပ်မြင်သံကြားမှာပဲ မြင်ဖူးခဲ့တယ်။ အခုလို အခမ်းအနားတက်ရောက်ရတော့ ဘယ်လိုလူမျိုးတွေကို အာဇာနည်လို့ခေါ်သင့်သလဲ၊ သူတို့ဟာ ဘယ်လောက်ကြီးမြတ်သူတွေဖြစ်သလဲ ဆိုတာ သိလာပါပြီ။ အခုဆိုရင် ဇူလိုင် ၁၉ ရက်နေ့ကို ဘာကြောင့် အာဇာနည်နေ့လို့ သတ်မှတ်သင့်သလဲ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးကို အာဇာနည်လို့ခေါ်ဆိုထိုက်သလဲဆိုတဲ့ မေးခွန်းမျိုးကို ကျွန်မဖြေနိုင်ပါပြီ။

၄။ အောက်ပါစာပိုဒ်မှ နာမ်အထူးပြုများကိုရွေးချယ်၍ မည်သည့်အမျိုးအစားဖြစ်ကြောင်း ဖော်ပြပါ။

ရှေးဦးလူသားတွေ နှစ်ပေါင်း၂၂၀၀၀ ကတည်းက နေထိုင်ခဲ့တယ်ဆိုတဲ့ ပြဒါးလင်းဂူကို သွားဖို့အတွက် ရှမ်းပြည်နယ်ရဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတဲ့ ဒေသတစ်ခုဖြစ်တဲ့ ရွာငံမြို့နယ်ကို ကျွန်မလာခဲ့တယ်။ ရွာငံကိုရောက်တော့ အဲဒီနေရာကိုသိတဲ့သူ ရောက်ဖူးတဲ့သူက တစ်ယောက်ပဲရှိတာတဲ့။ လမ်းပြပေးနိုင်မဲ့သူကို ကံကောင်းလို့ရှာတွေ့ခဲ့တယ်။ မတ်စောက်တဲ့ တောင်တွေကိုပတ်ပြီး ဖောက်ထားတဲ့လမ်းကနေ ၄၅ မိနစ်လောက် ကားမောင်းပြီးတက်ရတယ်။ လူသားမျိုးနွယ်တွေ နေထိုင်ခဲ့တဲ့ နေရာကိုမြင်ရတော့မယ်ဆိုပြီး ကျွန်မဖြင့် သိပ်ကိုစိတ်လှုပ်ရှားမိပါတယ်။ ဟော တွေ့ရပါပြီ၊ အင်မတန်ဆန်းကြယ်တဲ့ သဘာဝ ကျောက်ဂူကြီးပါ။ ဂူအတွင်းထဲကို ကျောက်တုံးတချို့ ပြိုကျနေတဲ့ ဂူပေါက်တွေကနေ အလင်းရောင်ဖြာကျနေပါတယ်။ ဂူအတွင်းပိုင်းကကျယ်ပြန့်ပြီး လူတစ်ရာလောက်ဝင်နိုင်တယ်တဲ့။ အထဲမှာ ရေစီးသံကိုကြားနေရတယ်။ ရေချိုလား ရေငန်လားတော့မသိပါ။ သောက်ရေသုံးရေ ရနိုင်သလားလဲ မသေချာပါ။ ဘယ်လိုဂူမျိုးလဲဆိုတာ သိချင်လှပါတယ်။ ဒါပေမဲ့ ကျွန်မတို့ရောက်တဲ့အချိန်မှာ အဆိပ်ရှိတဲ့ မြွေတစ်ကောင်ကိုတွေ့လိုက်ရလို့ ဂူအတွင်းပိုင်းကို ဆက်ပြီးမဝင်ရဲဘဲ ပြန်ခဲ့ပါတယ်။ ဒီခရီးကတော့ ကျွန်မအတွက် ဗဟုသုတအများကြီးရစေမဲ့ခရီးလို့ မျှော်လင့်တဲ့အတိုင်း အကျိုးအရှိဆုံးခရီးတစ်ခုပါပဲ။

**သာဓက**–

(က) နှစ်ပေါင်း ၂၂၀၀၀


၂၂၀၀၀ = အရေအတွက်ပြ သင်္ချာနာမ်အထူးပြု

(ခ) သဘာဝကျောက်ဂူ

သဘာဝ = နောက်ဆက်မပါသောနာမ်အထူးပြု

## ၁၉၊ ၃။ ကြိယာအထူးပြု

### ၁၉၊ ၃၊ ၁။ အချိန်ပြကြိယာအထူးပြု



မိုးလေကင်းလွတ်သောရာသီသို့ **မကြာမီ**ရောက်ရှိပါတော့မည်။ **တစ်နှစ်တစ်ခါ** ကြုံရသော သီတင်းကျွတ်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ **အချိန်ပြည့်** ဆင်နွှဲကြပါတော့မည်။ **ညလုံးပေါက်**ကသော ဇာတ်ပွဲများ၊ **ငယ်စဉ်က မကြာမကြာ**ကြည့်ဖူးသောဆပ်ကပ်များ၊ **တစ်ခါမျှ** မကြည့်ဘူးသေးသော မျက်လှည့်ပွဲများသည် ရွာထိပ်ကဘောလုံးကွင်းဆီသို့ ရောက်လာပါတော့မည်။ ကျွန်မတို့တစ်အိမ်သားလုံး ပျော်ရွှင်နေကြပါသည်။ ကျွန်မတို့အမေမှာ **တစ်နေကုန်**အလုပ်ရှုပ်နေပါပြီ။ ပွဲတော်ရက်အတွင်း **တစ်ပတ်လုံးလုံး**ပွဲကြည့်ကြမည်ဖြစ်သဖြင့် ထိုရက်များတွင် **မိုးလင်းမိုးချုပ်**မအားတော့ပါ။ ထို့ကြောင့် စားသောက်စရာတို့ကို **အချိန်မီ**ပြင်ဆင်ရပါတော့သည်။ **နံနက်စောစော**ထ၍ ဈေးသွားရသည်။ ချက်စရာများဝယ်ရသည်။ **နေမမြင့်မီ**ပြန်လာပြီး **တစ်မနက်လုံး** ချက်ရကြော်ရပါသည်။ “သမီးရေ အမေ့ကိုကူပါအုံး။ မြို့က ဘကြီးတွေ ဒေါ်ကြီးတွေ **နေ့လယ်**ရောက်ကြမယ်။ **ခုလေးတင်**ဖုန်းဆက်တယ်။ **နက်ဖြန်**လာမဲ့ဧည့်သည်၊ **သန်ဘက်ခါ**လာမဲ့ ဧည့်သည်တွေလဲရှိသေးတယ်။ **တစ်ခါတလေ**လာတဲ့ ဧည့်သည်တွေကို ဧည့်ဝတ်ကျေဖို့ လိုတယ်နော်” လို့ အမေကပြောတော့ “ဟုတ်ကဲ့အမေရေ **ခု**လာပါပြီ။ ရေတွင်းကရေဆွဲနေလို့။ ရေက **နောက်**ခပ်လဲရပါတယ်။ အမေ့ကိုပဲ **လောလောဆယ်**ကူဖို့အရေးကြီးတယ်။ လာပြီအမေရေ” လို့ ပြောပြီး အမေ့ကိုကူရပါတော့သည်။ အလုပ်ပင်ပန်းနေသော်လည်း **ယနေ့**မြင်ရသော အမေ့မျက်နှာမှာ **ခါတိုင်းထက်**ပို၍ပြုံးရွှင်နေပါသည်။ ကျွန်မတို့အမေမှာ **ထာဝစဉ်** ပြုံးရွှင်နေတတ်သော အမေပင်ဖြစ်ပါသည်။

> အထက်ပါစာပိုဒ်တွင် အနက်ရောင်တင်ထားသော စကားလုံးများသည် အချိန်ပြကြိယာ အထူးပြုများ ဖြစ်သည်။

### အချိန်ပြကြိယာအထူးပြုများ

| | | | |
|---|---|---|---|
| မကြာမီ | တစ်ခါမျှ | နေမမြင့်မီ | တစ်ခါတလေ |
| တစ်နှစ်တစ်ခါ | တစ်နေကုန် | တစ်မနက်လုံး | ခု |
| အချိန်ပြည့် | တစ်ပတ်လုံးလုံး | နေ့လယ် | နောက် |
| ညလုံးပေါက် | မိုးလင်းမိုးချုပ် | ခုလေးတင် | လောလောဆယ် |
| ငယ်စဉ်က | အချိန်မီ | နက်ဖြန် | ယနေ့ |
| မကြာမကြာ | နံနက်စောစော | သန်ဘက်ခါ | ခါတိုင်းထက် |
| | | | ထာဝစဉ် |

**လေ့ကျင့်ခန်း**

၁။ အောက်ပါအချိန်ပြကြိယာအထူးပြုများကို ဆီလျော်သောဝါကျများတွင် ဖြည့်ပါ။

အရင်၊ တစ်နေကုန်၊ ခု၊ ထာဝရ၊ မိုးမချုပ်မီ၊ အစဉ်

(က) မိဘဆရာတို့၏ကျေးဇူးကို----------သတိရနေပါ။

(ခ) ----------အပြီး နောက်မမေ့ရန်လေ့ကျင့်ထားသင့်သည်။

(ဂ) နောက်မှလာသူက---------ရောက်သူကိုဦးစားပေးပါ။

(ဃ) တစ်နေ့တာအလုပ်များကို---------ပြီးအောင်လုပ်ထားရမည်။

(င) ဖုန်းကို----------သုံးလျှင်ကျန်းမာရေးထိခိုက်နိုင်သည်။

၂။ ပေးထားသောစာပိုဒ်မှ အချိန်ပြကြိယာအထူးပြု ၅ ခုနှင့် သက်ဆိုင်ရာကြိယာတို့ကို ဖော်ပြပါ။

ကလေးသည် မနက်စောစောကပင် ကိုယ်ပူနေသည်။ အုပ်ဆေးလေး ချက်ချင်းအုပ်ပြီး နွေးနွေးထွေးထွေးထားသော်လည်းမရ။ ညနေစောင်းတွင် ချောင်းဆိုးလာသည်။ မကြာမီ ရင်ပါကျပ်လာသည်။ မကြာခဏဖြစ်တတ်သည့် ကလေးသဘာဝကြောင့် ဆေးမျိုးစုံကိုအမြဲဆောင်ထားသော်လည်း တကယ်ဖြစ်လာသည့်အခါ စိုးရိမ်စိတ်ကြောင့် ဆေးခန်းသို့ အချိန်မီပြေးရမြဲဖြစ်သည်။

**သာဓက**- မနက်စောစောကပင် ကိုယ်ပူနေသည်။

မနက်စောစော - အချိန်ပြကြိယာအထူးပြု

ကိုယ်ပူနေသည် - သက်ဆိုင်ရာကြိယာ

DBE BOX

## ၁၉၊ ၃၊ ၂။ အမူအရာပြကြိယာအထူးပြု



မိဘဆရာသမား လူကြီးများရှေ့တွင်ခေါင်းကိုငုံ့ကာ **တရိုတသေ** သွားတတ်ကြသည်မှာမြန်မာ့ယဉ်ကျေးမှုဓလေ့ပင်ဖြစ်သည်။ **အလျင်အမြန်**လုပ်ရမည့်လုပ်ငန်းတစ်ခုကိုဆောင်ရွက်သည့် အခါမှာပင် လူကြီးများရှေ့တွင် **အသာအယာ** လုပ်တတ်ကြသည်။ **ကြမ်းတမ်းစွာ**လုပ်လေ့မရှိ။ စကားကိုလည်း **မဲ့ကာရွဲ့ကာ**မပြော။ **ကြည်ကြည်သာသာ**ပြောသည်။ **ပြုံးပြုံးရွှင်ရွှင်**ပြောသည်။ သိလို၍မေးသည့်အခါမှာလည်း **ယဉ်ကျေးစွာ**ပြန်ဖြေကြသည်။ **ခေါင်းခါခါလည်ခါခါ**ပြန်မဖြေကြ။ စာအုပ်မှစာရွက်ကိုလှန်ရာတွင်လည်း **တပြန်းပြန်း**မလှန်၊ တစ်ရွက်ချင်း **ဖြည်းဖြည်း**လှန်၍ဖတ်ကြရေးကြသည်။ ပရိသတ်ရှေ့တွင်ပြောရဆိုရသည့်အခါမှာတော့ ပရိသတ်ကို **တည့်တည့်**ကြည့်ကာကိုယ်ကို **မတ်မတ်**ရပ်၍ **ရဲဝံ့စွာ**ပြောဆိုတတ်ကြသည်။ **တုန်တုန်ယင်ယင်**ရပ်ကာ **ကြောက်ကြောက်ရွံ့ရွံ့**ပြောဆိုလေ့မရှိကြပေ။

> အထက်ပါစာပိုဒ်တွင် အနက်ရောင်တင်ထားသော စကားလုံးများသည် အမူအရာပြကြိယာအထူးပြုများဖြစ်သည်။

### အမူအရာပြကြိယာအထူးပြုများ

| | | |
|---|---|---|
| တရိုတသေ | ကြည်ကြည်သာသာ | ဖြည်းဖြည်း |
| အလျင်အမြန် | ပြုံးပြုံးရွှင်ရွှင် | တည့်တည့် |
| အသာအယာ | ယဉ်ကျေးစွာ | မတ်မတ် |
| ကြမ်းတမ်းစွာ | ခေါင်းခါခါလည်ခါခါ | ရဲဝံ့စွာ |
| မဲ့ကာရွဲ့ကာ | တပြန်းပြန်း | တုန်တုန်ယင်ယင် |
| | | ကြောက်ကြောက်ရွံ့ရွံ့ |

**လေ့ကျင့်ခန်း**

၁။ အောက်ပါ အမူအရာပြကြိယာအထူးပြုများကို ကွက်လပ်များတွင်ဆီလျော်အောင် ဖြည့်ပါ။

အလျင်အမြန်၊ ညီညီညာညာ၊ ဒယိမ်းဒယိုင်၊ တွန်းတွန်းတိုက်တိုက်၊ သိမ်မွေ့စွာ

(က) အသက်အရွယ်ကြီးသူများကို----------မလုပ်သင့်ပါ။

(ခ) ကျောင်းသားကျောင်းသူများသည် ကျောင်းရှေ့ရှိ နိုင်ငံတော်အလံကို---------အလေးပြုကြသည်။

(ဂ) အလုပ်ကိုပြီးစီးအောင်---------လုပ်ပြီးမှ အနားယူပါ။

(ဃ) လူကြီးများရှေ့တွင်-----------ထိုင်၍ စကားပြောကြသည်မှာ မြန်မာမိန်းကလေးတို့၏ ယဉ်ကျေးမှုဓလေ့ဖြစ်သည်။

(င) မိုးများလွန်းသဖြင့် ရွှံ့ဗွက်ထူနေသောလမ်းပေါ်တွင်----------လျှောက်ကြရသည်။

၂။ ပေးထားသောစာပိုဒ်မှ အမူအရာပြကြိယာအထူးပြု ၅ ခုနှင့် သက်ဆိုင်ရာကြိယာများကို ဖော်ပြပါ။


မိုးရေထဲတွင် ထီးမပါဘဲ တုန်ချည့်တုန်ချည့်သွားနေသော အဘွားအိုကို အပြေးအလွှားသွား၍ အမြန်ထီးမိုးပေးချင်သော်လည်း ကျွန်တော့်မှာ ထီးမပါခဲ့ပါ။ ကျွန်တော်ပင်လျှင် သစ်ပင်ကြီးတစ်ပင် အောက်တွင် ကုပ်ကုပ်ကလေးရပ်၍ မိုးခိုနေရသည်။ တစ်ရှိန်ထိုးရွာချနေသောမိုး၊ ဘယ်ညာလှုပ်ရမ်းနေသော သစ်ပင်ကြီးများ၊ တရကြမ်းပြေးလွှားပြီး မိုးခိုရာကို ရှာနေသူများနှင့် တဖြည်းဖြည်းလျှောက်လှမ်းနေသောအဘွားအိုကိုကြည့်ပြီး ကျွန်တော့်မှာသက်ပြင်းသာ အကြိမ်ကြိမ်ချနေရပါတော့သည်။

**သာဓက**– တုန်ချည့်တုန်ချည့်သွား

တုန်ချည့်တုန်ချည့် – အမူအရာပြကြိယာအထူးပြု

သွား – သက်ဆိုင်ရာကြိယာ

## ၁၉၊ ၃၊ ၃။ အခြေအနေပြကြိယာအထူးပြု



ယနေ့ကမ္ဘာကြီးရဲ့ရာသီဥတုဟာ **ရုတ်တရက်** ပြောင်းလဲဖောက်ပြန်နေတာကိုတွေ့နေရပါတယ်။ **အပူလွန်အအေးလွန်** ဖြစ်ပျက်ပြောင်းလဲနေတဲ့ ရာသီဥတုဟာ **သိပ်**စိုးရိမ်စရာ ကောင်းနေပါပြီ။ အထူးသဖြင့် မိုးရာသီရောက်ရင် ဒေသအချို့မှာ မုန်တိုင်းတွေ **တရစပ်**ဖြစ်ပေါ်မှုကြောင့် မိုးတွေ **တအုန်းအုန်း**ရွာ၊ လေပြင်းတွေ **တဝုန်းဝုန်း**တိုက်ပြီး အိမ်တွေပြိုလဲပျက်စီးကြပါတယ်။ ဒေသအချို့မှာတော့ မိုး**သည်းထန်စွာ**ရွာတဲ့အတွက်မြေတွေပြိုကာ ဆည်ရေမြစ်ရေများမှာလဲ စိုးရိမ်ရေအမှတ်ခန့် **တစ်ရှိန်ထိုး** ရောက်ရှိကျော်လွန်တတ်တာကြောင့် အိမ်တွေ**ဖြုန်းခနဲ** မျောပါသွားရပါတယ်။ ဒါကြောင့် ဒေသခံအများအပြားရဲ့ဘဝတွေ **ဖရိုဖရဲ**ဖြစ်ကာ ဒုက္ခသည်အဖြစ်သို့ **မမျှော်လင့်ဘဲ**ရောက်ကြရပါတယ်။ ရေဘေးဒုက္ခရောက်နေသူများကို ကယ်ဆယ်ရေးသမားများက **ကြိုးကြိုးစားစား** ကယ်ကြသလို စေတနာရှင်များစွာကလဲ လိုအပ်တဲ့အသုံးဆောင်ပစ္စည်းများကို လှူဒါန်းကြပါတယ်။ သဘာဝဖောက်ပြန်မှုရဲ့ဒုက္ခကို **မျက်မြင်**တွေ့ပြီး **ကိုယ်တွေ့**ကြုံမှသာ စာနာနားလည်နိုင်ကြမှာဖြစ်ပါတယ်။ ဒီအချက်ကို **စာတွေ့**သာသိရှိကာ ကိုယ်တိုင်မခံစားဘဲ သဘာဝကို ဆက်လက်ဖျက်ဆီးကြမယ်ဆိုရင်ဖြင့် ရာသီဥတုဖောက်ပြန်တဲ့အန္တရာယ်ကို **မုချ**တွေ့ကြရအုံးမှာဖြစ်ပါတယ်။

> အထက်ပါစာပိုဒ်တွင် အနက်ရောင်တင်ထားသောစကားလုံးများသည် အခြေအနေပြကြိယာ အထူးပြုများဖြစ်သည်။

DBE BOX

**အခြေအနေပြကြိယာအထူးပြုများ**

| | | |
|---|---|---|
| ရုတ်တရက် | သည်းထန်စွာ | မျက်မြင် |
| အပူလွန်အအေးလွန် | တစ်ရှိန်ထိုး | ကိုယ်တွေ့ |
| သိပ် | ဖြုန်းခနဲ | စာတွေ့ |
| တရစပ် | ဖရိုဖရဲ | မုချ |
| တအုန်းအုန်း | မမျှော်လင့်ဘဲ | |
| တဝုန်းဝုန်း | ကြိုးကြိုးစားစား | |

**လေ့ကျင့်ခန်း**

၁။ ပေးထားသောကြိယာအထူးပြုများကို ဝါကျများတွင် ဆီလျော်အောင်ဖြည့်ပါ။

ပျော်မဆုံး၊ ဟာတာတာ၊ ဆင်းချည်တက်ချည်၊ ခပ်မြန်မြန်၊ တွေးလိုက်ရေးလိုက်၊

(က) ရှဉ့်ငယ်လေးသည်သရက်ပင်ပေါ်သို့-----------ပြေးလွှားနေသည်။

(ခ) ကျောင်းပိတ်ရက်တွင် စာစီစာကုံး အိမ်စာကို-----------လုပ်နေရသည်မှာပျော်စရာကောင်းသည်။

(ဂ) ပန်းချီပြိုင်ပွဲတွင် ကျွန်မပထမရသည့်အတွက်ဘွားဘွားမှာ--------- ဖြစ်နေပါသည်။

(ဃ) အချိန်စေ့တော့မယ်ဟူသော ဆရာမ၏သတိပေးသံကြောင့် အဖြေလွှာကို ---------လက်စသတ်လိုက်ရသည်။

(င) ညီမအငယ်ဆုံးလေး အဘိုးအဘွားတို့ထံ အလည်သွားသဖြင့်တစ်အိမ်လုံး --------ဖြစ်နေကြသည်။

၂။ ပေးထားသောစာပိုဒ်မှ အခြေအနေပြကြိယာအထူးပြု ၅ ခုနှင့် သက်ဆိုင်ရာကြိယာတို့ကို ထုတ်နုတ်ပြပါ။

တက္ကသိုလ်ကျောင်းပိတ်ရက်မှာ သိပ်ချစ်ကြတဲ့သူငယ်ချင်းခြောက်ယောက်ဖြစ်တဲ့ မို့မို့၊ ခိုင်ခိုင်၊ လေးလေး၊ ညိမ်းညိမ်း၊ နီနီနဲ့သင်းသင်းတို့ဟာ အပျော်ခရီးထွက်ဖို့ တိတ်တဆိတ်တိုင်ပင်ကြတယ်။ အားလုံးက ချင်းပြည်နယ် မင်းတပ်မြို့ကို စိတ်ကြိုက်ရွေးချယ်ခဲ့ကြတယ်။ ဘာလို့လဲဆိုတော့ ချင်းပြည်နယ်ရဲ့ တောင်တန်းတွေ၊ ရှုခင်းတွေက ချင်းလူမျိုးတို့ရဲ့ဒေသကို အလှဆင်သလိုဖြစ်နေပါတယ်။ အဲဒီရှုခင်းတွေကို ကြည့်ရှုခံစားချင်တာရယ်၊ နီနီရဲရဲပွင့်နေတဲ့ တောင်ဇလပ်ပန်းတွေကို ခံစားကြည့်ရှုချင်တာရယ်ကြောင့် သိပ်ကိုသွားချင်ကြတာပါ။

**သာဓက**– တိတ်တဆိတ်တိုင်ပင်

တိတ်တဆိတ် – အခြေအနေပြကြိယာအထူးပြု

တိုင်ပင် – သက်ဆိုင်ရာကြိယာ



DBE BOX

## ၁၉၊ ၃၊ ၄။ ပမာဏပြကြိယာအထူးပြု



ဦးဆောင်သူတို့၏ စီမံခန့်ခွဲမှုစွမ်းရည်သည် **အလွန်**အရေးပါသည်။ လုပ်ငန်းတစ်ခု အောင်မြင်ရေးအတွက် **အလွန့်အလွန်**အရေးကြီးသည့်အချက်မှာ မိမိကိုယ်ကျိုးအတွက် ဆောင်ရွက်နိုင်ခြင်းထက် အများအကျိုးအတွက် စီမံဆောင်ရွက်နိုင်ခြင်းက **ပိုမို**အရာရောက်ပြီး အောင်မြင်မှုများစွာ ရနိုင်သည်။ ခေါင်းဆောင်ကောင်းဟူသည် မိမိအဖွဲ့နှင့် မိမိတာဝန်ယူရသော လုပ်ငန်း**အားလုံး**ကို **အကုန်**ဦးဆောင်နိုင်စွမ်းရှိရမည်။ အပြော၏နောက်တွင်အလုပ်ပါပြီး ထိုအလုပ်ကို **လုံးဝ**ပြီးစီးအောင် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်ကို ဆန်းစစ်နိုင်သူဖြစ်ရမည်။ အပြော**များများ**ပြောပြီး အပြောနောက် အလုပ်က **အနည်းငယ်**ပါသည့်အခါ မိမိ၏စွမ်းဆောင်ရည်သည် **အလွန်**ရယ်စရာကောင်းသည်ကို သတိပြုရမည်။ အပြောသမားဟုလည်း ထင်မြင်ခံရမည်။ တာဝန်**ကြီးကြီး**ယူထားပြီး အောင်မြင်မှု ရဖို့အတွက် **နည်းနည်းသာ**လုပ်သောကြောင့် အောင်မြင်မှုမရဘဲ ကျရှုံးသူများလည်း **များစွာ**ရှိတတ်သည်။

အထက်ပါစာပိုဒ်မှ အနက်ရောင်တင်ထားသောစကားလုံးများသည် ပမာဏပြကြိယာအထူးပြု များဖြစ်သည်။



DBE-BOX

**ပမာဏပြကြိယာအထူးပြုများ**

| | | |
|---|---|---|
| အလွန် | အကုန် | ကြီးကြီး |
| အလွန့်အလွန် | လုံးဝ | နည်းနည်းသာ |
| ပိုမို | များများ | များစွာ |
| အားလုံး | အနည်းငယ် | |

**လေ့ကျင့်ခန်း**

၁။ ပေးထားသော ကြိယာအထူးပြုစကားလုံးများကို ကွက်လပ်များတွင် ဆီလျော်အောင် ဖြည့်ပါ။

နည်းနည်း၊ များစွာ၊ များများ၊ အနည်းငယ်၊ အကုန်

(က) အများအတွက်စားစရာကို တစ်ဦးတည်း---------မစားသင့်။

(ခ) ဟင်းအိုးထဲသို့ဆား----------ထည့်ပါ။

(ဂ) ဝီရိယကို ---------အားထုတ်လေ၊ အောင်မြင်မှုများများရလေဖြစ်သည်။

(ဃ) အလုပ်ကိုများများလုပ်ပြီး စကားကို ----------ပြောပါ။

(င) အထားမခံသည့် သစ်သီးမျိုးကို ----------ဝယ်မထားသင့်ပါ။

၂။ ပေးထားသောစာပိုဒ်မှ ပမာဏပြကြိယာအထူးပြု ၅ ခုနှင့် သက်ဆိုင်ရာကြိယာတို့ကို ဖော်ပြပါ။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များသည်အလွန်အဖိုးတန်သည်။ ခေတ်ကာလအလျောက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ပထဝီဝင်အချက်အလက်များသည် အနည်းငယ်ပြောင်းလဲသော်လည်း လူသားမျိုးနွယ်တို့၏ ယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ပျက်သွားခြင်း လုံးဝမရှိစေရန် ထိန်းသိမ်းနိုင်ခဲ့ပါသည်။ ထိုသို့ထိန်းသိမ်းရမည်ကိုသိလာသည်နှင့်အမျှအတွေးအခေါ် အယူအဆများ ပိုမိုမြင့်မားလာခဲ့ပါသည်။ အလွန်အမင်းချစ်ခင်မြတ်နိုးစွာ ထိန်းသိမ်းခဲ့ခြင်းတို့ကြောင့် ယနေ့တိုင်တည်တံ့နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုများနှင့် စုဖွဲ့ပြီး နှစ်ကာလအားဖြင့် များစွာတည်တံ့ခဲ့သော နိုင်ငံဖြစ်သည်။ ထိုသို့တည်တံ့လာစေရန်အတွက် နိုင်ငံအနှံ့အပြားတွင် မြောက်မြားစွာတည်ရှိနေသည့် ယဉ်ကျေးမှုအမွေအနှစ်များအပေါ်တွင် အလေးထားဂရုပြု တန်ဖိုးထားလေ့ရှိသောကြောင့် ဖြစ်သည်။

**သာဓက–** အလွန်အဖိုးတန်သည်။

အလွန် – ပမာဏပြကြိယာအထူးပြု

အဖိုးတန်သည် – သက်ဆိုင်ရာကြိယာ

DBE BOX

## ၁၉၊ ၃၊ ၅။ အမေးကြိယာအထူးပြု



ပညာသင်ယူခြင်းသည် ကျောင်းသား၏ဉာဏ်ရည်ကိုမြင့်မားအောင် လေ့ကျင့်ခြင်းဖြစ်သည်။ မည်သည့်အတန်းအဆင့်တွင် **မည်မျှ**လေ့ကျင့်မည်၊ **မည်သို့**လေ့ကျင့်မည်၊ ဉာဏ်အရည်အသွေးနှင့် ပတ်သက်၍ **ဘယ်လောက်**ရအောင်လေ့ကျင့်မည် စသည့်လုပ်ငန်းစဉ်များကို ကြိုတင်စီစဉ်ရေးဆွဲထားရသည်။ စာမေးပွဲအောင်ရန်အတွက်သက်သက်သာ မဟုတ်ပါ။ စာမေးပွဲတွင် အမှတ်များများ၊ ဂုဏ်ထူးများများနှင့် အောင်မြင်ခြင်းသည်လည်း အဓိက မဟုတ်ပါ။ သိစရာမှတ်စရာများကို **မည်မျှ**သိမှတ်မိသည်၊ **မည်ကဲ့သို့**လေ့ကျင့်ခဲ့သည်၊ စဉ်းစားတွေးခေါ်မှုအလေ့အကျင့်များကို **အဘယ်မျှ**ရခဲ့သည်၊ **ဘယ်လို**လေ့ကျင့်ခဲ့သည်ဆိုသည်များက ပညာသင်ယူခြင်း၏ အဓိကအလုပ်ဖြစ်သည်။

အထက်ပါစာပိုဒ်မှ အနက်ရောင်တင်ထားသော စကားလုံးများသည် အမေးကြိယာအထူးပြုများ ဖြစ်သည်။

### အမေးကြိယာအထူးပြုများ

| | |
|---|---|
| မည်မျှ | မည်ကဲ့သို့ |
| မည်သို့ | အဘယ်မျှ |
| ဘယ်လောက် | ဘယ်လို |

DBE BOX

**လေ့ကျင့်ခန်း**

၁။ ပေးထားသော အမေးကြိယာအထူးပြုများကို ဆီလျော်သောဝါကျများတွင် ဖြည့်ပါ။

မည်မျှ၊ မည်သို့၊ မည်ကဲ့သို့၊ ဘယ်လို၊ ဘယ်လောက်၊ အဘယ်မျှ

(က) သင်သည် တစ်နေ့လျှင်ရေကို----------သောက်သနည်း။

(ခ) အောင်မြင်မှု ရရှိရန်---------ကြိုးစားရမည်နည်း။

(ဂ) တစ်နေ့လျှင်ဆေးကို----------သောက်ရမည်၊----------နေရမည်ကို ဆရာဝန်က ညွှန်ကြားသည်။

(ဃ) သင်သည် ကျောင်းသို့နေ့စဉ်----------သွားသနည်း။

(င) မိဘများက----------ကောင်းအောင် ဆုံးမစေကာမူ သားသမီးများကမလိုက်နာလျှင် အကျိုးမရှိနိုင်ပါ။

၂။ ပေးထားသောစာပိုဒ်မှ အမေးကြိယာအထူးပြု ၅ ခုနှင့် သက်ဆိုင်ရာကြိယာတို့ကို ဖော်ပြပါ။

ငွေကြေးကို စနစ်တကျသုံးစွဲတတ်ရန် အရေးကြီးပါသည်။ တစ်လရသောဝင်ငွေမှာ ဘယ်လောက်ရှိ၍ တစ်နေ့လျှင် မည်မျှသုံးမည်ကို ကြိုတင်တွက်ချက်၍ ပြင်ဆင်ထားသင့်သည်။ ဟင်းကို တစ်မျိုးနှစ်မျိုး၊ အစိုအခြောက်စသည်ဖြင့် ဘယ်လိုချက်စားမည်၊ အသားကို ကျန်းမာရေးနှင့် ညီညွတ်အောင် အဘယ်မျှစားမည်၊ မည်ကဲ့သို့ချက်မည်၊ အသီးအရွက်ကိုလည်း မည်သို့ချက်၍ မည်မျှ စားမည်တို့ကို စနစ်တကျချင့်ချိန်၍ စားသုံးသင့်ကြပါသည်။

**သာဓက**– မည်မျှစားမည်

မည်မျှ – အမေးကြိယာအထူးပြု

စားမည်– သက်ဆိုင်ရာကြိယာ

DBE BOX

## ကြိယာအထူးပြု ကျွမ်းကျင်မှုဆိုင်ရာလေ့ကျင့်ခန်း

၁။ ပေးထားသောကြိယာအထူးပြုများကို ကြိယာများနှင့်မှန်ကန်စွာ ယှဉ်တွဲပါ။

| (က) | (ခ) |
|---|---|
| ကမန်းကတန်း | ပွေ့ချီထားသည်။ |
| မနက်ဖြန် | သက်သာလာပြီ။ |
| ခပ်သွက်သွက် | မှားကောင်းမှားနိုင်သည်။ |
| ယုယုယယ | ရောက်လိမ့်မယ်။ |
| ဘယ်လို | လျှောက်ပါ။ |
| တော်တော်လေး | အိပ်ရာမှ ထရသည်။ |
| အနည်းငယ် | ဖြေရမှာပါလိမ့်။ |

၂။ အောက်ပါကြိယာအထူးပြု စကားလုံးများဖြင့် ဝါကျဖွဲ့ပါ။

တမေ့တမော၊ ညင်သာစွာ၊ နေဝင်ဖျိုးဖျ၊ ရာနှုန်းပြည့်၊ မည်သို့

၃။ ပေးထားသောစာပိုဒ်ရှိ အနက်ရောင်တင်ထားသော ကြိယာအထူးပြုများနေရာတွင် ၎င်းတို့နှင့် အဓိပ္ပာယ်တူအထူးပြုများဖြင့် အစားထိုးရေးသားပါ။

အချိန်မှာ ညနေခင်းဖြစ်သည်။ ကစားကွင်းထဲတွင် ကလေးများ **မြူးထူးစွာ** ကစားနေကြသည်။ သူတို့သည် ဘောလုံးနောက်သို့ **ပြေးကာလွှားကာ** လိုက်ကြသည်။ ဘောလုံးရသွားသူက **သေသေချာချာ** မထိန်းနိုင်လျှင် အလုခံရတော့သည်။ ကလေးများအားလုံးနီးပါး ဘောလုံးကို **ကောင်းစွာ** ကစားတတ်သည်။ တစ်ယောက်တလေမှာမူ ဘောလုံးနှင့်ခြေထောက် **တစ်ခါမျှ** မထိပေ။ သို့သော် သူတို့သည်လည်း ဇွဲမလျှော့။ **အနည်းငယ်**မှောင်လာသောအခါ သူတို့အိမ်မှ လိုက်ခေါ်ကြသည်ကို တွေ့ရသည်။ မိဘများသာ လိုက်မခေါ်လျှင် ကလေးများသည် **မိုးလင်းမိုးချုပ်** ကစားကြလိမ့်မည်ထင်သည်။ သူတို့**မည်မျှ** ကစားနိုင်မည်ကို စောင့်ကြည့်လိုလှသည်။

**သာဓက**– မြူးထူးစွာ = ပျော်ရွှင်စွာ



DBE BOX

## ၂၀။ ဝါကျရိုး

ဆဋ္ဌမတန်းတွင်ကတ္တားပုဒ်၊ ကြိယာပုဒ်ပါသော ဝါကျရိုးများကို လေ့လာပြီးဖြစ်သည်။ ယခုအခါ **ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်**ပါသောဝါကျရိုး၊ **ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်**ပါသော ဝါကျရိုးနှင့် **ကတ္တားပုဒ် + ကံပုဒ် + အဖြည့်ကံ + ကြိယာပုဒ်**ပါသောဝါကျရိုးတို့ကို ဆက်လက်လေ့လာသင်ကြားရမည်ဖြစ်သည်။

### ၂၀၊ ၁။ ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်

အဖြည့်ကတ္တားသည်ကတ္တား၏ ဖြစ်ပုံရှိပုံကိုပိုမိုထင်ရှားလာစေသည်။

**သာဓက** – မဟော်သဓာကား +ပညာရှိ +ဖြစ်သည်။

အမရာသည် + မိန်းမမြတ် + ဖြစ်သည်။

အထက်ပါသာဓကတွင် မဟော်သဓာသည်ကတ္တားဖြစ်၍ ဉာဏ်ပညာရှိကြောင်းကို အဖြည့်ကတ္တား ပညာရှိက ထင်ရှားစေသည်။ ထို့အတူပင် အမရာသည် ကတ္တားဖြစ်၍ မြင့်မြတ်သူဖြစ်ကြောင်းကို အဖြည့်ကတ္တား မိန်းမမြတ်က ထင်ရှားစေသည်။

**လေ့ကျင့်ခန်း**

၁။ ကတ္တားပုဒ်+ အဖြည့်ကတ္တား+ ကြိယာပုဒ်ပါသော ဝါကျ ၅ ခုဖွဲ့ပါ။

**သာဓက**– မောင်လှအေးကား ပန်းသည် ဖြစ်သည်။

(က) ------------------------------------------------------------

(ခ) ------------------------------------------------------------

(ဂ) ------------------------------------------------------------

(ဃ) ------------------------------------------------------------

(င) ------------------------------------------------------------

### ၂၀၊ ၂။ ကတ္တားပုဒ် + ကံပုဒ်+ ကြိယာပုဒ်

ကံသည်ကြိယာ၏ ပြုလုပ်ခြင်းကိုခံရပြီး ကံ၏နောက်ဆက်မှာ “ကို” ဖြစ်သည်။

**သာဓက**– ရွှေကုန်သည်က + ကူးတို့ခကို + ပေးသည်။

ဆေးဆရာသည် + လူနာကို + စောင့်ရှောက်သည်။

အထက်ပါ သာဓကတွင် ကူးတို့ခသည် ကံဖြစ်သည်။ ကို သည် ကံနောက်ဆက်ဖြစ်သည်။ သို့ဖြစ်၍ ကူးတို့ခဟူသောစကားလုံးသည် ပေးသည် ကြိယာပုဒ်၏ ကံဖြစ်ကြောင်းထင်ရှားစေသည်။



DBE BOX

ထို့အတူပင် လူနာသည်ကံဖြစ်သည်။ ကို သည် ကံနောက်ဆက်ဖြစ်သည်။ လူနာဟူသောစကားလုံးသည် စောင့်ရှောက်သည် ကြိယာပုဒ်၏ ကံဖြစ်ကြောင်း ထင်ရှားစေသည်။

**လေ့ကျင့်ခန်း**

၁။ ကတ္တားပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ်ပါသော ဝါကျ ၅ ခုဖွဲ့ပါ။

**သာဓက**– မေသော်သည် တီဗီကိုပိတ်လိုက်၏။

(က)

(ခ)

(ဂ)

(ဃ)

(င)

**၂၀၊ ၃။ ကတ္တားပုဒ် + ကံပုဒ်+ အဖြည့်ကံ + ကြိယာပုဒ်**

အဖြည့်ကံသည်ကံပုဒ်အား တစ်စုံတစ်ရာပြုလုပ်ကြောင်းကိုဖော်ပြသည်။

**သာဓက**– အနော်ရထာမင်းသည် + ကျန်စစ်သားကို + စစ်သူကြီး + ခန့်သည်။

အထက်ပါသာဓကတွင် ကတ္တားပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ်တို့အပြင် အဖြည့်ကံတစ်ခုတိုးလာသည်။ ယင်းသည်ကံပုဒ်အား တစ်စုံတစ်ရာပြုလုပ်ကြောင်းကိုထင်ရှားစေသည်။ ကျန်စစ်သားကို (ကံပုဒ်)ကို စစ်သူကြီး(အဖြည့်ကံ) က ထင်ရှားစေသည်။

**လေ့ကျင့်ခန်း**

၁။ ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံပုဒ်၊ ကြိယာပုဒ်ပါသော ဝါကျ ၅ ခုဖွဲ့ပါ။

**သာဓက**– မင်းကြီးသည်အိမ်ရှေ့မင်းသားကို အဆောင်အယောင်များ ပေးသည်။

(က) ------------------------------------------------------------------------

(ခ) ------------------------------------------------------------------------

(ဂ) ------------------------------------------------------------------------


(ဃ) ------------------------------------------------------------------------

(င) ------------------------------------------------------------------------



DBE BOX

**ဝါကျရိုး ကျွမ်းကျင်မှုဆိုင်ရာလေ့ကျင့်ခန်း**




၁။ အောက်ပါစာပိုဒ်များမှ ဝါကျရိုး ၃ ခုကိုထုတ်နုတ်ပြီး မည်သို့ဖွဲ့ထားကြောင်းရှင်းပြပါ။

(၁) ယနေ့ကား လစာထုတ်သည့်နေ့ဖြစ်သည်။ ဦးမြဝင်းသည် မန်နေဂျာတစ်ယောက်ဖြစ်သည်။ သူသည်ပွဲရုံ အလုပ်သမားများကို လုပ်ခလစာရှင်းပေးနေသည်။ စာရေးလေးမောင်မျိုးသည် သူ၏ လစာကိုသုံးပုံ ပုံသည်။ တစ်ပုံသည်လှူရန်၊ တစ်ပုံသည် စားရန်၊ တစ်ပုံမှာစုထားရန် ဖြစ်သည်။ မောင်မျိုးကား ပိုက်ဆံကို အပိုသုံးလေ့မရှိ၊ သူသည်သူတစ်ပါးကို အကူအညီ တောင်းလေ့မရှိ မိမိကိုယ်ကို အားကိုးသူသာဖြစ်သည်။ ဦးမြဝင်းသည် မောင်မျိုးကို ချီးကျူးစကား ပြောလေ့ရှိသည်။ ထို့ပြင်မောင်မျိုးကို ရာထူးတစ်ဆင့်တိုးပေးလိုကြောင်း ပိုင်ရှင်အားပြောထား သည်။ ဦးမြဝင်းသည် စိတ်ကောင်းရှိသူ၊ စာနာတတ်သူတစ်ဦးဖြစ်သည်။ သူသည် အလုပ်သမား တို့ကို အခွင့်အရေးပေးလေ့ရှိသည်။

**သာဓက**– ယနေ့ကား လစာထုတ်သည့်နေ့ ဖြစ်သည်။

ကတ္တားပုဒ် + အဖြည့်ကတ္တား + ကြိယာပုဒ်


(က)

(ခ)

(ဂ)



DREBOX



(၂) ဒေါ်ရင်မြသည်ပြက္ခဒိန်ကိုကြည့်လိုက်သည်။ ယနေ့သည် စနေနေ့ဖြစ်သည်။ ထိုနေ့သည် သူ၏မွေးနေ့ဖြစ်သည်။ ဒေါ်ရင်မြသည် စာကလေး ၆ ကောင်ကို လွှတ်သည်။ သပြေပန်း ၆ ခက်ကို ဘုရားလှူသည်။ သောက်တော်ရေ ဖန်ခွက် ၆ ခွက်ကို အသစ်လဲသည်။ ပြီးလျှင် လိုသောဆုကိုတောင်းသည်။ ထို့နောက် ဘုရားဝတ်ပြုနေလေသည်။

**သာဓက**– ဒေါ်ရင်မြသည် ပြက္ခဒိန်ကို ကြည့်လိုက်သည်။

ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်

(က) ------------------------------------------------------------

(ခ) ------------------------------------------------------------

(ဂ) ------------------------------------------------------------

၂။ အောက်ပါ ဝါကျရိုးများ၏ ဖွဲ့နည်းကိုကွက်လပ်တွင်ဖော်ပြပါ။

**သာဓက**–

ထိုတောင်ပူစာသည် လူတစ်ရပ်ခန့်သာ မြင့်၏။ (ကတ္တားပုဒ်+ အဖြည့်ကတ္တား+ ကြိယာပုဒ်)

ဤလုလင်သည် ငါ့ကို စောင့်ရှောက်၏။ (ကတ္တားပုဒ်+ ကံပုဒ်+ ကြိယာပုဒ်)

မင်းသားကား ပညာရှိအဘိုးအိုကို အမတ်ခန့်လေသည်။ (ကတ္တားပုဒ်+ ကံပုဒ်+ အဖြည့်ကံ+ ကြိယာပုဒ်)

(က) ကျွန်မက သူ့ကို သာမန်လူလို့ ထင်ခဲ့တာ။ (          )

(ခ) မလေးမေက ဆရာမတစ်ယောက် ဖြစ်သွားပြီ။ (     )

(ဂ) မမက ကျွန်တော့်ကို ဆရာဝန်လုပ်ရမယ်တဲ့။ (          )

(ဃ) သူက ငါ့ကို မုန့်ဝယ်ကျွေးလိမ့်မယ်။ (          )

(င) ဆရာမကြီးက ဈေးသည်တွေကို စကားပြောနေတာ။ (          )



DBE Box

## စကားပြေ၊ ကဗျာမှ ဝေါဟာရများ

(က)
ကကြိုး
ကတိုက်ကရိုက်
ကရုဏာ
ကဝိ
ကာလပေါက်ဈေး
ကုသိုလ်
ကဲ့ရဲ့
ကော
ကုက္ကား
ကိုက်ဖူး
ကောင်းကင်ကြိုးယာဉ်
ကန်တော့
ကိန္နရာ
ကျေနပ်
ကျေးဇူး
ကျော
ကြာသက်န်း
ကြော့ကြော့
ကျွဲသား
ကျွန်းမျော

(ခ)
ခံတပ်
ခပ်တန်းတန်း
ချီးမွမ်း
ချဉ်ပေါင်နီ
ချည်ထည်
ချုပ်ချယ်
ခြင်းပွဲ
ခြိမ့်ခြိမ့်သဲ
ခွာဒိုသဘင်ပွဲ
ခွံဖုံးထေ့

(ဂ)
ဂါထာ
ဂေဟာစနစ်

(င)
ငြူစူ
ငွေပန်းထိမ်
ငှက်တေး

(စ)
စတုဒိသာ
စာကြည့်တိုက်
စာပလွေ
စာရင်း
စုဆောင်း
စေတီ
စေ့ဆော်
စိုးရွံ့
စည်းစိမ်
စိတ်ချဉ်ပေါက်
စပ်ကူးမပ်ကူး
စိမ်းချင်

(ဆ)
ဆင်ခြင်
ဆည်
ဆန္ဒ
ဆန်း

(ဇ)
ဇိနတ္တပကာသနီကျမ်း
ဇောက်ထိုး
ဇွဲ
ဇွတ်

**(ဈ)**
ဈေးကောက်
**(ည)**
ဉာဏ်တော်
ညောင်တေး
ညစ်ညမ်း
ညဉ့်တွင်း
**(ဌ)**
ဌာပနာ
**(တ)**
တေး
တံခွန်တိုင်
တို့ခွင်
တိုးချဲ့
တင်းထိမ်
တစုတဝေး
တစ်ဆင်
တစ်ဖက်သတ်
**(ထ)**
ထူးချွန်
ထံတျာ
ထောင်ကာ
ထပ်
ထွပ်

**(ဒ)**
ဒေသန္တရ
ဒုံး
**(န)**
နေဆာပျို့
နေ့
နော်
နံရံ
နံ့သာခက်
နောင်ဗိန်နောင်
နန်းတော်
နှုတ်မင်္ဂလာ
**(ပ)**
ပရောပရည်
ပလွေကျော်
ပီလေ
ပုစွန်လုံး
ပုရပိုက်စာ
ပူဇော်
ပိုးထည်
ပင်ယံ
ပတ်ခြံရံ
ပန်တျာကျောင်း
ပန်းချီ

ပျူငှာ
**(ဖ)**
ဖားစည်
ဖန်ဖန်
ဖိန်း
ဖျော့
ဖျော်
ဖွာရရာ
**(ဗ)**
ဗိသုကာ
ဗြော
ဗြောသံ
ဗြစ်
**(ဘ)**
ဘာသန္တရ
ဘုရားနယ်မြေ
ဘေးမဲ့လွှတ်
ဘိုး၊ ဘေး၊ ဘီ၊ ဘင်
**(မ)**
မထီတထီ
မနောပွဲ
မလေစာ
မဝါ
မိုးအကာ

DBE BOX

| သတ္တမတန်း | မြန်မာစာ | ကျောင်းသုံးစာအုပ် |
|---|---|---|
| မင်းပုံ | ရောင့်ရဲ | သီတင်း |
| မောင်းချခြား | ရှင်လူပျို | သုတေသန |
| မောင်းမဲ | ရွှေစာ | သံယောဇဉ် |
| မဏ္ဍပ် | ရွှေဆိုင်း | သံသရာလည် |
| မေတ္တာပို့ | (လ) | သက်သေ |
| မယ်ဝေ့ | လူပြက် | သက်သောင့်သက်သာ |
| မျိုးချ | လဲ | သင်ဖြူး |
| မြေဆီလွှာ | လိုဘ | သင်္ကေတ |
| မြေဝိုင်း | လက်စွမ်းလက်စ | သိမ်းဆည်း |
| မြို့ရိုး | လက်ရန်း | သျှောင် |
| မြိန်မြိန်ရှက်ရှက် | လိုက်လျော | (ဟ) |
| မှဲ့စွန်းမှဲ့ပြောက် | လုံးတော်ပြည့် | ဟိုတယ် |
| မှင် | လျှစ်လျူရှု | ဟောက် |
| မှိန်း | လွမ်းစမား | (အ) |
| မျှော်စင် | (ဝ) | အကျအန |
| မှျိုင် | ဝါသနာ | အကြေးခွံ |
| (ယ) | ဝါးညှပ်ပွဲ | အကြံသစ် |
| ယဉ်ကျေးမှု | ဝိဟာ | အကြံအစည် |
| ယဉ်ကျေးမှုအမွေအနှစ် | ဝိုင်းအုံ | အစပျိုး |
| (ရ) | (သ) | အထောက်အပံ့ |
| ရေသပ္ပာယ် | သကာ | အထွတ် |
| ရိုးရာ | သဘာဝ | အဓမ္မ |
| ရက်ရော | သဘောတိမ် | အနှစ်သာရ |
| ရင်ပြင် | သမိုင်းဝင် | အပိုင်စား |

| ကျောင်းသုံးစာအုပ် | မြန်မာစာ | သတ္တမတန်း |
|---|---|---|
| အပျော်ကြမ်း | | |
| အရင်းခံ | | |
| အလကား | | |
| အလိုရမ္မက် | | |
| အလှည့်ကျ | | |
| အသေးသုံးငွေ | | |
| အသည်းကနာ | | |
| အာရုံဆင် | | |
| အားလျော့ | | |
| အားအင် | | |
| အော့ | | |
| အင်း | | |
| အင်းလေး | | |
| အစ် | | |
| **(ဥ)** | | |
| ဥစ္စာ | | |
| ဥသြမှုတ် | | |
| **(ဦး)** | | |
| ဦးရင် | | |
| **(ဣ)** | | |
| ဣန္ဒြေ | | |
| ဣန္ဒြေရ | | |

DBE BOX

## မြန်မာသဒ္ဒါမှ ဝေါဟာရများ

(က)
ကချင်လုံချည်အစိမ်း
ကစားမည့်
ကိုယ်တွေ့
ကျပ် ၂၀၀၀
ကျပ် ၅၀၀၀
ကျပ် ၂၀၀၀၀
ကျပ် ၅၀၀၀၀
ကျွန်တော်တို့၏
ကြာဆံချက်
ကြီးကြီး
ကြိုးကြိုးစားစား
ကြောက်ကြောက်ရွံ့ရွံ့
ကြည်ကြည်သာသာ
ကြမ်းတမ်းစွာ
(ခ)
ခါတိုင်းထက်
ခု
ခုလေးတင်
ခေါင်းခါခါ လည်ခါခါ
ခမ်းနားသော
ချက်စရာအသား
ချည်ထွေးခိုးသည့်
(င)
ငယ်စဉ်က
(စ)
စာတွေ့
စာလုံးပေါင်းမှားတဲ့
(ဉ)
ဉာဏ်ကြီးသော
(ည)
ညလုံးပေါက်
(တ)
တခြား
တပည့်
တပြန်းပြန်း
တရစပ်
တရိုတသေ
တဝုန်းဝုန်း
တအုန်းအုန်း
တင့်တယ်သည့်
တိုင်း
တစ်ခါတလေ
တစ်ခါမျှ
တစ်ခု
တစ်စောင်
တစ်နေကုန်
တစ်နှစ်တစ်ခါ
တစ်ပတ်လုံးလုံး
တစ်မနက်လုံး
တစ်ရှိန်ထိုး
တည့်တည့်
တုန်တုန်ယင်ယင်
(ထ)
ထာဝစဉ်
(ဒ)
ဒီအတန်းက
ဒီအတန်းရဲ့
ဒုတိယမြောက်
(န)
နေမမြင့်မီ
နေ့လယ်
နံနက်စောစော
နက်ဖြန်
နောက်
နည်းနည်းသာ

DBE BOX

| ကျောင်းသုံးစာအုပ် | မြန်မာစာ | သတ္တမတန်း |
| --- | --- | --- |
| နွားခိုးသော | မုချ | လက်ဖက်ခြောက် |
| (ပ) | မဲ့ကာရွဲ့ကာ | လက်ဖက်သုပ် |
| ပညာရှိသော | မိုးလင်းမိုးချုပ် | လည်ရွှဲခိုးသည့် |
| ပီတိဖြစ်နေသော | မည်ကဲ့သို့ | လုံးဝ |
| ပိုမို | မည်မျှ | (သ) |
| ပိုက်ဆံအိတ် | မည်သို့ | သားငယ် |
| ပတ္တမြားလက်စွပ် | မတ်မတ် | သူ့ |
| ပြုံးပြုံးရွှင်ရွှင် | မုန့်ပျားသလက် | သောက်ရေ |
| (ဖ) | များစွာ | သည်းထန်စွာ |
| ဖရိုဖရဲ | များများ | သန်ဘက်ခါ |
| ဖတ်ရမဲ့ | မျက်မြင် | သိပ် |
| ဖြည်းဖြည်း | မျက်မှန်ထူထူကြီးနှင့် | သိပ်တော်တဲ့ |
| ဖြုန်းခနဲ | မြို့ကလေး၏ | သုံးရေ |
| (ဗ) | မှတ်စုစာအုပ် | (အ) |
| ဗိုလ်ချုပ်အောင်ဆန်းဈေး | (ယ) | အကုန် |
| (ဘ) | ယနေ့ | အကောင်းဆုံးဆန်မှုန့် |
| ဘူးသီးကြော် | ယဉ်ကျေးစွာ | အခန်း ၁ |
| ဘယ်လို | (ရ) | အချိုပွဲ |
| ဘယ်လောက် | ရေနွေးကြမ်း | အချို့ |
| (မ) | ရေသန့် | အချိန်ပြည့် |
| မကြာမကြာ | ရဲဝံ့စွာ | အချိန်မီ |
| မကြာမီ | ရုတ်တရက် | အနည်းငယ် |
| မနှစ်က | (လ) | အပူလွန်အအေးလွန် |
| မမျှော်လင့်ဘဲ | လောလောဆယ် | အပေါင်း |

DBL Box

အပြေးပြိုင်ပွဲ

အဘယ်မျှ

အလုံးစုံသော

အလျင်အမြန်

အလွန်

အလွန့်အလွန်

အလှဆုံးပုလဲပုတီး

အသာအယာ

အသီးသီး

အသံထွက်မမှန်တဲ့

အရှက်ဆွမ်း

အားလုံး

အေအဆင့်နဲ့

ဤအတန်း၏

DBE BOX